# နိုင်ငံတော်၊ ပဋိညာဉ်များ နှင့် ဓမ္မဟောင်း ကျမ်းစာ သတ်မှတ် အတည်ပြုခြင်း

သင်ခန်းစာ နှစ်

ဘုရားသခင်၏ နိုင်ငံတော်

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး ဖြစ်သည်။

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗာစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ် ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

အကျယ်သဘောနှင့် အကျဉ်းသဘော ........ 2

**မပြောင်းမလဲသော ........ 3**

**တိုးတက်ဖွံ့ဖြိုးနေဆဲ ဖြစ်သော ........ 5**

ရှေးဦး ကမ္ဘာသမိုင်း ........ 11

**တည်ရာဌာန ........ 12**

ကနဦး ပြင်ဆင်မှုများ ........ 13

ကျယ်ပြန့်နေဆဲ ........ 16

**လူများ ........ 18**

ယဇ်ပုရောဟိတ်များ ........ 19

ကိုယ်စား အုပ်ချုပ်သူများ ........ 20

**တိုးတက်မှု ........ 23**

စကြာဝဠာလုံးဆိုင်ရာ သစ္စာဖောက်ဖျက်မှုကြီး ........ 24

အကျင့်ပျက် ခြစားမှုနှင့် တရားစီရင်မှု ........ 25

ရေရှည် မဟာဗျူဟာ ........ 26

ဣသရေလ လူမျိုးတော် ........ 28

**တည်ရာဌာန ........ 29**

မူလကနဦး အချက်အချာနေရာ ........ 30

တိုးချဲ့ ကျယ်ပြန့်လာခြင်း ........ 32

**လူများ ........ 33**

ဣသရေလ လူမျိုးကို ရွေးကောက်ခြင်း ........ 34

ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော် ........ 35

ယဇ်ပုရောဟိတ်များနှင့် ရှင်ဘုရင်များ ........ 36

**တိုးတက်မှု ........ 37**

ကတိတော် ........ 37

ထွက်မြောက်ခြင်းနှင့် သိမ်းပိုက်အောင်မြင်ခြင်း ........ 39





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အင်ပါယာ .......... 41

**ဓမ္မသစ် .......... 45**

**တည်ရာဌာန .......... 46**

အချက်အချာ .......... 47

တိုးချဲ့ကျယ်ပြန့်လာခြင်း .......... 50

**လူများ .......... 50**

ခရစ်တော် .......... 51

ယုံကြည်သူများ .......... 54

**တိုးတက်မှု .......... 56**

**နိဂုံး .......... 59**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သင့်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

အသေးစိတ် အချက်အလက်များ နောက်သို့ လိုက်ရင်း ဘာဆက်လုပ်ရမည်မသိ ဖြစ်နေသူကို ဖော်ပြသည့်အင်္ဂလိပ် အသုံးအနှုန်း တစ်ခု ရှိပါသည်။ ထိုလူစားမျိုးအား "သစ်ပင်တွေ မြင်လျက်ပင် တောအုပ်ကြီး ရှိမှန်းမသိ ဖြစ်နေသူ" ဟု ကျွန်ုပ်တို့ အမြဲလို ပြောဆိုတတ်ကြသည်။ ယဉ်ကျေးမှုတိုင်းလိုလိုတွင် အလားတူ အသုံးအနှုန်းများ ရှိသဖြင့် ယခုလည်း ကျွန်ုပ်တို့ ဘာကို ဆိုလိုသည်ကို နားလည်ရန် မခက်ပါ။ အပိုင်းကဏ္ဍများ အားလုံး မည်သို့ အတူတကွ အံကျ ဆက်စပ်နေသည်ကို ကျွန်ုပ်တို့ မမြင်နိုင်တော့လောက်အောင် အသေးအဖွဲ့များထဲ အလွယ်တကူ နစ်သွားတတ်ပါသည်။ သို့ဖြစ်၍ ဤသို့ ရှုပ်ထွေးပြီး နားလည်ရန်ခက်သော အခြေအနေများတွင် နောက်သို့ လှမ်းဆုတ်ပြီး ကြီးမားသော ပုံလွှာကို မြင်အောင်ကြည့်ဖို့ ကျွန်ုပ်တို့ အချင်းချင်း မကြာခဏ သတိပေးကြရသည်။

ဓမ္မဟောင်းကို ကျွန်ုပ်တို့ ချဉ်းကပ်သည့်အခါတွင် ဤအကြံဉာဏ်ကို ခေါင်းထဲ ထည့်ထားကြရသည်။ ဓမ္မဟောင်း အသေးစိတ် အချက်အလက်များသည် ရှုပ်ထွေးခက်ခဲလွန်းသဖြင့် များလှစွာသော နာမည်များ၊ နေရာများ၊ အဖြစ်အပျက်များ၊ ဓမ္မပညာဆိုင်ရာ သွန်သင်ချက်များနှင့် ကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက်များကြား ဘာလုပ်လို့ ဘာကိုင်ရန် မသိသည့် အခြေအနေထဲ အလွယ်တကူ ကျသွားနိုင်ပါသည်။ ဓမ္မဟောင်းကျမ်းထဲ ငုပ်လျှိုးနေသည့် တစ်လုံးတစ်ဝ ဖြစ်မှုသဘောကိုလည်း မျက်ခြေပြတ်သွားတတ်ပါသည်။ ဤပြဿနာကို ကျော်လွှားနိုင်ရန် အတွက် နောက်သို့ လှမ်းဆုတ်၍ ဓမ္မဟောင်း တစ်ခုလုံးကို ချိတ်ဆက်ထားသော ပုံလွှာကြီး တစ်ခုလုံးကို မြင်ဖို့ လိုပါသည်။

ကျွန်ုပ်တို့၏ *နိုင်ငံတော်၊ ပဋိညာဉ်များ နှင့် ဓမ္မဟောင်းကျမ်း သတ်မှတ် အတည်ပြုခြင်း စာစဉ်ထဲတွင်* ဤအရာသည် ဒုတိယမြောက် သင်ခန်းစာ ဖြစ်သည်။ ဤသင်ခန်းစာကို "ဘုရားသခင်၏ နိုင်ငံတော်" ဟု ခေါင်းစဉ်ပေးထားပါသည်။ ဘုရားသခင့် နိုင်ငံတော်သည် ရှေး ဣသရေလတို့၏ ယုံကြည်ခြင်းအတွက် အခြေခံ အုတ်မြစ်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်ကို လျော်ကပတ်စွာ နားလည်ခြင်းသည် ဓမ္မဟောင်းအပေါ် ကျွန်ုပ်တို့ ထားရှိနိုင်သည့် အခြုံငုံနိုင်ဆုံးနှင့် အပေါင်းစည်းဆုံး အမြင်တစ်ခုကို ပေးပါသည်။

ဓမ္မဟောင်းအဖြစ် သတ်မှတ် အတည်ပြုထားသော စာအုပ်တို့သည် တစ်ခုနှင့် တစ်ခု အလွန်ပင် ကွဲပြားခြားနားကြသည်ကို ကျမ်းစာနှင့် အကျွမ်းတဝင် ရှိသူတိုင်း သိကြသည်။ ၎င်းတို့ကို အကြောင်းအရာ အမျိုးမျိုးအတွက် စာပေရေးဟန် များစွာဖြင့် ရေးသားထားပြီး အမျိုးမျိုး အဖုံဖုံသော အချိန်ကာလနှင့် အခြေအနေများအတွင်း ဘုရားသခင့် လူတို့ လိုအပ်ချက်များသို့ ဦးတည် ကိုင်တွယ်ထားခဲ့သည်။ သို့ရာတွင် ဤကျမ်းရေး ဆရာတို့သည် အချင်းချင်း သဘောတူစွာ

ဆွဲကိုင်ထားသည့် အခြေခံ အမြင်ရှုထောင့်များမှသာ ထုတ်ဖော်ခဲ့ကြသည်။ သမိုင်း၏ ကွဲပြားသော အချိန်ကာလများအလိုက် ဘုရားသခင်သည် သူ၏ လူများနှင့် အဓိက ကျသော ပဋိညာဉ်စဉ် တစ်ခုကို ချမှတ်ပြဌာန်းခဲ့ကြောင်း ဓမ္မဟောင်း စာရေးသူအားလုံးက ယုံကြည်ခဲ့ကြသည်။ ဤပဋိညာဉ်များ အားလုံးသည် ဘုရားသခင့် နိုင်ငံတော်ကို စီမံ အုပ်ချုပ်သောအားဖြင့် နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကြက်ရန် ဟူသော တစ်ခုတည်းသော အဓိက ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန် ဒီဇိုင်းဆွဲထားသည်ဟုလည်း သူတို့ ယုံကြည်ခဲ့ကြသည်။

ဘုရားသခင့် နိုင်ငံတော်ကို ချဲ့ထွင်ဖြန့်ကျက် ရေးအတွက် တစ်လုံးတစ်ဝဖြစ်ပြီး အခြေခံကျသည့် ဣသရေလတို့၏ ဆက်ကပ်အပ်နှံမှု ဆိုင်ရာ ရှုထောင့်နယ်ပယ် လေးခုကို ဤသင်ခန်းစာက ထည့်သွင်း စဉ်းစားပါမည်။ ပထမ အားဖြင့် သမ္မာကျမ်းစာက ဘုရားသခင့် နိုင်ငံတော် သို့မဟုတ် အုပ်စိုးမှုအကြောင်း အကျယ်အားဖြင့်ရော အကျဉ်းအားဖြင့်ပါ မည်သို့ ပြောပြထားသည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ဒုတိယအားဖြင့် ရှေးဦးကမ္ဘာ့သမိုင်းအတွင်း ကမ္ဘာ့ သမိုင်းအစောပိုင်း အဆင့်များ၌ ရှိခဲ့သော ဘုရားသခင်၏ နိုင်ငံတော်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ တတိယအားဖြင့် ဣသရေလတိုင်းနိုင်ငံ၏ သမိုင်းအတွင်း ဘုရားသခင်၏ နိုင်ငံတော် မည်သို့ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ စတုတ္ထအားဖြင့် ဓမ္မဟောင်းရှိ ဘုရားသခင်၏ နိုင်ငံတော် အယူအဆသည် ဓမ္မသစ်တွင် မည်သို့ မည်ပုံ ပြီးပြည့်စုံခြင်းသို့ ရောက်လာသည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ပထမဦးစွာ အကျယ်အားဖြင့်ရော အကျဉ်းအားဖြင့်ပါ ဘုရားသခင့် အုပ်စိုးခြင်းအကြောင်း ဓမ္မဟောင်းက ပြောပြပုံကို ကြည့်ကြပါစို့။

# အကျယ်သဘောနှင့် အကျဉ်းသဘော

ဓမ္မသစ်တွင် အကြိမ်ကြိမ် ဖော်ပြထားသဖြင့် ခရစ်ယာန် အများစုက ဘုရားသခင်၏ နိုင်ငံတော်အကြောင်း ကြားဖူးနားဝ ရှိကြပြီး ဖြစ်သည်။ ရှင်မဿဲ၊ ရှင်မာကုနှင့် ရှင်လုကာ ခရစ်ဝင်ကျမ်းများထဲတွင် ဘုရားသခင့် နိုင်ငံတော် အကြောင်း ကိုးကားချက် ဖ၀ကျော်ကို တွေ့ရသည်။ ဤသင်ခန်းစာထဲတွင် ဘုရားသခင့် နိုင်ငံတော်အကြောင်း ဓမ္မသစ်၏ အလေးအနက်ပြုမှုသည် ဓမ္မဟောင်းထဲမှာ မည်သို့ မြစ်ဖျားခံထားကြောင်း ကျွန်ုပ်တို့ ကြည့်ကြပါမည်။ နိုင်ငံတော်များ၊ အင်ပါယာများ၊ ရှင်ဘုရင်များ၊ ဧကရာဇ်များသည် ရှေး ဣသရေလတို့၏ အတွေ့အကြုံများ၌ များစွာ နေရာယူခဲ့သဖြင့် သမ္မာကျမ်းရေးသူတို့ အဖို့ ဘုရားသခင့် နိုင်ငံတော်အကြောင်း ပြည့်စုံ ပြတ်သားသော ရှင်းလင်းဖော်ပြချက်မျိုး ပေးရန် လိုအပ်သည်ဟု မထင်ခဲ့ကြပေ။ သို့သော် ယနေ့ခေတ် သင်နှင့် ကျွန်ုပ်တို့အတွက်မူ ဤအချက်ကြောင့် ပြဿနာကြီး တစ်ခု ရှိလာနိုင်ပါသည်။ ဓမ္မဟောင်း ကမ္ဘာနှင့် ကျွန်ုပ်တို့ အလှမ်းကွာနေမှုကြောင့် ဓမ္မဟောင်း စာမျက်နှာတိုင်း၏ မျက်နှာပြင်အောက်တွင် တည်နေသည့် ဘုရားသခင့် နိုင်ငံတော် အကြောင်း အခြေခံ အယူအဆကို အကျဉ်းချုပ်ဖော်ပြခြင်းဖြင့် ကျွန်ုပ်တို့ အစပြုကြရပါမည်။

ဘုရားသခင့်နိုင်ငံတော်အကြောင်း ဓမ္မဟောင်းက မည်သို့ပြောပြသည်ကို အကျဉ်းချုပ်ဖော်ပြပေးသည့် ပုံစံများစွာ ရှိသော်လည်း မျက်နှာစာ နှစ်ခုကိုသာ ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ပထမ အားဖြင့် အကျယ်သဘောဆိုရလျှင် ဘုရားသခင်၏ အုပ်စိုးခြင်းသည် ပြီးပြည့်စုံပြီးသားဖြစ်၍ ရွေ့လျော့ခြင်း မရှိကြောင်း ကျွန်ုပ်တို့ တွေ့ကြရပါမည်။ ဒုတိယအားဖြင့် အကျဉ်းသဘော ဆိုရလျှင် ဘုရားသခင်၏ အုပ်စိုးခြင်းသည် မပြည့်စုံသေးဘဲ သမိုင်းတစ်လျှောက် တိုးတက်ဖွံ့ဖြိုးလာနေဆဲ ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ကြရပါမည်။ ပထမဦးစွာ ပြီးပြည့်စုံပြီး မပြောင်းမလဲသော ဘုရားသခင်၏ အုပ်စိုးမှုကို စဉ်းစားကြပါစို့။

## မပြောင်းမလဲသော

ဆာလံ ၉၃း၁-၂ တွင် ဖန်ဆင်းရှင် ဖြစ်သော ဘုရားသခင်ကို ချီးမွမ်းကြောင်း ကျွန်ုပ်တို့ တွေ့ရပါသည်။

> ထာဝရ ဘုရားသည် စိုးစံ၍ အာနုဘော်နှင့် တန်ဆာ ဆင်တော်မူ၏။ ထာဝရ ဘုရားသည် ထိုသို့ ဝတ်ဆင်၍ ခွန်အားကို ခါးပန်းစည်းတော်မူ၏။ သို့ဖြစ်၍ လောကဓာတ်သည် မလှုပ်မရှားနိုင်အောင် တည်လျက် ရှိ၏။ ကိုယ်တော်၏ ပလ္လင်သည် ရှေးဦးစွာစ၍ တည်ပါ၏။ ကိုယ်တော်သည် ရှေးကာလမှ စ၍ အစဉ်အမြဲ ဖြစ်တော်မူ၏။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသည့်အတိုင်း အရာရာကို ဘုရားသခင် ဖန်ဆင်းပြီး ထောက်မတော်မူသည့် အချက်က "ထာဝရ ဘုရားသည် စိုးစံတော်မူ၏" ဟု ဆာလံ ဆရာကြွေးကြော်စရာ ဖြစ်စေပါသည်။ ကိုယ်တော်သည် ဖန်ဆင်းထားသမျှ အရာရာပေါ်တွင် အမြင့်ဆုံးသော ဘုရင် ဖြစ်တော်မူပါသည်။ မကြာခဏဆိုသလို ဓမ္မဟောင်းသည် ဤ အခြေခံ ယုံကြည်ခြင်းကို သိမှတ်ဝန်ခံလျက် ရှိပါသည်။ ဘုရားသခင်သည် ဖန်ဆင်းတော်မူသော အရာမှန်သမျှကို စောင့်ထိန်းတော်မူသောကြောင့် ကိုယ်တော်သည် အရာရာ အထက်တွင် ပိုင်သအုပ်စိုးတော်မူသော ဘုရား ဖြစ်ပါသည်။ ဤကဲ့သို့ အကျယ်သဘော ဆိုရလျှင် သူ၏ အုပ်စိုးခြင်း သို့မဟုတ် နိုင်ငံတော်သည် စကြဝဠာတစ်ခုလုံးနှင့် ဆိုင်ပြီး ပြောင်းလဲခြင်းလည်း မရှိပါ။

ဖန်ဆင်းရှင် နှင့် စောင့်မသူ အဖြစ် တိမ်းပါး ရွေ့လျော့ခြင်း မရှိသော စကြာဝဠာလုံး ဆိုင်ရာ ဘုရားသခင့် အုပ်စိုးမှုကို ယုံကြည်ခြင်းသည် ရှေးဣသရေလတို့၏ ယုံကြည်ခြင်းနှင့် ၎င်းတို့ကို ဝန်းရံနေသော တိုင်းနိုင်ငံတို့၏ ဘာသာတရားတို့ အကြား ထင်ရှားသော ကွာဟချက်များ ဖြစ်ပါသည်။ အမျိုးမျိုး အဖုံဖုံသော နတ်ဘုရားတို့သည် စိုးပိုင်မှု အာဏာစက်အတွက် အချင်းချင်း ယှဉ်ပြိုင်ကြပြီး သူတို့၏တန်ခိုးသည်လည်း အခြေအနေပေါ်မူတည်၍ အတက်အကျ ရှိကြောင်း ပတ်ဝန်းကျင်ရှိ ကိုးကွယ်ယုံကြည်မှုများက သွန်သင်ထားခဲ့ကြသည်။ အချို့သော ကိစ္စရပ်တွင် နတ်ဘုရားများသည် နှစ်စဉ် ရာသီစက်ဝန်းအလိုက် သူတို့၏ အရိုက်အရာ အတက်အကျ ဖြစ်ပေါ်ကြောင်း ယူဆခဲ့ကြသည်။ တစ်ခြားသော ကိစ္စများတွင်မူ နတ်ဘုရားတို့သည် ၎င်းတို့ မျက်နှာသာပေးသော တိုင်းနိုင်ငံများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြုံရသည့် စစ်ပွဲ အနိုင် အရှုံး အလိုက် သူတို့၏ မိုးကောင်းကင် အုပ်စိုးမှု အဆင့်အတန်း အတက်အကျ ဖြစ်ပေါ်သည်ဟု ယုံကြည်ခဲ့ကြသည်။

သို့သော် သမ္မာကျမ်းလာ ယုံကြည်ခြင်းတွင် ထိုသို့သော အယူအဆများ မရှိပါ။ ရှေ့ဝေး ဟူသော ဣသရေလတို့၏ ဘုရားသခင် တစ်ပါးတည်းသည် အရာရာကို ဖန်ဆင်းထောက်မသူ ဖြစ်သည်။ တန်ခိုးရှိသော ဝိညာဉ် သတ္တဝါများ (ဝါ) နတ်ဘုရားဟု ဆိုကြသူများ အပါအဝင် ဖန်ဆင်းထားသမျှကို ရွေ့လျော့တိမ်းယိမ်းခြင်း မရှိ အုပ်စိုးသူ ဖြစ်သည်။ လောက ရာသီစက်ဝန်း မည်သို့ လည်ပတ်ပါစေ၊ စစ်ပွဲ အနိုင်အရှုံး မည်သို့ ရှိပါစေ၊ ဘုရားသခင်၏ ရှင်ဘုရင်အဖြစ် စိုးစံတော်မူခြင်းသည် စကြာဝဠာ တစ်ခုလုံးအပေါ် မပြောင်းမလဲ ရှိနေပါသည်။ ဤသဘောအရ ဖန်ဆင်းခြင်း အလုံးစုံသည် အစဉ်အမြဲ ကိုယ်တော်၏ နိုင်ငံတော် ဖြစ်ခဲ့ပြီးသလို ဆက်လက်၍လည်း ဖြစ်နေပါလိမ့်မည်။

> သို့ဖြစ်၍ ဘုရားသခင်သည် အရာရာအပေါ်တွင် ရှင်ဘုရင်အဖြစ် အုပ်စိုးတော်မူပါသည်။ ကမ္ဘာဦး ၁ ရှိ ဖန်ဆင်းခြင်း အခန်း၌ အရာရာသည် ကိုယ်တော်ကို မည်သို့ နာခံကြောင်း သင်တွေ့နိုင်ပါသည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို ဖန်ဆင်းခဲ့သည်ဖြစ်၍ ဆာလံ ၂၄ ကလည်း "ထာဝရ ဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကိုငှင်း၊ လောကဓာတ်နှင့် လောကသားတို့ကိုငှင်း ပိုင်တော်မူ၏" ဟု ဆိုထားသည်။ "ဘုန်းကြီးသော ရှင်ဘုရင်ကား အဘယ်သူနည်း၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရ ဘုရားပေတည်း" ကိုယ်တော်သည် အရာရာကို အုပ်စိုးသော ရှင်ဘုရင် ဖြစ်တော်မူကြောင်း သင်တွေ့နိုင်ပါသည်။ ကိုယ်တော်သည် အရာရာကို ပိုင်ဆိုင်တော်မူပြီး ထိုအချက်သည် မည်သည့်အခါမျှ ပြောင်းလဲခြင်း မရှိပါ။ ကမ္ဘာဦးကျမ်းမှ စ၍ ဗျာဒိတ်ကျမ်းတိုင်အောင် ဖန်ဆင်းခြင်းနှင့် လူသားထု တစ်ခုလုံး အတိတ်မှ ယနေ့တိုင်ဖြစ်ပျက်သမျှတိုင်းအပေါ် အုပ်စိုး ပိုင်သတော်မူကြောင်း သင်တွေ့နိုင်ပါသည်။

**ဒေါက်တာ Jonathan D. Worthington**

> ဘုရားသခင်သည် အလျင်း ပိုင်သအုပ်စိုးတော်မူပါသည်။ ထိုအချက်ကို ကယ်လဗင် အယူအဆ လက်ခံသူများသာမက အာမီးနီးယန်း အယူအဆ လက်ခံသူများကပါ ခံယူထားကြပါသည်။ ထိုအချက်သည် သမ္မာကျမ်းစာထဲ ရှင်းလင်းပြတ်သားနေသော ခံယူချက် ဖြစ်ပါသည်။ ဘုရားသခင်သည် လုံးလုံးလျားလျား ပိုင်သအုပ်စိုးတော်မူ၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလိုတော်ကို မည်သည့် အချိန်မှာမဆို လိုက်နာကြသည်။ ကျွန်ုပ်တို့၏ ရွေးချယ်မှုသည်လည်း ကိုယ်တော်၏ အလိုတော်ကို သွေဖည်လွဲချော်အောင် မလုပ်နိုင်ပါ။ ကျွန်ုပ်တို့၏ ရွေးချယ်မှုသည်လည်း ကိုယ်တော်၏

ပိုင်သအုပ်စိုးသော အလိုတော်နှင့် အညီသာ ဖြစ်နေသည်ဟု အဓိပ္ပာယ် သက်ရောက်ပါသည်။

**ဒေါက်တာ Grant R. Osborne**

ဖန်ဆင်းထားသည်များ အပေါ် ဘုရားသခင့် အုပ်စိုးခြင်းသည် ပြီးပြည့်စုံပြီး မပြောင်းလဲကြောင်း ဓမ္မဟောင်း စာရေးသူများ ယုံကြည်ထားခဲ့သည်နှင့် အမျှ ဘုရားသခင့် နိုင်ငံတော် သို့မဟုတ် အုပ်စိုးမှုသည် ပြီးပြည့်စုံခြင်း မရှိသေးဘဲ သမိုင်းကြောင်း အတွင်း တိုးတက်ဖွံ့ဖြိုးလာနေဆဲ ဖြစ်ကြောင်း အကျဉ်းသဘောဖြင့် သူတို့ ပြောဆိုခဲ့သည်များလည်း ရှိသည်။

## တိုးတက်ဖွံ့ဖြိုးနေဆဲ ဖြစ်သော

ဘုရားသခင့် နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးနေဆဲ အရာတစ်ခုအဖြစ် ကျမ်းစာက ပြောသည့်အခါ အချိန်ကာလ ဖြတ်သန်း ကုန်ဆုံးသွားသည်နှင့်အမျှ ဘုရားသခင်သည် သူ၏ ရွေ့လျော့ တိမ်းယိမ်းခြင်းမရှိသော ပိုင်သအုပ်စိုးမှုကို မည်သို့ ပြသသည် သို့မဟုတ် ထင်ရှားဖော်ပြသည် ဆိုသည့် အပေါ် စူးစိုက်ထားခြင်း ဖြစ်သည်။ ခေတ်သစ် ခရစ်ယာန် အများစုအနေဖြင့် လူသား ရှင်ဘုရင်များက သူတို့၏ တိုင်းနိုင်ငံများအပေါ် အထိန်းအကွပ်မဲ့ အမြင့်ဆုံး အခွင့်အာဏာကို ကျင့်သုံးသည့် နိုင်ငံတော်မျိုးထဲ မည်သည့်အခါကမျှ နေထိုင်ခဲ့ဖူးခြင်း မရှိပါ။ ထို့ကြောင့် ဤအာဘော်သည် သမ္မာကျမ်းစာတွင် မည်မျှ ထင်ရှား အရေးပါသည်ကို ကျွန်ုပ်တို့ မကြာခဏ မတွေ့မမြင်ဘဲ ရှိနေတတ်သည်။ ဘုရားသခင်အား သမိုင်းကြောင်းတွင်း သူ၏ စိုးစံအုပ်စိုးခြင်းကို ဖေါ်ပြသူ ရှင်ဘုရင်အဖြစ် ရည်ညွှန်းရာ၌ ဓမ္မဟောင်း စာရေးသူများသည် ယနေ့ ကျွန်ုပ်တို့ မသိလွယ်သည့် ဘုရားသခင်နှင့် လူသား ရှင်ဘုရင်များကို ပုံဖော်နေကျ အသုံးအနှုန်းများကို မကြာခဏ သုံးလေ့ ရှိခဲ့ကြသည်။ ဥပမာအားဖြင့် သူတို့သည် ဘုရားသခင်အား တော်ဝင် ပိသုကာနှင့် တည်ဆောက်သူ၊ မိမိလူတို့၏ တော်ဝင် ဖခင်ကြီး၊ ပညတ်တရား၏ အရှင်၊ ပဋိညာဉ်ဖွဲ့သူ စသည်ဖြင့် ခိုင်းနှိုင်းပြောဆိုကြသည်။ သူတို့သည် ဘုရားသခင်အား တော်ဝင် စစ်သူရဲ၊ ခင်ပွန်းယောကျ်ား နှင့် သိုးထိန်းတို့အဖြစ် ဖော်ပြခဲ့ကြသည်။

ခေတ်သစ်လူများသည် ရှင်ဘုရင်များနှင့် နိုင်ငံတော်များကို ပုဂ္ဂိုလ်ရေး မဆန်သော၊ ရှုံမုန်းဖို့ပင်ကောင်းလှသော နိုင်ငံရေး စနစ်များ အဖြစ် မကြာခဏ တွေးခေါ်တတ်ကြသည်။ သို့ရာတွင် လောကကမ္ဘာမြေကြီးသို့ သက်ဆင်းလာသော ဘုရားသခင့် သမိုင်းဝင် နိုင်ငံတော် အကြောင်း သမ္မာကျမ်းစာ၏ အာဘော်သည် ကြွယ်ဝပြီး ခမ်းနားထယ်ဝါသော ပုံရိပ်ဟုပင် ဆိုနိုင်သည်။ ၎င်းသည် အံ့ဖွယ်ကောင်းသော ဘုရားသခင်ကို ဖန်ဆင်းသမျှအပေါ် တုနှိုင်းမမီသော ပိုင်သအုပ်စိုးမှု ရှိကြောင်းနှင့် မြေကြီးပေါ်က သူ၏ နိုင်ငံတော်သည် ကျွန်ုပ်တို့အတွက် ဘုန်းနှင့်ပြည့်သော နှစ်သက်ဖွယ်အကောင်းဆုံး အရာဖြစ်ကြောင်း ဖွင့်လှစ်ဖော်ပြသည်။

ဓမ္မဟောင်းနှင့် ဓမ္မသစ်တို့ တလျှောက် ဘုရားသခင်သည် ကိုယ်တော်၏ ကောင်းကင်ပလ္လင်တော်မှနေ၍ တော်ဝင် အမိန့်ဒီကရီများကို ထုတ်ပြန်ခဲ့သည်။ သူ၏ နိုင်ငံတော်သား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူများကို ဖခင်က သူ့သားသမီးများကို ချစ်သကဲ့သို့ ဘုရားသခင် ချစ်မြတ်နိုးတော်မူသည်။ သူ၏ ကောင်းကင်တမန်နှင့် လူသား စစ်သည် ဗိုလ်ပါများကို လက်တွေ့တိုက်ပွဲဝင်စေသည်။ မိမိနှစ်သက်မြတ်နိုးရာ ဣသရေလ အပါအဝင် တိုင်းပြည်များကို တည်ထောင်ခြင်း၊ နှိမ်နင်းခြင်းများ ပြုသည့်အခါ ရှင်ဘုရင်ကဲ့သို့ ပြုမူကျင့်ဆောင်တော်မူသည်။ ဘုရားသခင့် အုပ်စိုးမှု ကို သမိုင်းကြောင်းအတွင်း ထင်ရှားပြသရခြင်း၏ ခမ်းနားကြီးကျယ်သော ပန်းတိုင်မှာ နေရာတိုင်းရှိ ဖန်ဆင်းခံအားလုံးက ဘုရားသခင်သည် ရှင်ဘုရင် ဖြစ်တော်မူကြောင်း ဝန်ခံကြစေရန် ဖြစ်သည်။ အဆုံးသတ်အားဖြင့် ဖန်ဆင်းခြင်း တစ်ခုလုံးသည် လူမျိုး တိုင်းနိုင်ငံအသီးသီးမှ ဘုရားသခင့် လူတို့အတွက် ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်မှု၊ ကောင်းမြတ်မှု၊ တရားမျှတမှု၊ အနာရောဂါငြိမ်းအေးမှုနှင့် ငြိမ်သက်မှုကို ပေးစွမ်းရာ နေရာဖြစ်ရပေလိမ့်မည်။ ထို့ပြင် ဘုရားသခင်သည် ကမ္ဘာမြေကြီးကို မြင်နိုင်သော သူ၏ ဘုန်းတော်ဖြင့် ဖြည့်ပါလိမ့်မည်။ ကိုယ်တော် မည်သူဖြစ်သည်၊ ဘာတွေ လုပ်ဆောင်ပေးခဲ့သည်တို့အတွက် ဆုံးစမဲ့ ချီးမွမ်းခြင်းကိုလည်း ခံယူတော်မူပါလိမ့်မည်။

ဤဓမ္မဟောင်း အာဘော်ကို အလွယ်တကူ မိတ်ဆက်သောနည်းမှာ "သခင်ဘုရား၏ ပဌနာတော်" အဖွင့် စကားလုံးများဆီ လှည့်ရန်ဖြစ်သည်။ မဿဲ ၆း၉-၁၀ တွင် ယေရှုက သူ့တပည့်တော်များအား ပဌနာပြုရန် နည်းကို သင်ချသည့်အခါ ဘုရားသခင်၏ တိုးတက်ဖွံ့ဖြိုးလာနေသော နိုင်ငံတော်အပေါ် ဓမ္မဟောင်း အမြင် ရှုထောင့်များကို ဤသို့ အကျဉ်းချုပ်ပေးထားခဲ့သည်။

> ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘ၊ ကိုယ်တော်၏ နိုင်ငံတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော (မဿဲ ၆း၉-၁၀)။

ယေရှုက ကျွန်ုပ်တို့အား "နိုင်ငံတော်တည်ထောင်ပါစေသော" ဟူ၍ ပဌနာပြုနည်း သင်ပေးသောအခါ ဓမ္မဟောင်း စာရေးသူတိုင်းက တွေ့မြင်ဖို့ မျှော်လင့်တောင့်တ နေခဲ့ကြသည့် အရာကို ဖော်ပြခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော် တည်ထောင်ခြင်း အကြောင်းသည် ခရစ်ယာန်တိုင်း ပြောဆိုနေကြ ထူးမခြားနားသော အကြောင်းအရာ ဖြစ်သော်လည်း ဤ ခရစ်ယာန် ယုံကြည်ခြင်းသည် ဓမ္မဟောင်းတွင် မည်သို့ မြစ်ဖျားခံသည် ဆိုသည်ကိုမူ ကျွန်ုပ်တို့ မကြာခဏ သဘောမပေါက်ဘဲ ရှိနေတတ်ကြသည်။ ထို့ကြောင့် နိုင်ငံတော် တည်ထောင်ရေး အတွက် ပဌနာပြုဖို့ ကျွန်ုပ်တို့ကို ယေရှု သွန်သင်သည့်အခါ သူဘာကို ဆိုလိုခဲ့သည်ကို စဉ်းစားရန် ကျွန်ုပ်တို့ ခေတ္တအချိန်ယူသင့်ပါသည်။

> ယေရှုက သူ့တပည့်တော်များအား ပဌနာပြုနည်း သင်ကြားပေးသည့်အခါ ဆာလံသီချင်းပေါင်းချုပ်ထဲက လက်ရွေးစဉ်စုစည်းချက်တခုလုံးကို ဆွဲထုတ်ပြီး သစ္စာရှိသော ပဌနာပြုချက် တစ်ခု၏ အခြေခံ အကြမ်းဖျင်း ဖော်ပြချက် အဆင့် ဖြစ်လာသည်ထိ အနှစ်သာရ ထုတ်ဖော်ပေးထားသည်။ သို့သော် ပဌနာသည် ဤသို့ အစပြုထားသည်။ "ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့၏ အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း

ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ပြည့်စုံပါစေသော" ယခု သတိပြုရမည်မှာ ယေရှုအတွက်ပင်လျှင် ဘုရားသခင်၏ ဖခင် ဖြစ်ခြင်းအဖြစ်တော်သည် သူ၏ စိုးပိုင်မှု အာဏာစက်ရှိခြင်းနှင့် တိုက်ရိုက် နှောင်တည်းထားသည်။ ဘုရားသခင်သည် ဖခင် သက်သက် မည်ကာမျှ မဟုတ်ပါ။ သူသည် ရှင်ဘုရင်-ဖခင် ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် သစ္စာရှိသော သားတစ်ဦးအနေဖြင့် ဖခင်ရှေ့ သင်တိုးဝင်သောအခါ သူ့နိုင်ငံတော် ကျယ်ပြန့်ဖို့ရန် သင်အလိုရှိခြင်း ဖြစ်သည်။ သူ၏ အုပ်စိုးမှုကို လူသား ဘဝ၏ မျက်နှာစာတိုင်း၌ ပါရှိနေအောင် ဆောင်ယူလာသည်ကိုလည်း သင်တွေ့လိုခြင်း ဖြစ်သည်။

**ဒေါက်တာ Scott Redd**

ရှေးဟေဗြဲ ကဗျာဖွဲ့ပုံ ဓလေ့ကို လိုက်ပြီး ယေရှုက ဘုရားသခင့် နိုင်ငံတော် တည်ထောင်ပါစေသောဟု ပဌနာပြုရန် သင်ပေးသည့်အခါ သူဘာကို ဆိုလိုကြောင်း ရှင်းပြထားခဲ့သည်။ ပထမအချက်အနေဖြင့် ယေရှုက ဘုရားသခင်ကို "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘ" ဟု ခေါ်ခြင်းသည် ဘုရားသခင်ကို တော်ဝင် ဖခင်အဖြစ်၊ ကောင်းကင်ဘုံတွင် နန်းစံတော်မူသော ရှင်ဘုရင် အဖြစ် ရည်ညွှန်းခြင်း ဖြစ်သည်။ ထို့ပြင် ယေရှုက "ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော" ဟူ၍ ဘုရားသခင့် နာမတော် သန့်ရှင်းစေပါမည့်အကြောင်း ပဌနာပြုဖို့ ကျွန်ုပ်တို့ကို သင်ပေးခဲ့သည်။ ဤအသနားခံတောင်းလျှောက်မှုအပေါ် အကျယ်ချဲ့ရင်း နိုင်ငံတော် တည်ထောင်ချိန်တွင် ဘုရားသခင့် နာမတော်သည် ရိုသေလေးမြတ်ခြင်း ရှိနေလိမ့်မည်ကို ယေရှု သိမှတ်ဝန်ခံထားခဲ့သည်။ ထို့နောက် ဘုရားသခင့် နိုင်ငံတော် တည်ထောင်ခြင်းသည် ဘာကို ဆိုလိုသည်ကို ရှင်းပြရန် သူ၏ အလိုတော် ပြည့်စုံချိန်တွင် နိုင်ငံတော် (ဝါ) ဘုရားသခင့် အုပ်စိုးခြင်းသည် ပြီးပြည့်စုံမှုသို့ ရောက်လာမည် ဆိုသည့် အချက်ကို ယေရှုက ထပ်ဖြည့်ထားပေးသည်။ သို့ရာတွင် "ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော" ဟု ဆိုထားသဖြင့် ဘုရားသခင့် အလိုတော်ကို ယေရှု ပြည့်စုံစေချင်သည့် နေရာသည် အဘယ်နေရာ ဖြစ်သည်ကို သတိပြုပါ။ ယနေ့ ခရစ်ယာန် များစွာ ယုံကြပုံနှင့် ကွဲလွဲစွာပင် သမိုင်း၏ ပန်းတိုင်သည် ဘုရားလူများအတွက် ကောင်းကင်ဘုံမှာ ဘုရားသခင်နှင့်အတူ ထာဝရ ကာလကို ဖြတ်သန်းရေး ဖြစ်ကြောင်း ယေရှု မသွန်သင်ခဲ့ပါ။ ထိုအစား ဘုရားသခင့် အလိုတော်သည် ကောင်းကင်ဘုံ ပလ္လင်တော် အခန်း၌ ပြည့်စုံပြီးသည့်အတိုင်း *မြေကြီး* ပေါ်တွင် ပြည့်စုံလာရန်သည်သာလျှင် သမိုင်း၏ ပန်းတိုင် ဖြစ်ကြောင်း ယေရှု သွန်သင်ခဲ့သည်။

ဘုရားသခင်က အရာရာကို အသစ်ပြုပြင်မည့် နေ့ရက်သည် လာဆဲ ဖြစ်သည် ဆိုသည့်အချက်မှာ ကျွန်ုပ်တို့၏ သေချာသော မျှော်လင့်ချက်ပင် ဖြစ်သည်။ ယေရှုက သူ့တပည့်တော်များကို "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘ၊ ကိုယ်တော်၏ နာမတော်သည် ရိုသေလေးမြတ်ခြင်း ရှိပါစေသော" ဟူ၍

> ပဌနာပြုဖို့  ပြောရာ၌ ယေရှုသင်ပေးသည့် အထူးသဖြင့် လုပသော စကားလုံးများထဲတွင် ထိုအချက်ကို ကျွန်ုပ်တို့ တွေ့နိုင်သည်။   နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော" ထို အရေးကြီး၊ အချက်အချာကျပြီး အခြေခံကျသော ခရစ်ယာန် အယူအဆမှာ  ကောင်းကင်ဘုံဆိုင်ရာ မှန်ကန်မှုများ မြေကြီးပေါ်တွင် မှန်ကန်လာရန် စောင့်မျှော်နေချိန်တွင် ကျွန်ုပ်တို့ ရှင်သန်နေရကြောင်း၊ ကောင်းကင်ဘုံတွင် အရာရာ ပြီးပြည့်စုံသည့် နည်းတူ ဘုရားသခင်သည် ရှိသေလေးမြတ်ခြင်းကို ခံယူတော်မူသည့်အချိန်၊ အရာရာ မှန်ကန်သွားသည့်အချိန်၊ ဖြောင့်မတ်ခြင်းနှင့် ဘုန်းတော်၊ သစ္စာနှင့် သမ္မာတရားတို့က အုပ်စိုးသည့်အချိန်၌ ကောင်းကင်ဘုံဆိုင်ရာ မှန်ကန်မှုများ မြေကြီးပေါ်တွင် မှန်ကန်လာရေးသည် ကျွန်ုပ်တို့ ခရစ်ယာန်များ၏ သေချာသော မျှော်လင့်ချက်ပင် ဖြစ်သည်။   ထို့ပြင် ဤအရာသည် ကျွန်ုပ်တို့ ထာဝရနေထိုင်ရမည့် အိမ်တော် (ဝါ) ဖန်ဆင်းခြင်းသစ်အဖြစ် မျှော်လင့်နိုင်ဖို့ ကျမ်းစာကပေးထားသော ကတိတော်လည်း ဖြစ်သည်။

**ဒေါက်တာ Jonathan T. Pennington**

ကမ္ဘာမြေကြီးသည် ကောင်းကင်ဘုံကဲ့သို့ ဖြစ်လာမည့်အကြောင်း ယေရှုမည်သို့ မျှော်လင့်ခဲ့သည်ကို ပိုမိုနားလည်ရန် ဒံယေလ ၇း၉-၁၀ကို စဉ်းစားကြည့်ပါ။  ဤနေရာတွင် ဘုရားသခင့် ကောင်းကင် ပလ္လင်တော်အခန်း၏ ဓမ္မဟောင်း စံပြုပုံတူဖော်ပြချက်ကို ကျွန်ုပ်တို့တွေ့ရသည်။

> ရာဇပလ္လင်များကို တည်ထားလျက် ရှိ၍ အသက်ကြီးသောသူ တဦးသည် ထိုင်တော်မူ၏။ အဝတ်တော်သည် မိုးပွင့်ကဲ့သို့ ဖြူ၏။ ဆံပင်တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌ မီးစက်လှည်းဘီး ရှိ၏။  မျက်နှာတော်မှ မီးရောင်ခြည် ထွက်လေ၏။ အတိုင်းမသိများစွာသောသူတို့သည် အမှုတော်ကို ဆောင်ရွက်၍ ကုဋေ အသင်္ချေမက ရှေ့တော်၌ ခစား၍ နေကြ၏ (ဒံယေလ ၇း၉-၁၀)။

ကောင်းကင်ဘုံကို ဤသို့ ပုံတူ ဖော်ပြခြင်းသည် အထူးအဆန်းတော့ မဟုတ်ပါ။  ဓမ္မဟောင်းရော ဓမ္မသစ်တွင်ပါ ဘုရားသခင့် ပလ္လင်တော်အခန်း အလားတူ ပုံဖော်ချက်များကို တွေ့နိုင်သည်။  သို့သော် ဒံယေလ၏ ရူပါရုံတွင် ကျွန်ုပ်တို့ မီးမောင်းထိုးကြည့်သင့်သည့် မျက်နှာစာ အနည်းဆုံး နှစ်ဖက် ရှိသည်။

တဖက်တွင် ဘုရားသခင်သည် မြင်နိုင်ပြီး ဘုန်းအသရေနှင့် ပြည့်ဝသော သူ့မျက်မှောက်တော်ကို သူ၏ ကောင်းကင် ပလ္လင်တော်အခန်းထဲရှိ ဖန်ဆင်းခံများ၏ ရှေ့တွင် ပြသထားသည်။  ကျမ်းစာက သွန်သင်သည့်အတိုင်း ဘုရားသခင်သည် နေရာတိုင်းကို လွှမ်းမိုးအုပ်စိုးသော ဘုရား၊ နေရာတိုင်းတွင် ရှိသောဘုရားဖြစ်သည်။  ပြင်ပအာကာသရှိ မရေမတွက်နိုင်သော နဂါးငွေ့တန်းကြီးများမှာသာမက

ကျွန်ုပ်တို့၏ သေးငယ်သော ကမ္ဘာဂြိုလ်နှင့် တကွ ကမ္ဘာပေါ် ရှိ စိမ်းစိုသော တောများ၊ ခြောက်သွေ့သော ကန္တာရများအပြင် တောရွာဇနပုဒ်နှင့် မြို့ကြီးပြကြီး ရှိသမျှတို့တွင်လည်း ကိုယ်တော် ရှိနေသည်။ သို့သော် အရာရာကို လွှမ်းမိုးအုပ်စိုးနေသော်ငြား ကိုယ်တော်တည်နေကြောင်းကို အခြေခံအားဖြင့် မျက်မြင်မတွေ့နိုင်ပါ။  သို့ဆိုသော်လည်း ဒံယေလနှင့် အခြားကျမ်းစာများစွာက ပြောပြနေသလိုပင် ဘုရားသခင်၏ မျက်မှောက်တော် ကို အထက်ကောင်းကင်ဘုံ ပလ္လင်တော်အခန်းထဲရှိ ဖန်ဆင်းခံ သတ္တဝါတိုင်းက မြင်တွေ့နိုင်ကြသည်။  ဘုရားသခင်သည် သိုးမွေးကဲ့သို့ ဖွေးဆွတ်သော ဆံတော်ရှိလျက် တောက်ပလင်းလက်သော ဝတ်ရုံကို ခြုံရုံလျက် သူ၏ ပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသည်။  သူ၏ ပလ္လင်တော်သည် မီးဖြင့် အလျှံညီးညီး ရှိသည်။ လောင်မြိုက်သောမီးသည် ပလ္လင်တော်မှနေ၍ လှိုင်ထွက်နေသည်။

ဤကောင်းကင်ဘုံ ပုံတူသည် ကောင်းကင်နှင့် မြေကြီးတို့အကြား ကွဲပြားခြားနားမှုကို ဝန်ခံသိမှတ်ထားသော ယေရှုပဌာနာပြုချက်မှ မျက်နှာစာ တစ်ခု ဖြစ်သည်။  အဟုတ်ပင် အံ့ဖွယ်ကောင်းလှသော ဖန်ဆင်းခြင်း လက်ရာတို့၌ ဘုရားသခင့် ဘုန်းတော်ကို ကျွန်ုပ်တို့ ရှုမြင်ကြရပါသည်။  သမ္မာကျမ်းစာ သမိုင်းကြောင်းတွင်လည်း ဘုရားသခင့် ဘုန်းတော်ကို မြေကြီးပေါ်မှာ ရံဖန်ရံခါ တွေ့မြင်နိုင်ခဲ့ကြသည်များ ရှိပါသည်။  သို့သော် ဘုရားသခင့် ဘုန်းတော်ကို ဤသို့ ရိပ်ကနဲ ဖြတ်ကနဲ မြင်လိုက်ရမှုတို့သည် ကောင်းကင်ဘုံ ပလ္လင်တော် အခန်းရှိ ဘုရားသခင်၏ အလွန့်အလွန် ထူးကဲလှစွာသော ခမ်းနားကျက်သရေရှိမှုနှင့် မနှိုင်းမယှဉ်သာပါ။ သို့ဖြစ်၍ နိုင်ငံတော်သည် ကောင်းကင်တွင် တည်ပြီးဖြစ်သည့်နည်းတူ မြေကြီးပေါ်မှာ တည်ထောင်လာဖို့ရန် ယေရှုက ကျွန်ုပ်တို့ကို ဆုတောင်းခိုင်းသည့်အခါ ကောင်းကင်သည် မြင်ရသော ဘုရားသခင့် ဘုန်းတော်နှင့် ပြည့်ပြီးဖြစ်သည့် နည်းတူ မြေကြီးပေါ်မှာလည်း ထူးထူးကဲကဲ ရွှန်းလက်တောက်ပပြီး မျက်စိဖြင့် မြင်နိုင်သည့် ဘုရားသခင့် ဘုန်းတော်ဖြင့် ပြည့်လာစေဖို့ရန် လုပ်ဆောင်ခိုင်းခြင်းဖြစ်သည်။  ဤသည်မှာ ခရစ်တော် ပြန်ကြွလာချိန် မြေကြီးပေါ်သို့ ဆင်းသက်လာမည့် ယေရုရှလင်မြို့သစ်၏ ဘုန်းတော်ကို ဗျာဒိတ် ၂၁း၂၃၌ တမန်တော် ယောဟန် ဖော်ပြစဉ်ခါ သူ၏ စိတ်ထဲ ရှိနေသည့် အရာပင်ဖြစ်သည်။  ယောဟန်၏ စကားလုံးများကို နားထောင်ကြည့်ကြပါစို့။

> ထိုမြို့သည် နေ၏ အရောင်၊ လ အရောင်ကို အလိုမရှိ၊ အကြောင်းမူကား ဘုရားသခင် ဘုန်းတော်သည် ထိုမြို့ကို လင်းစေ၏။ သိုးသငယ်သည်လည်း ထိုမြို့၏ ဆီမီးဖြစ်၏ (ဗျာဒိတ် ၂၁း၂၃)။

နိုင်ငံတော်သည် ကောင်းကင်တွင် တည်ပြီးဖြစ်သည့်နည်းတူ မြေကြီးပေါ်မှာ တည်ထောင်လာဖို့အရေး ဆုတောင်းရန် ယေရှုက ကျွန်ုပ်တို့ကို သွန်သင်သည့်အခါ ကမ္ဘာမြေကြီးကို ဘုရားသခင်က ဘုန်းတော်နှင့် ပြည့်သော တော်ဝင် ကျက်သရေ မင်္ဂလာဖြင့် ဖြည့်တော်မူစေဖို့ ကျွန်ုပ်တို့ တမ်းတ ပဌနာပြုသင့်ကြောင်း ယေရှု ဆိုလိုခြင်း ဖြစ်သည်။

အခြားတဘက်တွင်လည်း ဒံယေလ၏ ကောင်းကင်ဘုံဆိုင်ရာ ရူပါရုံသည် ဘုရားသခင်၏ ရွှန်းလက်တောက်ပပြီး ဘုန်းနှင့် ပြည့်သော မျက်မှောက်တော် ကို ထိုနေရာတွင် ရှိနေသော ဖန်ဆင်းခံ သတ္တဝါတို့၏ ပြုမူလှုပ်ရှားမှုများနှင့် တွဲဖက်ထားခဲ့သည်။  ဒံယေလ ၇း၁၀ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မျက်နှာတော်မှ မီးရောင်ခြည် ထွက်လေ၏။ အတိုင်းမသိများစွာသောသူတို့သည် အမှုတော်ကို ဆောင်ရွက်၍ ကုဋေ အသင်္ချေ မက ရှေ့တော်၌ ခစား၍ နေကြ၏။

ကောင်းကင်ဘုံရှိ ဘုရားသခင့် ပလ္လင်တော်ရှေ့ရှိ အတိုင်းမသိများလှစွာသော သူတို့သည် ကိုယ်တော်ကို ခစားလျက်၊ ကိုးကွယ်လျက်၊ အမိန့်တော်ကို နှိမ့်ချကျိုးနွံလျက် ရှိကြသည်။

> အမှန်စင်စစ်အားဖြင့် ကောင်းကင်ဘုံတွင် ကောင်းကင်တမန်တို့သည် ကောင်းကင် ယဇ်ပုရောဟိတ်များကဲ့သို့ တာဝန်ထမ်းဆောင်ကြသည်။ သူတို့သည် ဗိမ္မာန်တော်ထဲတွင် ဘုရားသခင်ကို နေ့ညမပြတ် အစေခံသလို နေ့ညမပြတ် ကိုးကွယ်ခြင်းကိုလည်း ပြုကြသည်။ မြေကြီးပေါ်တွင် ကျွန်ုပ်တို့ကို ကူမဖို့ရန်အတွက် ဘုရားသခင်၏ တမန်တော်များနှင့် ထောက်ကူသူများ အဖြစ် အသုံးခံကြခြင်းသည်လည်း သမ္မာကျမ်းစာတလျှောက် အလွန်ပင် ထင်သာမြင်သာ ရှိလှသည်။ သို့ရာတွင် အကြွင်းမဲ့ ထိန်းချုပ်မှုကိုမူ ဘုရားသခင် တပါးတည်းကသာ ပိုင်ဆိုင် ချုပ်ကိုင်ထားသည်။

**ဒေါက်တာ Grant R. Osborne**

> ဘုရားသခင်သည် ဖြစ်ပျက်နေသမျှ အရာရာတို့အပေါ် ပိုင်သအုပ်စိုးနေသည်။ ကိုယ်တော်သည် ဖြစ်ပျက်နေသမျှ အရာ အတော်များများကို ထောက်ခံအားပေးခြင်း၊ အတည်ပြုခြင်း မရှိသော်လည်း အနည်းဆုံးအားဖြင့် ဖြစ်ပေါ်ခွင့်ကို ပေးနေပါသည်။ မည်သို့ပင်ဆိုစေ ဘုရားသခင့် ကျင့်ဝတ်ဆိုင်ရာအလိုတော်ကို လူတို့ နာခံလာသော တနေ့တွင် နိုင်ငံတော်ကို ကျွန်ုပ်တို့ တွေ့ကြုံခံစားကြရန် ရှိပါသည်။ ပညတ်တော်ကို သူတို့၏ နှလုံးသားများအပေါ်တွင် ရေးထိုးထားကြမည် ဖြစ်၍ ထိုအရာကို သူတို့ လိုလိုလားလား လုပ်ဆောင်ကြပါလိမ့်မည်။

**ဒေါက်တာ Robert B. Chisholm, Jr.**

ထို့ကြောင့်ပင် ထိုအချိန်နေ့ရက်ကို တမန်တော် ရှင်ပေါလုက ဖိလိပ္ပိ ၂း၁၀-၁၁ ၌ ရှုမျှော်ထားခဲ့သည်။

> အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်တွင် ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ နှုတ်နှင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း (ဖိလိပ္ပိ ၂း၁၀-၁၁)။

သခင်ဘုရား၏ ပဌာနာတော် အဖွင့် စာကြောင်းများတွင် ယေရှုသည် ဘုရားသခင့်နိုင်ငံတော်အား မြေကြီးပေါ်မှာ သမိုင်းအတွင်း တိုးတက်ဖွံ့ဖြိုး ဖြစ်ထွန်းလာနေသော အစစ်အမှန်တရား အဖြစ် အကျဉ်းချုပ်ဖော်ပြထားခဲ့သည်။ သမိုင်းတလျှောက် ဘုရားသခင်၏ သစ္စာခံ ပရောဖက်များအားလုံး နည်းတူ ဘုရားသခင့် သားတော်သည်လည်း ဘုရားသခင်၏ ရွေ့လျော့တိမ်းယိမ်းခြင်း မရှိသည့် စကြဝဠာဆိုင်ရာ ရှင်ဘုရင်အဖြစ် အုပ်စိုးမှု အဖြစ်တော်ကို မြေကြီးပေါ်မှာ အပြည့်အဝ ထင်ရှားပြသမည့်နေ့အား တောင့်တမျှော်လင့်ခဲ့သည်။ ထိုနေ့ရက်တွင် ဘုရားသခင်၏ ဘုန်းတော်သည် မြေကြီးကို ဖြည့်ပါလိမ့်မည်။ သတ္တဝါတိုင်းသည်လည်း ကောင်းကင်တွင် နာခံသည့် နည်းတူ ကိုယ်တော်၏ ပညတ်များကို မြေကြီးပေါ်မှာ အပြည့်အဝ နာခံကြပါလိမ့်မည်။ ဤ သမိုင်းကြောင်းဆိုင်ရာ ရူပါရုံသည် ဓမ္မဟောင်း၊ ဓမ္မသစ် သွန်သင်ချက် အားလုံးကို အားပေးထောက်ကူထားသည်။

ယခုတွင် အကျယ်သဘောနှင့်ရော အကျဉ်းသဘောနှင့်ပါ ကျမ်းစာက ဘုရားသခင်၏ နိုင်ငံတော် အကြောင်း မည်သို့ ပြောဆိုထားသည်ကို ကျွန်ုပ်တို့ ခွဲခြားသိရှိပြီးဖြစ်၍ သမိုင်းကြောင်းအတွင်း မြေကြီးပေါ်မှာ ဘုရားသခင့် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးလာမှုအပေါ် ကျမ်းစာက မည်သို့ ပုံဖော်ထားသည် ဆိုသည်ကို စူးစမ်းဖော်ထုတ်နိုင်သည့် အခြေအနေ၌လည်း ကျွန်ုပ်တို့ ရှိနေပြီ ဖြစ်ပါသည်။ ကမ္ဘာဦး ၁း၁-၁၁း၉ တွင် ဖော်ပြထားသည့် အဖြစ်အပျက်များကို လွှမ်းခြုံထားသော "ရှေးဦးကမ္ဘာ့သမိုင်း" ဟု ခေါ် မြဲရှိသည့် အချိန်ကာလဖြင့် ကျွန်ုပ်တို့ အစပြုကြပါမည်။

# ရှေးဦး ကမ္ဘာ့သမိုင်း

ကမ္ဘာဦးကျမ်းလာ ရှေးဦး ကမ္ဘာ့သမိုင်းကို ယနေ့ခေတ်ဝေဖန်ဂေလိ ယုံကြည်သူများ ဖတ်ရှုသည့်အခါ ကျွန်ုပ်တို့၏ စိတ်ထဲတွင် ကမ္ဘာကြီး၏ သက်တမ်း၊ လူ့အသက်၏ အစနှင့် တကွ အခြားသော ခေတ်ပြိုင် သိပ္ပံ ဆိုင်ရာ အကြောင်း ကိစ္စတို့နှင့် စပ်လျဉ်း၍ ထိုကျမ်းက ဘာပြောထားသနည်း ဆိုသည်တို့ဖြင့် ကြိုတင် ပြည့်ပြီး ဖြစ်နေတတ်ကြသည်။ ဤအကြောင်းအရာတို့သည် အရေးကြီးပါသည်။ သို့သော် ထိုအရာတို့က ဘုရားသခင်၏ နိုင်ငံတော်သည် မြေကြီးပေါ်မှာ မည်သို့ တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီး ၎င်း၏ ရှေးဦးအဆင့်များကို ဤအခန်းများအားဖြင့် ရှေးဣသရေလတို့ထံ မည်သို့ ကနဦး မိတ်ဆက်ခဲ့သည် ဆိုသည်မှ ဝေးရာသို့ ကျွန်ုပ်တို့၏ အာရုံကို အလွယ်တကူ လမ်းလွှဲပစ်လိုက်နိုင်ပါသည်။ ကျွန်ုပ်တို့ မကြာမီ တွေ့ရမှာဖြစ်သည့် အတိုင်း ထိုအချိန်က စိုးပိုင်သော ရှင်ဘုရင်အဖြစ် ဘုရားသခင် မည်သို့ ပြုမူခဲ့သည် ဆိုသည့်အပေါ်၊ ကမ္ဘာမြေကြီးသည် ကောင်းကင်ဘုံမှနေ၍ ကိုယ်တော်၏ စိုးပိုင်မှု အာဏာစက်ကို တိုးချဲ့ဆန့်ထုတ်ရာ နေရာ ဖြစ်လာရန် အလို့ငှာ မြင်နိုင်သော ကမ္ဘာကြီးကို ဖန်ဆင်းခြင်း၊ အစီအစဉ်ချမှတ်ခြင်း၊ လူနှင့် ဖြည့်ဆည်းခြင်းတို့ကို ပြုရန် အတွက် ကိုယ်တော်သည် သူ၏ မင်းအာဏာစက်အား မည်သို့ အသုံးပြုခဲ့ထားသည် ဆိုသည့်အပေါ် ရှေးဦးကမ္ဘာ့သမိုင်းက အလေးထားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကမ္ဘာဦး အခန်းကြီး ၁ မှ ၁၁ အထိ ကျွန်ုပ်တို့ တွေ့ရသော သမိုင်းကြောင်းကို ရှေးဦးကမ္ဘာ့သမိုင်းက လွှမ်းခြုံထားသည်။ ၎င်းသည် အာဖြဟံ မတိုင်မီ သမိုင်းကြောင်းလည်း ဖြစ်သည်။ သို့ဖြစ်၍ ၎င်းသည် ကမ္ဘာ့မူလအစကို ကမ္ဘာဦး အခန်းကြီး ၁ တွင် ကျွန်ုပ်တို့တွေ့ရသည့်သလိုမျိုး ခြုံငုံထားသည်။ ၎င်းသည် ဤကမ္ဘာကြီးပေါ်တွင် လူသားမျိုးနွယ် မည်သို့အစပြု ပေါ်ပေါက်လာခဲ့သည် ဆိုသည့် လူသားမျိုးနွယ်၏ ဖန်ဆင်းခြင်း အကြောင်းကိုလည်း ငုံမိထားသည်။ ဥပုဒ်နေ့ အကြောင်းသာမက လက်ထပ်ထိမ်းမြားခြင်း အကြောင်း၊ လက်ထပ်ထိမ်းမြားခြင်း တည်ထောင်ပြဋ္ဌာန်းလာမှုနှင့် တကွ အာဖြဟံ မတိုင်မီကာလ ဘုရားသခင်နှင့် သူ့လူများ ပတ်သက် ဆက်ဆံမှု အကြောင်းများကိုလည်း ၎င်းက ခြုံငုံမိထားသည်။
>
> **ဒေါက်တာ Daniel Simango**

ရှေးဦးကမ္ဘာ့သမိုင်းက တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံတော် (ဝါ) ဘုရားသခင့်အုပ်စိုးမှုအား ကမ္ဘာ့သမိုင်းကြောင်းထဲ မည်သို့ မိတ်ဆက် ပေးထားသည် ဆိုသည့်အပေါ် အကြောင်းအရာ သုံးရပ်ကို အတိုချုံး ဖော်ပြခြင်းဖြင့် ကျွန်ုပ်တို့ရှာဖွေ ဖော်ထုတ်ကြပါမည်။ ဦးဆုံးအားဖြင့် ကမ္ဘာမြေကြီးအား ဘုရားသခင့် နိုင်ငံတော် တည်ရာဌာန အဖြစ် ဤသမ္မာကျမ်းပိုင်းတွင် မည်သို့ ဖော်ပြထားသည်၊ ဒုတိယအားဖြင့် ဘုရားသခင့် နိုင်ငံတော်ဆိုင်ရာ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်မည့် လူတို့အား မည်သို့ ဖော်ထုတ်တင်ပြထားသည်၊ တတိယအားဖြင့် ဤကာလ အပိုင်းအခြားတလျှောက် ဘုရားသခင့် နိုင်ငံတော်၏ အစောပိုင်း တိုးတက်လာမှုကို မည်သို့ ပုံဖော်ထားသည် စသည့် အကြောင်းအရာ သုံးရပ်ဖြစ်ကြသည်။ ဦးစွာ ဘုရားသခင့် နိုင်ငံတော် တည်ရာဌာနအဖြစ် ကမ္ဘာမြေကြီးကို ကြည့်ကြပါစို့။

# တည်ရာဌာန

ကမ္ဘာဦးကျမ်း၏ အဖွင့်အခန်းကြီးများက ဘုရားသခင့် တော်ဝင် အုပ်စိုးမှု တည်ရာဌာန အဖြစ် ကမ္ဘာကို ဖန်ဆင်းခဲ့ကြောင်း ပုံစံအမျိုးမျိုးဖြင့် ဖွင့်လှစ် ဖော်ပြကြသော်လည်း နှစ်ခုမျှလောက်ကိုသာ ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ ပထမဦးစွာ ကမ္ဘာမြေကြီးအတွက် ဘုရားသခင် ထားတော်မူသော တော်ဝင် ရည်ရွယ်ချက်များသည် ဖန်ဆင်းခြင်းအတွက် သူ၏ ကနဦး ပြင်ဆင်မှုများ၌ မည်သို့ ထင်ဟပ်နေခဲ့ကြောင်း ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ဒုတိယအားဖြင့် မြေကြီးပေါ်တွင် ဖြန့်ကျက်နေဆဲ သူ့နိုင်ငံတော်အတွက် ဘုရားသခင် မည်သို့ အခြေအနေ ဖွင့်ပေးခဲ့သည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ သူ၏ ဖန်ဆင်းခြင်းဆိုင်ရာ ခံ့ညားထယ်ဝါသော တော်ဝင် ဒီဇိုင်းအတွက် ဘုရားသခင်၏ ကနဦး ပြင်ဆင်မှုများကို ကြည့်ခြင်းဖြင့် အစပြုကြပါစို့။

## ကနဦး ပြင်ဆင်မှုများ

မြေကြီးပေါ်က သူ့နိုင်ငံတော်အတွက် ဘုရားသခင့် ကနဦး ပြင်ဆင်မှုများအကြောင်း ရှေးဦးကမ္ဘာသမိုင်းက ပြောပြထားသည်ကို ကိုင်မိရန် ခေတ်သစ်မေးခွန်းများအား ကျွန်ုပ်တို့ ခဏ ဘေးချိတ်ထားကြရပါမည်။ ဦးစွာ ရှေးဣသရေလတို့အနေဖြင့် ကမ္ဘာဦး ၁း၁-၂း၃ ပါ အဖြစ်အပျက်ကို မည်သို့ နားလည်ခဲ့ကြောင်း ကျွန်ုပ်တို့ မေးခွန်းထုတ်ဖို့ လိုပါသည်။ ရှေးခေတ် ကမ္ဘာ တလွှား၌ နတ်ဘုရားများကိုရော လူသား ရှင်ဘုရင်များကိုပါ ကြီးကျယ်သော ပိသုကာများ၊ တည်ထောင်သူများ အဖြစ်ဖြင့် အမြဲလို လေးစားဂုဏ်ပြုခဲ့ကြသည်ကို သိထားခြင်းသည် အထောက်အကူဖြစ်စေပါသည်။ ထိုသဘောအရ ဖန်ဆင်းခြင်း အဖြစ်အပျက်က ဘုရားသခင်အား ဖန်ဆင်းခြင်းရှိသမျှကို သူ၏ ထုထည်ကြီးမားလှသော ရာဇ နန်းတော်ကြီး အဖြစ် ဒီဇိုင်းဆွဲထားသည့် စစ်မှန်သော ရာဇ ပိသုကာနှင့် တည်ဆောက်သူ အဖြစ် တင်ဆက်ထားကြောင်း အနက်ပြန်သူ အများစုက ပြဆိုကြသည်။ ဖန်ဆင်းခြင်း ဖြစ်စဉ်က "(ဤအရာ သို့မဟုတ် ထိုအရာ) ဖြစ်စေ" ဟု ဆိုကာ ဘုရားသခင်ကို ညွှန်းသည့်အခါတိုင်း ဘုရားသခင်သည် သူ၏ ကောင်းကင်ဘုံ ပလ္လင်တော်မှ နေ၍ မင်းအမိန့် ပြန်တမ်းများအားဖြင့် ဖန်ဆင်းခြင်း တည်ဆောက်မှုခွင်ကို လမ်းညွှန်နေသည့်နှယ် ဘုရားသခင်ကို ပုံဖော်ခြင်း ဖြစ်သည်။ အလားတူပင် အခြားသော ရှေးစာပေများရှိ တူညီ ဖြစ်စဉ်များကလည်း သတ္တမမြောက်နေ့၌ ဘုရားသခင့် ငြိမ်ဝပ်ခြင်းသည် ဖန်ဆင်းခြင်းအပေါ် သူ၏ မင်း အခွင့်အာဏာနှင့် တန်ခိုးကို အောင်အောင်မြင်မြင် သုံးခဲ့ပြီးသည့်နောက် လေးမြတ်ဂုဏ်ပြုခြင်းကို ခံတော်မူရန် သူ၏ ပလ္လင်တော်ပေါ်တွင် ငြိမ်ဝပ်စွာနေသော ဘုရားသခင် အဖြစ် ပုံဖော်ထားကြောင်း ပြညွှန်နေကြသည်။ ဤပုံစံများသာမက အခြားသော ပုံစံများဖြင့်လည်း ကမ္ဘာဦးကျမ်း၏ အဖွင့်ပိုင်းက ရှေးဣသရေလတို့အား သူတို့၏ ကောင်းကင် ပိသုကာလည်းဖြစ်၊ တည်ဆောက်သူလည်း ဖြစ်သည့် ဘုရားသခင်သည် ဦးဆုံးအားဖြင့် ကောင်းကင်ဘုံမှ သူ၏ ရာဇတန်ခိုးကို မြင်နိုင်သော လောကမ္ဘာထဲသို့ မည်သို့ တိုးချဲ့ခဲ့ကြောင်း သွန်သင်ထားခဲ့သည်။

ဖန်ဆင်းခြင်း ဖြစ်စဉ်သည် ကမ္ဘာဦး ၁း၁ တွင် ဤသို့သော ရင်းနှီးပြီးသား စကားလုံးများဖြင့် အစပြုထားသည်။

> အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏ (ကမ္ဘာ ၁း၁)။

ဤအဖွင့် စကားလုံးများက ဘုရားသခင်သည် နယ်ပယ်နှစ်ခု သို့မဟုတ် အထပ်အဆင့် နှစ်ခု (ဝါ) အထက်ကောင်းကင်ဘုံနှင့် မြင်နိုင်သည့် အောက်အရပ် မြေကြီးတို့ကို ဖန်ဆင်းခဲ့သည် ဆိုသည့် အချက်အား ချမှတ်ပေးသည်။ ကမ္ဘာဦး ၁း၂-၂း၃ အရ ဘုရားသခင်သည် ကမ္ဘာမြေကြီးအား သူ၏ ဘုန်းနှင့် ပြည့်ဝသော အုပ်စိုးမှုကို ကောင်းကင်ဘုံမှ မြေကြီးပေါ်သို့ တိုးချဲ့ ဆန့်ထုတ်ရာ နေရာဌာန အဖြစ် အစပြုဆောက်လုပ်ခဲ့သည်။ ကနဦး ဖရိုဖရဲ ဖြစ်နေသော ကမ္ဘာနှင့် အစပြုရင်း ကမ္ဘာဦးကျမ်း၏ ဤအပိုင်းကို ကျွန်ုပ်တို့ သုံးကဏ္ဍ ခွဲခြားနိုင်ပါသည်။ ကမ္ဘာမြေကြီးအကြောင်း ကမ္ဘာ ၁း၂ က ဖော်ပြနေပုံကို နားထောင်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မြေကြီးသည် အဆင်းသဏ္ဍာန် မရှိ။ လွတ်လပ်လဟာ ဖြစ်၏။ နက်နဲရာ အရပ်ကို မှောင်မိုက် ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏ (ကမ္ဘာ ၁း၂)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသလိုပင် ပထမ၌ မြေကြီး (ဝါ) ကောင်းကင်အောက်ရှိ ဖန်ဆင်းခြင်းသည် "အဆင်းသဏ္ဍာန် မရှိ၊ လွတ်လပ်လဟာ" ဖြစ်ခဲ့ပြီး မှောင်မိုက်နှင့် နက်နဲရာ အရပ်တို့ဖြင့်လည်း ဖုံးလွှမ်းနေခဲ့သည်။

ဤအချက်၌ မြေကြီး၏ အခြေအနေသည် ဘုရားသခင်၏ ဘုန်းနှင့် ပြည့်ဝသော ကောင်းကင်ဘုံ ပလ္လင်တော် အခန်းနှင့် အထင်အရှား ဆန့်ကျင်နေခဲ့သည်။ ကျွန်ုပ်တို့ ယခုပင်တွေ့ခဲ့ကြပြီးဖြစ်သလို ကောင်းကင်ဘုံသည် ကျမ်းစာ တလျှောက် ထူထပ်သိပ်သည်းသော ဘုရားသခင့် ဘုန်းတော်နှင့် ပြည့်နေသော်ငြား မြေကြီးမှာမူ ထိုအချိန်က ယင်းသို့ မဟုတ်ခဲ့သေးပေ။ ဤနေရာတွင် ဟေဗြဲ ဝေါဟာရ အနက်ပြန်ချက် ဖြစ်သည့် "အဆင်းသဏ္ဍာန် မရှိ" နှင့် "လွတ်လပ်လဟာ" တို့ကို ဓမ္မဟောင်း အခြား နေရာများ၌ အသုံးပြုသည့်အခါ ကမ္ဘာမြေကြီးပေါ် ရှိ အဓိကအားဖြင့် လူသူ အခြေချနေထိုင်၍ မရသော တောရိုင်းနှင့် ကန္တာရလို နေရာများကို ရည်ညွှန်းသည်။  "မှောင်မိုက်" နှင့် "နက်နဲရာ" ဟူသော ဝေါဟာရများသည် ကျမ်းစာတလျှောက် အလွန်ပင် အန္တတ်သဘော ဆောင်သော ဂယက်အနက်များကို ပေးနေသည်။

သို့သော် ကမ္ဘာ ၁း၂ ကမူ မြေကြီးသမိုင်း၏ အဖွင့်နှင့် စပ်လျဉ်း၍ နောက်ထပ် မသိမဖြစ်သော အချက်တစ်ခုကို ပြောပြသည်။ ၎င်းက "ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏" မြေကြီးကို ၎င်း၏ ကနဦး ဖရိုဖရဲ အခြေအနေအတိုင်း ထားခြင်းသည် အလင်းနှင့် အသက်ကို ဖန်ဆင်းသော ဘုရားသခင်အတွက် ကျေနပ်နှစ်သိမ့်စရာ မဖြစ်ခဲ့ပါ။  သူ၏ ဝိညာဉ်တော်သည် မှောင်မိုက်ပြီး သက်ရှိကင်းမဲ့သော ကမ္ဘာ အပေါ်တွင် လှုပ်ရှားစပြုခဲ့သည်။

ကမ္ဘာဦး အခန်းကြီး ၁ ရှိ ဖန်ဆင်းခြင်း ဖြစ်စဉ်၏ ဒုတိယမြောက် ပဓာန ကဏ္ဍသည် အခန်းငယ် ၃-၃၁ တွင် ပါရှိသည့်အတိုင်း မြေကမ္ဘာအား ခမ်းနားထယ်ဝါသည့် ဗိမ္မာန် ဖြစ်လာအောင် ခြောက်ရက်ကြာသည့်တိုင် ဘုရားသခင် အမိန့်ပေးနေခဲ့ခြင်း ဖြစ်သည်။  ဘုရားသခင်၏ အနှိုင်းမရှိ ပိသုကာဉာဏ်တော်နှင့် တန်ခိုးတော်ကို ပြကြောင်း သိသာထင်ရှားသည့် ပုံစံကို ဤခြောက်ရက်တာကာလက ထုတ်ဖော် ပြသသည်။

ပထမ သုံးရက်တွင် မြေကြီးသည် အဆင်းသဏ္ဍာန် မရှိဆိုသည့် အချက်ကို ဘုရားသခင် ဖြေရှင်းလုပ်ဆောင်သည်။  ဒုတိယ သုံးရက်တွင် မြေကြီးသည် လွတ်လပ်လဟာ ဖြစ်၏ ဆိုသည့်အချက်ကို ကိုယ်တော် ဖြေရှင်းလုပ်ဆောင်သည်။   သုံးရက်တွဲ နှစ်စုံအတွင်း ဘုရားသခင့် ပြုမူဆောင်ရွက်ချက်များသည် ထူးခြားလေးနက်သောပုံစံများဖြင့် တစ်ခုနှင့် တစ်ခု တူညီနေကြသည်။ ပထမ နေ့တွင် ဘုရားသခင်သည် နေ့ကို ဖန်ဆင်းပြီး မှောင်မိုက်ကို ညအတွက် ကန့်သတ်ထားခဲ့သည်။ အလားတူ လိုက်လျောညီထွေစွာပင် စတုတ္ထနေ့တွင် ဤအစီအစဉ်ကို ထိမ်းသိမ်းရန် ကိုယ်တော်သည် နေ၊ လ နှင့် ကြယ်များကို မိုးကောင်းကင်တွင် နေရာချထားခဲ့သည်။  ဒုတိယ နေ့တွင် ဘုရားသခင်သည် လေထုကြီးကို ဖန်ဆင်းပြီး အထက်ရေနှင့် အောက်ရေတို့ကို ခွဲခြားထားခဲ့သည်။  ပဥ္စမနေ့တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် ရေထု နှစ်ခုကြား ကွက်လပ်တွင် ငှက်တို့ဖြင့် ပြည့်စေပြီး အောက်ရေထုကိုမူ ပင်လယ်သတ္တဝါတို့ဖြင့် ပြည့်စေခဲ့သည်။ တတိယနေ့တွင် ဘုရားသခင်သည် အောက် ရေထုကို ကန့်သတ်ပြီး စိမ်းလန်းစိုပြည်၍ မြေဆီသြဇာနှင့် ပြည့်စုံသော ကုန်းမြေကို ဖန်ဆင်းခဲ့သည်။ ဆဋ္ဌမနေ့တွင် ဘုရားသခင်သည် ကုန်းသတ္တဝါများကို နေရာပေးပြီး လူကိုမူ ခြောက်သွေ့သော ကုန်းမြေတွင် နေရာချထားပေးခဲ့သည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို အစီအစဉ်ချပြီး လူနှင့် ပြည့်စေခြင်းဖြင့် အနှိုင်းမဲ့သော ရာဇဉာဏ်တော်နှင့် တန်ခိုးကို ပြခဲ့သည်။

တတိယနှင့် ဖန်ဆင်းခြင်း အပိတ်ကဏ္ဍ ဖြစ်စဉ်သည် ဥပုဒ်နေ့အကြောင်းကို ၂း၁-၃ ၌ ဖော်ပြထားသည်။ ရှေ့တွင် ပြဆိုသော ကျမ်းပိုဒ်များမှာကဲ့သို့ ဤ ဖြစ်စဉ်သည်လည်း တော်ဝင် ပိသုကာနှင့် တည်ဆောက်သူ အဖြစ် ဘုရားသခင်ကို မီးမောင်းထိုးပြထားသည်။ ကမ္ဘာ ၂း၃ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား ဖန်ဆင်းပြုပြင်တော်မူသော အမှုအရာ အလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ ငြိမ်ဝပ်စွာ နေတော်မူ၏။

ဘုရားသခင်သည် မိမိ လုပ်ဆောင်ပြီးစီးခဲ့မှုများအပေါ် ကျေနပ်နှစ်သိမ့်သောအားဖြင့် ကောင်းကင်ဘုံ ရှိ သူ့ပလ္လင်တော်၌ ပြန်လည်ထိုင်တော်မူပြီး သူလုပ်ဆောင်ပြီးခဲ့သမျှအတွက် ရိုသေလေးမြတ်ခြင်းကို ခံယူတော်မူခဲ့ကြောင်း ဤနေရာ၌ တွေ့ရသည်။ သူ၏ လုပ်ငန်းတော်သည် အလွန်ပင် ကြီးကျယ်ခမ်းနားရကား နောက်ပိုင်းပေးသော ပညတ်တော် ဆယ်ပါး၌ ဥပုဒ်နေ့တိုင်း ကိုယ်တော်၏ လုပ်ဆောင်ပြီးစီးမှုများကို အမှတ်တရ ဂုဏ်ပြုဖို့ ဘုရားသခင်သည် ဣသရေလလူမျိုးတော်အား ပညတ်ထားတော်မူခဲ့သည်။

စင်စစ်အားဖြင့် ကမ္ဘာဦး ၁း၁-၂း၃ က ဘုရားသခင်သည် ကမ္ဘာမြေကြီးကို မှောင်မိုက်နှင့် ဖရိုဖရဲ အခြေအနေမှ တင့်တယ်ခမ်းနားသော မင်း ဗိမ္မာန်တော် အဖြစ်သို့ ပြောင်းလဲရန်အတွက် သူ၏ ကောင်းကင်ဘုံ ပလ္လင်တော်မှ နေ၍ ခြောက်ရက်လုံးလုံး ရာဇ ဒီကရီများကို ထုတ်ပြန်တော်မူနေခဲ့ကြောင်း ပြောပြသည်။ ထို့နောက် အဆုံးသတ်တွင် ဖန်ဆင်းခြင်း ဆိုင်ရာ တော်ဝင် ပိသုကာနှင့် တည်ဆောက်သူ အဖြစ် မိမိ လုပ်ဆောင်ပြီးစီးခဲ့သမျှအတွက် ဘုရားသခင်သည် ရိုသေလေးမြတ်ခြင်းကို ခံယူတော်မူခဲ့သည်။

ကမ္ဘာဦးကျမ်း အဖွင့်တွင် နိုင်ငံတော် ရည်မှန်းချက်များဆိုင်ရာ နေရာဌာနအတွက် ဘုရားသခင်သည် မည်သို့သော ကနဦး ပြင်ဆင်မှုများ ပြုလုပ်တော်မူခဲ့ကြောင်း ကျွန်ုပ်တို့ စဉ်းစားခဲ့ကြပြီး ဖြစ်သည်။ ယခုအခါ မကြာခဏ လစ်လျူရှုထားမိကြသည့် ဤတော်ဝင်ဒီဇိုင်း၏ အထူးသွင်ပြင်လက္ခဏာဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဘုရားသခင်သည်လည်း မြေကြီးစွန်းတိုင်အောင် ကျယ်ပြန့်ဆဲဖြစ်သည့် သူ၏ မင်းအုပ်စိုးမှုကို သူကိုယ်တိုင် စီမံခန့်ခွဲထားပြီးကြောင်း ဖွင့်လှစ်ဖော်ပြထားခဲ့သည်။

## ကျယ်ပြန့်နေဆဲ

ကမ္ဘာဦး ၁း၃-၃၀ က ဘုရားသခင်သည် သူ၏ ဖန်ဆင်းခြင်းကို ကြည့်ရှုပြီး ၎င်းအား ကောင်းသည်ဟု မြင်တော်မူသည့်အကြောင်း ခြောက်ကြိမ်တိုင်တိုင် ပြောထားသည်။ အငယ် ၃၁ တွင်လည်း ဆဌမမြောက်နေ့၌ ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင် "အလွန်ကောင်းသည်" ကို မြင်တော်မူခဲ့သည်။ "ကောင်းသည်" ဟူသော စကားလုံးသည် ဟေဗြဲ စကား *(တို့ဗ်)* ကို ပြန်ဆိုထားခြင်း ဖြစ်သည်။ ဤနေရာ အပါအဝင် အခြားဓမ္မဟောင်း နေရာများ၌ "နှစ်လိုဖွယ်သာယာသော"၊ "နှစ်သက်ဖွယ်ကောင်းသော" ဟူ၍ သာမက "လှပသော" ဟူ၍ပင် အဓိပ္ပာယ်ရသည်။ ဖန်ဆင်းသမျှသော အရာတို့အပေါ် ကောင်းသည်ဟု သမ္မာကျမ်းစာက ကောက်ချက်ချသည့်အခါ ဘုရားသခင်သည် မိမိပြုသော အမှုကို ဝန်ခံအတည်ပြုတော်မူသည်ဟု ဆိုလိုရင်း ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ တွေ့ရတော့မှာ ဖြစ်သလို ဘုရားသခင် ပြုခဲ့ပေးပြီးသမျှသည် မြေကြီးပေါ်မှာ ဖြစ်ပေါ်လာမည့် များစွာ ပိုမိုကြီးမြတ်သော အရာ၏ အစပထမ မျှသာလျှင် ဖြစ်သည်။

မကြာခဏဆိုသလို စိတ်ရင်းကောင်းသော ခရစ်ယာန်တို့က မိမိဖန်ဆင်းသမျှသည် အလွန်ကောင်းသည်ဟု ဘုရားသခင် ပြောသည့်အခါ နောက်ထပ်လုပ်စရာ ဘာမျှ ထပ်မလိုတော့ကြောင်း သို့မဟုတ် တိုးတက်လုပ်ဆောင်စရာ ဘာမျှမရှိတော့ကြောင်း ဘုရားသခင်ပြောနေခြင်းဖြစ်သည် ဟု တလွဲ ယုံကြည်နေတတ်ကြသည်။ သို့သော် ဤသို့ ဆိုလိုခြင်း လုံးဝ မဟုတ်ပါ။ တကယ်တမ်းတွင် ကမ္ဘာဦး ၂း၁၈ ၌ ဘုရားသခင်က "ယောကျ်ားသည် တစ်ယောက်တည်း မနေကောင်း" ဟူ၍ပင် ပြောဆိုထားပါသေးသည်။ ကမ္ဘာမြေကြီးကို တစ်ချိန်က ဝိုင်းပတ်ထားသော မှောင်မိုက်၊ ဖရိုဖရဲဖြစ်မှုနှင့် နက်နဲရာအရပ်တို့သည် ကန့်သတ်ထိန်းချုပ်ခံရရုံမျှသာရှိပြီး လုံးလုံး ဖယ်ရှားရှင်းလင်းမှုကိုတော့ မခံကြရသေးပေ။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို သူ၏ အထွတ်အမြတ်ထားရာ တော်ဝင် ဥယျာဉ်ထဲတွင် နေရာချထားခြင်းဖြင့် အစပြုခဲ့သည်။ သို့သော် ကမ္ဘာဦး ၁း၂၈ တွင် ဘုရားသခင်သည် အာဒံအားလည်း မြေကြီး တစ်ပြင်လုံးကို ပြည့်စေရန်၊ နိုင်ရန်နှင့် အုပ်စိုးရန် ခေါ်တော်မူခဲ့သည်။ ရှေးဦး ကမ္ဘာ့သမိုင်း၏ ပထမဦးဆုံး သော ရက်သတ္တပတ်ကုန်ဆုံးချိန်တွင် ဖန်ဆင်းခြင်းသည် "အလွန်ကောင်းသည်" ဆိုခဲ့ရာ၌ အရာရာတို့သည် အဆင်သင့် ဖြစ်နေသည့် သဘော၊ ဘုရားသခင် ဖန်ဆင်းထားခဲ့သမျှတို့အတွက် ထားရှိသည့် ပို၍ ကြီးမားသော နိုင်ငံတော် ရည်ရွယ်ချက်များကို ပြီးပြည့်စုံစေဖို့ရန် အဆင်သင့် ဖြစ်နေသည့် သဘောကိုသာ ဆိုလိုသည်။

ကမ္ဘာဦး ၂း၈-၉ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ထာဝရ အရှင် ဘုရားသခင်သည်လည်း ရှေ့မျက်နှာ ဧဒင် အရပ်၌ ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင် ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌ နေရာချတော်မူ၏။ ထိုမြေထဲက အဆင်းလှ၍ စားဘွယ်ကောင်းသော အပင် အမျိုးမျိုးကို ထာဝရ အရှင် ဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်၏ အလယ်၌ အသက်ပင်လည်း ရှိ၏။ ကောင်းမကောင်းကို သိကျွမ်းရာ အပင်လည်းရှိ၏။

ထိုအရာကို ဤပုံစံ စဉ်းစားကြည့်ပါ။ ကမ္ဘာဦးကျမ်း အဖွင့်ပိုင်း အခန်းကြီးများတွင် ဘုရားသခင်သည် ကမ္ဘာမြေကြီးအား ပန်းချီဆရာများ ရှုခင်းပုံကို အပြည့်အဝ ဆေးမချယ်မီ ပတ္တူစပေါ်တွင် ခဲတံဖြင့် အကြမ်းရေးခြစ်လေ့ရှိသည့်နည်းတူ ပုံဖော်ထားခဲ့သည်။ ဘုရားသခင်သည် ကမ္ဘာကြီး၌ ဖြစ်လာဖို့ ကြိုတင်ကြံစည်ထားသည်များ တနေ့တွင် ဖြစ်လာရန် အတွက် လိုအပ်သည့် အခြေခံ အစီအစဉ်ကို ချမှတ်ခဲ့သည်။ သို့သော် သူသည် ကမ္ဘာမြေကြီး၏ ပတ္တူစ တစ်ခုလုံးကို ချက်ခြင်း ဆေးချယ်တော်မမူခဲ့သေးပေ။

ထိုအစား သူ၏ နက်နဲသော ဉာဏ်ပညာအရ ဘုရားသခင်သည် ကြီးကျယ်ခမ်းနားသော အရောင်အသွေးများဖြင့် ကမ္ဘာမြေကြီး၏ တစ်စိတ်တစ်ပိုင်းမျှကိုသာ ချယ်သခဲ့သည်။ ကမ္ဘာမြေကြီး၏ အရေး အကြီးဆုံး အဖြစ် ဆင်ယင်ခဲ့သည်။ ကမ္ဘာမြေကြီး၏ ဤဒေသကို ဧဒင် ဟု ခေါ်သည်။ ဧဒင် အရပ်တွင် ဥယျာဉ် တစ်ခု ရှိသည်။ ၎င်းသည် အံ့သြလောက်အောင် လှပသည့် နေရာဌာနတစ်ခု ဖြစ်၍ ကောင်းကင်ဘုံ ရှင်ဘုရင်၏ အထူးသီးသန့် မျက်မှောက်တော်နှင့် ကိုက်ညီသည့် ကြီးကျယ်ခမ်းနားပြီး သန့်ရှင်းမြင့်မြတ်သော သုခဘုံလည်း ဖြစ်သည်။ ၎င်းသည် အလွန်သန့်ရှင်းပြီး ကျန် ဖန်ဆင်းသမျှတို့မှ သီးသန့် ဖြစ်နေရကား ဘုရားသခင်သည် ထိုနေရာတွင် စကြံ့န်လျှောက်၍ မြင်နိုင်သော သူ့ဘုန်းတော်ကို ပြသတော်မူခဲ့သည်။ ဥယျာဉ်တော်သည် ဤမျှ ကြီးကျယ်ခမ်းနားနေလင့်ကစား သမိုင်းအတွက် ဘုရားသခင်ထားရှိသော ပန်းတိုင်မူကား ကမ္ဘာမြေကြီးကို လက်ရှိဤ အခြေအနေအတိုင်း ဆက်ရှိနေစေရန် မဟုတ်ပါ။ ထိုအစား ကမ္ဘာမြေကြီး တစ်ခွင်လုံးသည် သန့်ရှင်းသော ဧဒင် ဥယျာဉ်တော်ကဲ့သို့ ဖြစ်လာပြီး နောင်တနေ့တွင် ဖန်ဆင်းမှု တစ်ခုလုံးအား မြင်နိုင်သော ဘုရားသခင့် ဘုန်းတော်နှင့် ဖြည့်ဆည်းရန်ပင် ဖြစ်သည်။ ပထမဦးဆုံးသော ရက်သတ္တပတ်ကုန်ဆုံးချိန်တွင် ရှိနေသော ကမ္ဘာမြေကြီး၏ အခြေအနေသည် သမိုင်းကြောင်းအတွင်း တိုးတက်ဖွံ့ဖြိုးလာနေသော ဘုရားသခင်၏ နိုင်ငံတော် အကြောင်း ဓမ္မဟောင်းက သွန်သင်နေသမျှအတွက် စမှတ်ပင် ဖြစ်သည်။

> ထို့ကြောင့် ဖန်ဆင်းခြင်းအတွက် ကျွန်ုပ်တို့၏ ယဉ်ကျေးမှု အတွင်း လုပ်ပိုင်ခွင့်သည် ဘဏ္ဍာစိုးများ ဖြစ်ကြဖို့၊ ဘုရားသခင်နှင့် ဆက်နွယ်မှုရှိသည့် ဖန်ဆင်းခံ သတ္တဝါများ ဖြစ်ကြဖို့၊ ဥယျာဉ်တော် သန့်ရှင်းရာဌာန၏ နယ်နိမိတ်ကို ကျယ်ပြန့် ဆန့်ထုတ်ကြဖို့၊ ထိုသို့ လုပ်ဆောင်ရာမှာလည်း ကိုယ်တော် ဖန်ဆင်းထားသော အရင်းအမြစ် ရှိသမျှကို စူးစမ်းဖော်ထုတ်၍ ဝတ်ပြုကိုးကွယ်ခြင်း၊ ရည်စူးမြုပ်နှံခြင်း၊ နာခံခြင်း သဘောတို့ဖြင့် လုပ်ဆောင်ကြဖို့ ဖြစ်သည်။ ဟုတ်ပါသည်။ အဆုံးသတ်တွင်လည်း ထိုအရာကို ကောင်းကင်သစ် မြေကြီးသစ်၌ ရယူကြမည်သာ ဖြစ်ပါသည်။

**ဒေါက်တာ Stephen J. Wellum**

ရှေးဦးကမ္ဘာ့သမိုင်းသည် ကမ္ဘာမြေကြီးကို သမိုင်းကြောင်းအတွင်း တိုးတက်ဖွံ့ဖြိုးလာသော နိုင်ငံတော်၏ တည်ရာဌာန ဖြစ်စေရန် ပြင်ဆင်သော ဘုရားသခင်နှင့် အစပြုခဲ့ကြောင်း ယခုထိ ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် သမ္မာကျမ်း မှတ်တမ်း၏ ဒုတိယ အရေးကြီး မျက်နှာစာဘက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လှည့်ကြပါမည်။ ၎င်းသည် ဤကမ္ဘာသမိုင်း တိုးတက်မှု အဆင့်တွင် ရှိနေသော လူများအတွက် ဘုရားသခင် သတ်မှတ်ခဲ့ခန့် ပေးထားသော ကဏ္ဍပင် ဖြစ်သည်။

## လူများ

ကျမ်းစာတွင် လူသားများကို မည်မျှ ရည်ညွှန်း ကိုးကားထားကြောင်း သင်သတိပြု မှတ်သားဖူးပါသလား။ လူသားများအကြောင်းကို တနည်းနည်းဖြင့် မကိုးကား မရည်ညွှန်းထားသော စာမျက်နှာ တစ်ခုတစ်လေ တွေ့ဖို့သည် မဖြစ်နိုင်သလောက်နီးနီး ခက်ခဲပါသည်။ ဤအချက်သည် အစပထမ၌ ထူးဆန်းသယောင် ရှိပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာဟူသည် ဘုရားသခင်မည်သူနည်း ဆိုသည်နှင့် သူဘာလုပ်ပေးသလဲ ဆိုသည်တို့ကို ဖွင့်လှစ်ဖော်ပြသော ဗျာဒိတ်တော်အဖြစ် ကျွန်ုပ်တို့ အမြဲတစေ ယူဆထားသောကြောင့် ဖြစ်သည်။ ဤအချက် မှန်ကန်သည်မှာလည်း သေချာပါသည်။ သို့သော် သမ္မာကျမ်းစာ သမိုင်းကြောင်း ဇာတ်လမ်းသည် ဘုရားသခင့် ဖန်ဆင်းခြင်း အကြံအစည်အတွင်း လူသားမျိုးနွယ်က ယူတင်ဆောင်ရွက်ရမည့် အရေးကြီးသော သီးသန့် ကဏ္ဍ အပေါ် အလေးပေးထားသည်။ မှန်ပါသည်။ ဘုရားသခင့် အကျိုးပြုမှု မပါဘဲနှင့် လူသားမျိုးနွယ်သည် မည်သည့် ကောင်းမှုကိုမျှ ပြုနိုင်စွမ်း မရှိပါ။ ဤ အကြောင်းကြောင့်ပင် အဆုံးသတ်အားဖြင့် ဘုန်းရှိသမျှကို ကိုယ်တော်တစ်ပါးတည်းသာ ပိုင်ပါသည်။ သို့တစေ ဘုရားသခင်သည် သူ၏ နိုင်ငံတော်ဆိုင်ရာ ရည်ရွယ်ချက်များကို လူသားမျိုးနွယ်အားဖြင့်သာလျှင် ပြီးပြည့်စုံစေရန် သတ်မှတ်ထားတော်မူကြောင်း ကျမ်းစာက ရှင်းရှင်းပြဆိုထားသည်။ ထို့ကြောင့်ပင် ကျမ်းစာ၌ လူတွေအကြောင်း ပြောဆိုချက် အမြောက်အများ ပါရှိနေရသည်။ ၎င်းတို့က လူသားများကို အစပထမ ဖန်ဆင်းခဲ့ရခြင်း ရည်ရွယ်ချက်များအား ဖြည့်ဆည်းပေးသည့်၊ ဖြောင့်မတ်သော လူသား တည်းဟူသော တစ်ပါးတည်းသာ ပြီးပြည့်စုံသော၊ ယေရှု၏ လူ့ဇာတိ အဖြစ်တော်ကို အဘယ်ကြောင့် ဓမ္မသစ်မှာ အလေးပေးကြောင်း ရှင်းပြသည်။

လူသားထု အတွက် ထားရှိသော ဤသီးသန့် ကဏ္ဍသည် ဧဒင် ဥယျာဉ်ထဲက အာဒံအကြောင်း ကို ဘုရားသခင်ဖော်ပြရာ ကမ္ဘာဦး ၂း၁၈ တွင် ထင်ရှားပေါ်လွင်လာသည်။

> ထာဝရ အရှင် ဘုရားသခင်ကလည်း "ယောကျ်ားသည် တစ်ယောက်တည်း မနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူ့ဘို့ ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏" (ကမ္ဘာ ၂း၁၈)။

ကမ္ဘာဦး အခန်းကြီး ၁ တွင်လည်း စောစောပိုင်းက ဖန်ဆင်းခြင်းရှိသမျှသည် "အလွန်ကောင်းသည်" ဟု ဘုရားသခင် နိဂုံးချုပ်ထားခဲ့သည်။ သို့သော် အာဒံမှာ ဇနီးမယား မရှိသေးသဖြင့် သူ၏ တော်ဝင် ဥယျာဉ်တော်ထဲ၌ "မကောင်းသော" အရာတစ်ခု ရှိနေကြောင်းကိုလည်း ဘုရားသခင် တွေ့တော်မူခဲ့သည်။ သို့သော် ဤအရာကို မကောင်း ဟု အဘယ်ကြောင့် ဆိုရပါသနည်း။ အကြောင်းမှာ ဘုရားသခင်က လူတစ်ဦးတည်း မိမိကိုယ်ပိုင် ခွန်အားဖြင့် မပြီးမြောက်နိုင်လောက်အောင် ကြီးလွန်းသော ရည်ရွယ်ချက်အတွက် လူသားထုကို ဖန်ဆင်းခဲ့သောကြောင့် ဖြစ်သည်။

မြေကြီးပေါ်တွင် ဘုရားသခင့်နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးလာမှုအတွင်း လူ ဆောင်ရွက်ရမည့် ကဏ္ဍကို ပြီးမြောက်စေရန်အတွက်လည်း လူပေါင်းများစွာကို လိုအပ်ခဲ့သည်။

လူတို့ လုပ်ဆောင်ရမည့် ဤသီးသန့် ကဏ္ဍကို ပုံစံ နှစ်မျိုးဖြင့် ဖော်ပြထားသည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝတို့အား သူ၏ ယဇ်ပုရောဟိတ်များ အဖြစ်၎င်း၊ ကိုယ်စား အုပ်ချုပ်သူ (ဝါ) တော်ဝင် ကိုယ်စားလှယ်များအဖြစ်၎င်း အစေခံစေဖို့ ဖန်ဆင်းခဲ့သည်။ ဤ တာဝန်များသည် ကျမ်းစာထဲ၌ အချင်းချင်း ဆက်နွယ်နေကြသည်။ သို့သော် လူသားများကို ဘုရားသခင့် ယဇ်ပုရောဟိတ်များ အဖြစ် အစေခံစေရန် ဖန်ဆင်းခဲ့သည် ဆိုသည်နှင့် ဦးစွာ အစပြုရင်း ကျွန်ုပ်တို့သည် ၎င်းတို့အား တစ်ခုပြီး တစ်ခု ကြည့်ရှုကြပါမည်။

## ယဇ်ပုရောဟိတ်များ

တဘက်တွင် အာဒံကို (နောက်ပိုင်းတွင် သူနှင့်အတူ ဧဝကိုပါ) ဘုရားသခင့် ယဇ်ပုရောဟိတ်အဖြစ် အစေခံရန် တာဝန်ကို ပေးခဲ့သည်။ ဝတ်ပြုကိုးကွယ်ခြင်း အမှုများအားဖြင့် ဘုရားသခင်ကို ရိုသေလေးမြတ်ရန်အတွက် သူ့ကို ခေါ်ထားခဲ့သည်။ ဒံယေလ၏ ရူပါရုံအရ အတိုင်းမသိများလှသော သတ္တဝါများသည် ကောင်းကင်ဘုံနန်းရှိ ထာဝရ ဘုရားသခင်၏ ရှေ့မှောက်တွင် ခစားနေကြသည်ကို စောစောပိုင်းက မှတ်သားခဲ့ကြပြီး ဖြစ်သည်။ ဤအရာသည် အာဒံနှင့် ဧဝတို့ အား ကမ္ဘာမြေကြီးပေါ်မှာ လုပ်ဆောင်ဖို့ ခေါ်ထားရခြင်း အကြောင်းပင် ဖြစ်သည်။ လူသားထုအတွက် ရည်ရွယ်သော ဤ ယဇ်ပုရောဟိတ် ကဏ္ဍအား ကမ္ဘာ ၂း၁၅ တွင် ကျွန်ုပ်တို့တွေ့နိုင်သည်။ ကျွန်ုပ်တို့ ဖတ်ရသော စကားလုံးများမှာ

> ထာဝရ အရှင် ဘုရားသခင်သည် လူကိုယူ၍ ဒေဝဉယျာဉ်ကို ပြုစုစောင့်နေစေခြင်းငှာ ထားတော်မူ၏ (ကမ္ဘာ ၂း၁၅ NIV).

အပေါ် ရှ ကြည့်လျှင် ဘုရားသခင်က အာဒံအား ဥယျာဉ်မှူး တစ်ဦးအဖြစ် ခေါ်ထားခဲ့သည်ဟု ဤကျမ်းပိုဒ်က အလွယ် မှတ်ထားသယောင် ကျွန်ုပ်တို့ မြင်ကောင်း မြင်နိုင်ပါသည်။ သို့သော် ဒေဝ ဉယျာဉ်တော်သည် ဘုရားသခင်၏ သန့်ရှင်းမြင့်မြတ်သော တော်ဝင် ဉယျာဉ် ဖြစ်သောကြောင့် အာဒံ၏ လုပ်ငန်းတာဝန်သည်လည်း ဤထက် များစွာပိုခဲ့ပါသည်။ "ဒေဝ ဉယျာဉ်ကို ပြုစုစောင့်ရှောက်စေခြင်းငှာ" ဟူသော ဖော်ပြချက်သည် ပုံမှန် မဟုတ်ဘဲ မောရှေနှင့် တကွ ရှေး ကာလရေလ လူမျိုးအတွက် သီးသန့် ထူးခြားလေးနက်မှု အဓိပ္ပာယ် ရှိနေခဲ့သည်။ ပင်တာကျူ ခေါ် ပညတ္တိကျမ်း ငါးကျမ်း၏ နေရာများစွာ၌ တဲတော်အတွင်း ဘုရားသခင့်ဘုန်းတော်ရှေ့ ယဇ်ပုရောဟိတ်များနှင့် လေဝိသားများ၏ အမှုတော် အကြောင်း ဖော်ပြရာတွင် အလားတူဖော်ပြချက်များကို အသုံးပြုထားသည်။ ဥပမာအားဖြင့် တောလည်ရာ ၃း၈ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> သူတို့သည် ပရိတ်သတ် စည်းဝေးရာ တဲတော် တန်ဆာရှိသမျှတို့ကို ကြည့်ရှုပြုစု၍ ဣသရေလ အမျိုးသားဆောင်ရသော တဲတော်အမှုကို ဆောင်ရွက်ကြရမည် (တောလည် ၃း၈ NIV)။

ဉယျာဉ်အတွင်း အာဒံနှင့် ဧဝတို့ ဆောင်ရွက်ကြရမည့် ကဏ္ဍ အကြောင်း ဖော်ပြချက်သည် ဘုရားသခင့်အထံတော်တွင် ပြုရသည့် ယဇ်ပုရောဟိတ် အမှုတော်အတွင်း လေဝိသားတို့ လုပ်ဆောင်သည့်ကဏ္ဍ ဆိုင်ရာ ဖော်ပြချက်ကို ထင်ဟပ်နေသည်။

မြေကြီးပေါ်တွင် မင်းကဲ့သို့အုပ်စိုးသော ဘုရား၏ ဘုန်းတော် တည်ရာဌာနတည်း ဟူသော သန့်ရှင်းရာ တော်ဝင် ဉယျာဉ် ထဲတွင် အာဒံနှင့် ဧဝတို့ကို နေရာချထားပေးခဲ့သည်။ ထိုနေရာ၌ ၎င်းတို့သည် နောက်ပိုင်းကာလ ယဇ်ပုရောဟိတ်များနှင့် လေဝိလူများ ဣသရေလ လူမျိုးတို့ရှေ့ ဘုရားသခင့် ဘုန်းတော် ထင်ရှားရာ တဲတော်၌ အစေခံခဲ့သည်နှင့် အလွန် အလားတူစွာ ဘုရားသခင့် အမှုတော်ကို ဆောင်ခဲ့ကြသည်။ ကြီးမြတ်သော ရှင်ဘုရင် အဖြစ် စိုးစံသည့် ဘုရားအား ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ရိုသေလေးမြတ်ရန် ဒီဇိုင်းဆွဲထားသည့် လုပ်ဆောင်မှုများ တနည်းအားဖြင့် သန့်ရှင်း မြင့်မြတ်သော ယဇ်ပုရောဟိတ် အမှုတော် အဖြစ်ဖြင့် သူတို့၏ အလုပ်ရှိသမျှကို လုပ်ဆောင်ရန် အာဒံနှင့် ဧဝတို့အား ဘုရားသခင် ခေါ် ခဲ့သည်။

အခြားတဘက်တွင်လည်း ကမ္ဘာမြေပေါ်၌ ပထမဆုံး နေထိုင်ခဲ့သော လူများသည် ဘုရားသခင်၏ ယဇ်ပုရောဟိတ်များအဖြစ် အစေခံရန်သာမကပါ။ ကိုယ်တော်၏ ကိုယ်စား အုပ်ချုပ်သူများ (ဝါ) တော်ဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် အစေခံဖို့ရန် ဘုရားသခင်ခေါ် ခဲ့သည်။ စင်စစ်အားဖြင့် အာဒံနှင့် ဧဝတို့သည် ဘုရားသခင်၏ *တော်ဝင်* ယဇ်ပုရောဟိတ်များ ဖြစ်ခဲ့ကြသည်။

## ကိုယ်စား အုပ်ချုပ်သူများ

အာဒံနှင့် ဧဝအကြောင်း ဤဖော်ပြချက်ကို ကမ္ဘာ ၁း၂၆ တွင် တွေ့ရသည်။ ၎င်းတွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ

> တဖန် ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့် တညီတသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုင်၎၊ မိုးကောင်းကင်ငှက်တို့ကို၎င်း၊ သားယဉ်တို့ကို၎င်း၊ မြေတပြင်လုံးနှင့်တကွ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို၎င်း အုပ်စိုးစေဟု အမိန့်တော်ရှိ၏ (ကမ္ဘာ ၁း၂၆)

ကျမ်းစာနှင့် ရင်းနှီးသူတိုင်း ဓမ္မဟောင်းနှင့် ဓမ္မသစ်ထဲရှိ ဤကျမ်းပိုဒ်နှင့် အခြားများစွာသော ကျမ်းပိုဒ်တို့က လူကို ဘုရားသခင်၏ "ပုံ" သို့မဟုတ် "သဏ္ဍာန်တော်" ဟု ခေါ်ဆိုကြောင်း သိထားကြသည်။ လွန်လေပြီးသည့် ကာလ ဓမ္မပညာရှင် အများစုက ဤစကားလုံးသည် လူကို ကျိုးကြောင်း ဆင်ခြင်တတ်သော၊ ကျင့်ဝတ်ရှိပြီး ဘာသာရေး လိုက်စားသော သတ္တဝါ အဖြစ် ဖော်ပြရုံရှိကြောင်း ယူဆခဲ့ကြသည်။ သို့သော် အဆိုပါ ခရစ်ယာန် အမြင်တို့ မှန်ပင်မှန်ငြားသော်လည်း ဤအချက်သည် ကမ္ဘာဦး အခန်းကြီး ၁ ၏ စူးစိုက်ချက် မဟုတ်ပါ။

လူသားများကို ဘုရားသခင်က သူ၏ ပုံ နှင့် သဏ္ဍာန်တော် အဖြစ် ခေါ်ဆိုထားခြင်း၏ လေးနက်သဘောပါမှုကို နားလည်ရန်အတွက် ရှေးခေတ်ကမ္ဘာ၏ အများသူငါ ပြုနေကျ ထုံးဓလေ့ကို သိထားခြင်းသည် အထောက်အကူ ဖြစ်စေပါသည်။ ဣသရေလ တိုင်းပြည်၏ ပြင်ပတွင် ဖာရောဘုရင်များ၊ ရှင်ဘုရင်များ၊ အင်ပါယာရှင် မင်းဧကရာဇ်များကို သူတို့ကိုးကွယ်သော နတ်ဘုရားများ၏ "ပုံ" များ၊ "သဏ္ဍာန်တော်" များ အဖြစ်သာမက "သားတော်များ" ဟုပင် ခေါ်ဝေါ်လေ့ရှိခဲ့ကြသည်။ သူတို့အား သူတို့ကိုးကွယ်သော နတ်ဘုရားတို့၏ အကျိုးစီးပွားကို မြေကြီးပေါ်မှာ ကိုယ်စားပြုသော အသက်ရှင်သည့် ပုံများအဖြစ် ယူဆကြသည်။ ရှေးလူ့အသိုင်းအဝိုင်းထဲ၌ ကောင်းကင်၏ ကိုယ်စားလှယ်များကဲ့သို့ ဖြစ်ကြသည့် ရှင်ဘုရင်တို့တွင် သူတို့၏ ကောင်းကင် နတ်ဘုရားများ အလိုတော်ရှိရာကို လေ့လာသင်ယူပြီး သူတို့၏ မင်းအာဏာကို သုံး၍ ထိုအလိုတော်ကို မြေကြီးပေါ်မှာ ပြီးစီးစေရသည့် သီးသန့် လုပ်ငန်းတာဝန် ရှိကြသည်။ သို့ဖြစ်ပါက ဘုရားသခင်၏ အလိုတော်သည် ကောင်းကင်ဘုံမှာ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံစေဖို့ သူ၏ နောက်လိုက်များကို ယေရှုက ဆုတောင်းခိုင်းခြင်းသည် အံ့သြစရာ မဟုတ်တော့ပါ။ ဤရာဇ တာဝန်သည် ကိုယ်တော်၏ တာဝန်ပင် ဖြစ်ခဲ့သည်။

တမန်တော် ၇း၂၂ တွင် မောရှေသည် အဲဂုတ္တု အတတ်ပညာ အလုံးစုံတို့ကို သင်ယူခဲ့ကြောင်း သတေဖန်က ပြန်ပြောင်းပြောပြထားခဲ့သည်။ အဲဂုတ္တုနန်းထိုင် ဖာရောဘုရင်များ အပါအဝင် အခြားတိုင်းနိုင်ငံ ပြည့်ရှင်ဘုရင်များကို သာမန် လူသားမျိုးနွယ်တို့မှ သီးခြားခွဲထားရန် အတွက် သူတို့ကိုးကွယ်သော နတ်ဘုရားများ၏ "ပုံများ"၊ "သဏ္ဍာန်များ"၊ "သားတော်များ" ဟု ခေါ်လေ့ရှိကြောင်းကို မောရှေ ကောင်းစွာ သိကျွမ်းထားခဲ့သည်။ သို့တစေ သန့်ရှင်းသော ဝိညာဉ်တော်၏ မှုတ်သွင်းခြင်းအောက်၌ မောရှေသည် အဆိုပါ နှံ့ပြားနေသော အယူမှားကို ဆန့်ကျင်ခဲ့သည်။ အစအဦး၌ ဣသရေလလူမျိုးတို့ ကိုးကွယ်သော စစ်မှန်သည့် ဘုရားက လက်တဆုပ်စာ ရှင်ဘုရင်များ၊ မင်းဧကရာဇ်များသာမဟုတ်ဘဲ လူသား *အားလုံး* သည် ဘုရားသခင့် ပုံသဏ္ဍာန်တော်များ၊ ဘုရားသခင်၏ စစ်မှန်သော မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်များ ဖြစ်ကြောင်း ကြေညာထားခဲ့သည်။ ရှေးဣသရေလလူတို့အတွက် ဤ အရာသည် ယုံကြည်ရန် ခက်ခဲလှသော သင်ခန်းစာ တစ်ခု ဖြစ်ခဲ့ရပါလိမ့်မည်။ ဤကျေးကျွန်ဟောင်းတို့အနေဖြင့် သူတို့ကိုယ်သူတို့ကိုင်း၊ ကမ္ဘာကြီးထဲ သူတို့လုပ်ဆောင်ရမည့် ကဏ္ဍကိုင်း ရှုမြင်ခဲ့ကြပုံကို ပုံစံပြောင်းရန် လိုအပ်ခဲ့ကြပါသည်။ အခြားသော တပါးလူမျိုး တစ်ဦးချင်းနှင့် တန်းတူ ဣသရေလလူ တစ်ဦးချင်းကိုလည်း ဘုရားသခင်က သူ၏တော်ဝင် ယဇ်ပုရောဟိတ် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ခွဲခန့်တာဝန်ပေးထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့ ခေတ်ကာလ၌လည်း လောကီခေတ်သစ်ယဉ်ကျေးမှုများက လူသားဟူသည် ကြုံရာကျပန်း သမိုင်းကြောင်း အဖြစ်အပျက်များထဲက ထိုးထွက်လာသည့် အကျိုးရလာဒ်ထက် များစွာ မပိုလှသည့် သတ္တဝါသာ ဖြစ်ကြောင်း သွန်သင်လေ့ ရှိနေသည်။ သို့တစေ သမ္မာကျမ်း ဖြစ်စဉ်အရ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ရှုမြင်ပုံကိုင်း၊ ကျွန်ုပ်တို့က အခြားသူများအပေါ် ရှုမြင်ပုံကိုင်း ကျွန်ုပ်တို့အကြောင်း ဘုရားသခင်က ကနဦး ပြောပြထားခဲ့သည်နှင့်ညီလျော်အောင် ကျွန်ုပ်တို့ ပြောင်းလဲကြရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ယဇ်ပုရောဟိတ်ဆိုင်ရာ မင်းစည်းစိမ်ရှိသော ပုံသဏ္ဍာန်တော်များ အဖြစ် ဖန်ဆင်းခြင်း ခံရသူများ ဖြစ်ကြပြီး ဘုရားသခင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြီးပြည့်စုံရေး သေချာရေရာစေရန် အလို့ငှာ ခေါ်ထားခံရသူများလည်း ဖြစ်ကြသည်။

ကမ္ဘာ ၁း၂၇-၂၈ ၌ ဘုရားသခင်သည် ကောင်းကင်ဘုံ ပလ္လင်တော်မှနေ၍ ကောင်းချီးစကားများ မြွက်ဆိုတော်မူခဲ့သည့်အတိုင်း လူသားမျိုးနွယ်၏ အလုပ်အကြွေးပြုမှုကို အကျယ်ဖွင့်ပေးခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။

> ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့် အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့် အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင် ... သူတို့ကို ကောင်းချီးပေးတော်မူ၏။ တဖန် ဘုရားသခင်က "အချင်းတို့၊ များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုငှင်း၊ မိုးကောင်းကင်ငှက်တို့ကိုငှင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း၊ အုပ်စိုးကြလော့ဟု မိန့်တော်မူ၍ သူတို့ကို ကောင်းချီးပေးတော်မူ၏" (ကမ္ဘာ ၁း၂၇-၂၈)။

အစအဦးကတည်းကပင် ဘုရားသခင်သည် လူသားတစ်ဦးချင်းစီတိုင်းကို သူ၏ ယဇ်ပုရောဟိတ်ဆိုင်ရာ မင်းစည်းစိမ်ရှိသော ပုံသဏ္ဍာန်တော်ဖြစ်စေရန်နှင့် ဓမ္မပညာရှင်များ ခေါ်လေ့ရှိသည့် "ယဉ်ကျေးမှုဆိုင်ရာ အများသဘောတူလုပ်ပိုင်ခွင့်" ကို ပြီးပြည့်စုံစေရန်အတွက် ခေါ်ယူထားခဲ့သည်။

ကျွန်ုပ်တို့ တွေ့ပြီးသည့်အတိုင်း ဘုရားသခင်သည် ဖန်ဆင်းခြင်း အစီအစဉ်ကျနရေး နှင့် လုပတင့်တယ်ရေး တို့ အတွက် လုပ်ငန်း အစီအမံ ချမှတ်ခဲ့ပြီးနောက် လူသားမျိုးနွယ်ကို မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်များ အဖြစ် သူ့အား အစေခံစေရန်အတွက် သူ၏ အံ့ချီးဖွယ်ရာ သန့်ရှင်းသော ဥယျာဉ်တော်ထဲ၌ နေရာချထားပေးခဲ့သည်။ ကောင်းကင်ဘုံရှင် ကြီးမြတ်သော ရှင်ဘုရင်သည် လူသားမျိုးနွယ်အား သူ၏ နိုင်ငံတော် ကျယ်ပြန့်ရေးအတွက် တန်ဆာပလာများအဖြစ် အစေခံစေရန် တာဝန်အပ်နှင်းပေးထားခဲ့သည်။ ဘုရားသခင့် အလိုတော်ကို မြေကြီးပေါ်သို့ ဆောင်ယူလာခဲ့ပြီး ကမ္ဘာတလွှား ကိုယ်တော်ကို အစေခံရန် အလို့ငှာ လူသားတို့သည် များပြားစွာမွေးဖွား ဖြန့်ကျက်ကာ မြေတပြင်လုံးကို ဘုရားသခင့် ဥယျာဉ်တော်ကဲ့သို့ ဖြစ်စေကြရမည် ဖြစ်သည်။ ကမ္ဘာတစ်လွှား ဘုရားသခင့် နိုင်ငံတော်ကို တိုးချဲ့ဆန့်ထုတ်ခြင်းသည် ကမ္ဘာမြေကြီးပေါ်၌ လူသားများကို ဘုရားသခင် ထားရှိရခြင်း၏ တကယ့်ရည်ရွယ်ချက်ပင် ဖြစ်သည်။

ယခုတွင် ကျွန်ုပ်တို့ ခေတ်သစ်လူများ အနေဖြင့် မိမိတို့၏ ဖြစ်တည်နေမှု၏ ရည်ရွယ်ချက်ကို ဤနည်းအတိုင်း စဉ်းစားတွေးခေါ် ခဲလှကြောင်း ကျွန်ုပ်တို့ ဝန်ခံရမည်ဟု ကျွန်ုပ်ထင်ပါသည်။ သင့်အား တစ်ယောက်ယောက်က "သင်ဘာတွေ လုပ်နေလဲ" ဟု မေးလျှင် "ဟုတ်ကဲ့၊ ကျွန်ုပ် သီးပွင့်နေပါတယ်၊ များပြားစွာ မွေးဖွားနေပါတယ်၊ မြေကြီးကို ပြည့်စေလျက် ရှိပါတယ်၊ နိုင်နင်းမှုလည်း ရှိပါတယ်၊ ဘုရားသခင်ရဲ့ ကိုယ်စားလည်း အုပ်စိုးနေပါတယ်" ဟု သင်ဘယ်နှစ်ခါ ပြန်ဖြေဖူးပါသနည်း။ ခရစ်တော်၏ နောက်လိုက် အများအတွက် ဤ အယူအဆများသည် အလွန်ပင် စိမ်းလွန်းလှသောကြောင့်

ဤနည်းဟန်တို့ဖြင့် ကျွန်ုပ်တို့ ဘဝနှင့် သက်ဆိုင်သမျှကို ဖော်ပြရန် ကျွန်ုပ်တို့ မတွေးမိသလောက်ပင် ဖြစ်သည်။ ထို့ကြောင့် သင့်ဘဝ ပန်းတိုင်နှင့် စပ်လျဉ်း၍ သင် ကိုယ်တိုင် ရှုပ်ထွေးနေသည်ဆိုပါက အံ့သြမနေပါနှင့်။ လူသားတို့အကြောင်း ဘုရားသခင် ကနဦး ပြောဆိုခဲ့သည်တို့နှင့် ကျွန်ုပ်တို့ တထပ်တည်းကျခြင်းဖြင့် ကျွန်ုပ်တို့၏ ဘဝပန်းတိုင်ကို ကျွန်ုပ်တို့ ရှာရန် လိုပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် တော်ဝင် ယဇ်ပုရောဟိတ်များ အဖြစ် ဖန်ဆင်းခံထားရသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် အုပ်စိုးခြင်းကို မြေကြီးစွန်းတိုင် ဖြန့်ကျက်တိုးချဲ့မှုအား သေချာရေရာစေခြင်းဖြင့် နောင်တချိန်တွင် ဖန်ဆင်းခြင်း တစ်ခုလုံးသည် ချီးမွမ်းမကုန်လောက်အောင် ဘုရားသခင်၏ မြင်ရသော ဘုန်းတော်ဖြင့် ပြည့်သွားစေဖို့ရန် ဖန်ဆင်းခံထားရသူများ ဖြစ်ပါသည်။

ရှေးဦး ကမ္ဘာ့သမိုင်းတွင် ဘုရားသခင်သည် ကမ္ဘာမြေကြီးအား သူ၏ နိုင်ငံတော်တည်ရာဌာနအဖြစ်၎င်း၊ လူတို့အား သူ၏ နိုင်ငံတော် အစေအပါးများ အဖြစ်၎င်း ပြဌာန်းခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ရပြီးလည်း ဖြစ်ပါသည်။ ယခုတွင် ဤအချိန်အတွင်း ဘုရားသခင်၏ တိုးတက်ဖွံ့ဖြိုးလာနေသော မြေကြီးပေါ်က နိုင်ငံတော်၏ တိုးတက်မှုကို အတိုချုံး၍ အကြမ်းဖျင်း ဖော်ပြချိန်တန်ပြီ ဖြစ်ပါသည်။

## တိုးတက်မှု

အကယ်၍ အာဒံနှင့် ဧဝတို့သာ အပြစ်ထဲသို့ မကျခဲ့ပါက ဘုရားသခင့် ပုံသဏ္ဍာန်တော် အဖြစ် လူသားမျိုးနွယ်၏ အစေခံမှု လမ်းကြောင်းသည် တကယ်တမ်း၌ ရိုးရိုးစင်းစင်း သာ ဖြစ်ခဲ့ပါလိမ့်မည်။ အာဒံနှင့် ဧဝတို့ သားသမီးများ ရခဲ့ကြမည်။ သူတို့၏ သားသမီးတို့ကလည်း သားသမီးတွေ ထပ်မွေးလာခဲ့ကြမည်။ ထိုအတိုင်း ဆက်၍ ဖြစ်ခဲ့ကြမည်။ ထိုသို့ဖြင့် ဤဘုရားသခင့် ယဇ်ပုရောဟိတ်တာဝန်ကို ယူရသည့် များလှစွာသော တော်ဝင် ပုံသဏ္ဍာန်တော်တို့သည် ကမ္ဘာမြေကြီးကို ပြည့်စေ၍ နိုင်ကြမည်သာမက ဘုရား ပညတ်များနှင့်အညီ အုပ်စိုးခဲ့ကြမှာလည်း ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ အားလုံး ကောင်းစွာ သိကြသည့်အတိုင်း အရာရာသည် ဤလမ်းကြောင်းအတိုင်း မသွားခဲ့ပါ။ အပြစ်သည် အလျင်အမြန်ပင် လူသားမျိုးနွယ်၏ ဖြောင့်နေသောလမ်းကြောင်းကို ရှည်လျားကောက်ကွေ့ပြီး ပြဿနာနှင့် ပြည့်သော လမ်းအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ သို့တစေ ရှေးဦး ကမ္ဘာ့သမိုင်း အစောပိုင်းကာလ၌ ဤသို့သော ပြဿနာများ ရှိနေလင့်ကစား လူသားမျိုးနွယ် အတွက် ထားတော်မူသော သူ၏ ပန်းတိုင်သည် ပျက်ကွက်လိမ့်မည် မဟုတ်ကြောင်း သူတို့အား ဘုရားသခင်က အခိုင်အမာ ပြောထားခဲ့သည်။

ရှေးဦး ကမ္ဘာ့သမိုင်း ကာလအတွင်း ဘုရားသခင့် နိုင်ငံတော်၏ တိုးတက်မှု အကြောင်း ပြောနိုင်တာတွေ အများကြီး ရှိသော်လည်း အဆင့်သုံးဆင့်အားဖြင့် ကျွန်ုပ်တို့ အကျဉ်းချုပ်ပါမည်။ ပထမအချက်အနေဖြင့် စကြဝဠာ တစ်ခုလုံးနှင့် ဆိုင်သော သစ္စာဖောက်ဖျက်မှုကြီး ဖြစ်ပျက်ခဲ့သည့်အကြောင်း ကျွန်ုပ်တို့ ပြောပါမည်။ ဒုတိယအချက်အနေဖြင့် လူသားမျိုးနွယ်၏ အကျင့်ပျက်ခြစားမှု မည်သို့ တိုးပွားလာခဲ့ပြီး ဆိုးရွားပြင်းထန်သော ဘုရားသခင့် တရားစီရင်မှုဆီသို့ မည်သို့ ဦးတည်သွားသည်ကို ကျွန်ုပ်တို ကြည့်ကြပါမည်။ သို့သော် တတိယ အချက်တွင်မူ သူ၏

နိုင်ငံတော် ရည်ရွယ်ချက်များကို လူသားမျိုးနွယ်က ဖြည့်ဆည်းရာတွင် ထောက်ကူပေးသော ရေရှည် မဟာဗျူဟာအား ဘုရားသခင် ချမှတ်ခဲ့သည်ကို ကျွန်ုပ်တို့ ရှာဖွေကြည့်ကြပါမည်။ ပထမဦးစွာ အုပ်စိုးသော ဘုရားကို ဆန့်ကျင်၍ ဖြစ်ပျက်ခဲ့သော စကြဝဠာလုံးဆိုင်ရာ သစ္စာဖောက်ဖျက်မှုကြီး ကို ကြည့်ကြပါစို့။

## စကြာဝဠာလုံးဆိုင်ရာ သစ္စာဖောက်ဖျက်မှုကြီး

သူတို့၏ ရှင်ဘုရင် ဘုရားသခင် ပညတ်ထားသည်ကို သစ္စာရှိစွာ ပြည့်စုံစေရမည့် အစား အာဒံနှင့် ဧဝသည် စာတန်၏ သွေးဆောင်မှုကို အည့ံခံအလျှော့ပေးကာ တားမြစ်သီးကို စားသောအားဖြင့် ပုန်ကန်ခဲ့သည်။ ထို့ကြောင့် ဧဒင် ဥယျာဉ်ကို မြေကြီးစွန်းတိုင်အောင် တိုးချဲ့ ဆန့်ထုတ်ရမည့်အစား ကျိန်ခြင်း အမင်္ဂလာအောက်တွင် နေထိုင်သက်ရှင်ရန် သူတို့သည် ဥယျာဉ်ထဲမှ မောင်းထုတ်ခြင်း ခံခဲ့ရသည်။ ယနေ့တိုင်ပင် နိုင်ငံတော် တည်ဆောက်သူများ အဖြစ် လူသားမျိုးနွယ်၏ တာဝန် ဝတ္တရားများသည် မပြီးဆုံးသေးပါ။ အာဒံ ဧဝ မောင်နှံနှင့် သူတို့၏ သားသမီးများသည် ဆက်လက်၍ ပွားများကြရန် ရှိပြီး ဘုရားသခင့် အမှုတော်ကို ဆောင်သည့် အနေဖြင့် ကမ္ဘာမြေကြီးကို အုပ်စိုးရန်လည်း ရှိနေခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် မြေကြီးအား ကျိန်ခြင်းကို ခံစေခဲ့သဖြင့် ပွားများခြင်းနှင့် အုပ်စိုးခြင်းတို့သည် နာကျင်စရာကောင်းလာပြီး ခက်ခဲကြမ်းတမ်းကာ စိတ်ပျက်ဖွယ် ဖြစ်လာသည်။ ပွားများခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘာဦး ၃း၁၆တွင် ဘုရားသခင်သည် စကား သုံးခွန်းကို ဧဝအား ပြောခဲ့သည်။

> မိန်းမကိုလည်း သင်၌ ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါအလွန် များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍ သားဖွားရမည် (ကမ္ဘာ ၃း၁၆)။

အုပ်စိုးခြင်းနှင့် စပ်လျဉ်း၍ အငယ် ၁၇ တွင် ဘုရားသခင်က အာဒံကို ဤပုံစံ သတိပေးခဲ့သည်။

> မြေသည် သင်၏ အတွက် ကျိန်ခြင်းကို ခံလျက် ရှိ၏။ မြေ၏ အသီးကို တသက်ပတ်လုံး ပင်ပန်းစွာ စားရမည် (ကမ္ဘာ ၃း၁၇)။

ဝမ်းနည်းဖွယ်ပင် ယဇ်ပုရောဟိတ် ဆိုင်ရာ ဘုရားသခင်၏ မင်းစည်းစိမ်ရှိသော ပုံသဏ္ဍာန်တော်များသည် ရန်လိုသော လောက ကမ္ဘာကြီးထဲ နေထိုင်ဖို့ အဝမ္မ စေခိုင်း ခံရသည်။ ဘုရားသခင် သူတို့အတွက် သတ်မှတ်ထားပေးသော လုပ်ငန်းတာဝန် အပေါ် နာကျင်မှုနှင့် အချည်းနှီး အလဟဿ ဖြစ်မှုတို့ကို ခံစားတွေ့ကြုံရသည်။

ရှေးဦးကမ္ဘာ့သမိုင်း ကာလအတွင်း ဘုရားသခင့် နိုင်ငံတော် တိုးတက်လာမှုဆိုင်ရာ မှတ်တမ်းသည် အာဒံနှင့် ဧဝ မောင်နှံတို့၏ စကြဝဠာလုံးဆိုင်ရာ သစ္စာဖောက်ဖျက်မှုနှင့် အစပြုခဲ့သည်။ သို့ရာတွင် သူတို့၏ သားစဉ်မြေးဆက်တို့သည် အကျင့်ပျက် ခြစားမှု လမ်းကြောင်းကိုသာ လိုက်သွားခဲ့ကြသဖြင့် အဆုံးသတ်တွင် ဘုရားသခင်၏ ဆိုးရွားပြင်းထန်သော တရားစီရင်မှုဆီ ဦးတည်သွားခဲ့သည်။

## အကျင့်ပျက် ခြစားမှုနှင့် တရားစီရင်မှု

ကမ္ဘာဦးကျမ်း အရ အာဒံနှင့် ဧဝတို့ အပြစ်ထဲ ကျသွားသည့်အခါ သူတို့၏ သားစဉ်မြေးဆက် ရှိသမျှသည် ဘုရားသခင့်အပေါ် သစ္စာစောင့်ကြမည် ဆိုသည် အချက်သည် မှန်ကန်နိုင်ခြင်း မရှိတော့ပါ။ အမှန်အားဖြင့် ဘုရားသခင်၏ ရွေးနှုတ်ခြင်း ကရုဏာမပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ သစ္စာရှိသော ဘုရားပုံသဏ္ဌာန်တော်များ အဖြစ် အစေမခံနိုင်ကြတော့ပါ။ လူသားမျိုးနွယ် အများစုသည် ဘုရားသခင်ကို ဆက်လက်၍ ပုန်ကန်ဆန့်ကျင်ခဲ့ကြသည်။ အာဒံနှင့် ဧဝတို့၏ သားဦး ကာဣန သည် သူ့ညီ အာဗေလကို သတ်ဖြတ်ပစ်ခဲ့သည်။ ကာဣန မိသားစု ကြီးပြင်းလာသည် နှင့်အမျှ သူတို့၏ ဆန့်ကျင် ပုန်ကန်မှုလည်း တိုးပွားလာခဲ့ကြောင်း ကမ္ဘာဦး ၄ ရှိ ကာဣန၏ ဆွေစဉ်မျိုးဆက်စာရင်းက ပြောပြသည်။ ဘုရားသခင်၏ တော်ဝင် ယဇ်ပုရောဟိတ်များ အဖြစ် အစေခံရမည့် အစား ကာဣန၏ သားစဉ်မြေးဆက်တို့သည် ဘုရားသခင့် အုပ်စိုးမှုကို ဆန့်ကျင်ကာ မိမိတို့ကိုယ်ကို မိမိတို့ ချီးမြှောက်နေရာပေးခဲ့ကြပြီး ကမ္ဘာကြီးကိုလည်း အခြားသူများအပေါ် ရက်စက်ကြမ်းကြုတ်မှုတို့ဖြင့် ပြည့်ဝစေခဲ့သည်။ အချိန်ကြာလာသည်နှင့် အမျှ လူသားထု၏ အကြမ်းဖက်မှုသည်လည်း ကမ္ဘာအနှံ့ ရေလွှမ်းမိုးခြင်းဖြင့် မြေကြီးကို သန့်ရှင်းအောင် ဘုရားသခင် ပြုလာစေဖို့ အကြောင်း ဖန်လာခဲ့သည်။ ကမ္ဘာဦး ၆း၅-၇ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏ စိတ်နှလုံး အကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက် ရှိကြောင်းကို ဘုရားသခင် မြင်တော်မူလျှင် မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော် ပူပန်လျက် ရှိတော်မူ၏။ ထာဝရ ဘုရားကလည်း ငါဖန်ဆင်းသောလူကိုငှင်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုးကောင်းကင်ငှက်များတို့ကိုငှင်း မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏ (ကမ္ဘာ ၆း၅-၇)။

ရှေးဦးကမ္ဘာ့သမိုင်းကာလအတွင်း ဘုရားသခင့် နိုင်ငံတော်၏ တိုးတက်လာမှု မှတ်တမ်းတွင် လူသားမျိုးနွယ်၏ စကြဝဠာလုံးဆိုင်ရာ သစ္စာဖောက်ဖျက်မှုကြီးနှင့် သူတို့၏ အကျင့်ပျက် ခြစားမှုများနှင့် နောက်ဆက်တွဲ တရားစီရင်မှုတို့သာ ပါဝင်သည် မဟုတ်ပါ။ အဆုံး၌ ကမ္ဘာမြေတလွှား ဘုရားသခင့်နိုင်ငံတော် ဖြန့်ကျက် တိုးချဲ့မှုအား အကျိုးဆက် အဖြစ် ရရှိစေသည့် ရေရှည် မဟာဗျူဟာကို ဘုရားသခင် ချမှတ်ခဲ့သည် ဆိုသည်ကိုလည်း ဖွင့်လှစ်ဖော်ပြထားသည်။ စင်စစ်အားဖြင့် ဘုရားသခင်သည် သူ့အတွက် လူမျိုးတစ်မျိုးကို အချိန်ယူ၍ ရွေးနှုတ်ပြီး ထိုသူတို့အားဖြင့် သူ၏ နိုင်ငံတော်ကို တည်ဆောက်ရန် သတ်မှတ်ထားခဲ့သည်။

## ရေရှည် မဟာဗျူဟာ

အဆိုပါ ရေရှည် မဟာဗျူဟာ အကြောင်း အရိပ်အမြွက်ကို ကမ္ဘာ ၃း၁၅တွင် ပထမဆုံး စတင် မိတ်ဆက်ထားခဲ့သည်။ ဤနေရာတွင် ဘုရားသခင်သည် အာဒံနှင့် ဧဝကို အပြစ်ပြုမိစေရန် လှုံ့ဆော်သွေးထိုးသော မြွေကို ဤစကားများဖြင့် အကျိန်တိုက်ထားခဲ့သည်။

> သင်နှင့် မိန်းမကိုငှင်း၊ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုငှင်း ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည် သူ၏ ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏ (ကမ္ဘာ ၃း၁၅ NIV)။

ဤကျမ်းပိုဒ်အရ လူသားမျိုးနွယ်သည် နှစ်ဖွဲ့ ကွဲသွားမည့်အကြောင်း ဘုရားသခင်က မြွေအား ကြေငြာထားခဲ့သည်။ ထိုနှစ်ဖွဲ့မှာ စာတန်၏ ပုန်ကန် ဆန့်ကျင်သော လမ်းစဉ်နှင့် မိတ်ဖွဲ့သော လူသားများဟု ပြန်ဆိုဖြစ်ရှိကြသည့် စာတန်၏ သားသမီး သို့မဟုတ် "အမျိုးအနွယ်" နှင့် ဘုရားသခင်ကို သစ္စာရှိရှိ ကိုးကွယ်အစေခံရန် ရှာဖွေသည့် လူသားများ သို့မဟုတ် ဧဝ၏ သားသမီးများ ဟူ၍ ဖြစ်ကြသည်။ ဤ လူအုပ်စု နှစ်ခုသည် သမိုင်းတလျှောက် အချင်းချင်းရန်ငြိုးဖွဲ့ကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်သည်လည်း နောင်တစ်ချိန်တွင် ဧဝ၏ အမျိုးအနွယ်က လူသားမျိုးနွယ်ကို ရွေးနှုတ်မည့်အကြောင်း၊ သူတို့ကို စကြဝဠာဆိုင်ရာ သစ္စာဖောက်မှုကြီးထဲ ဦးဆောင်ခေါ်ချသွားခဲ့သည့် မြွေအပေါ် အောင်မြင်၍ သူ၏ ဦးခေါင်းကို ကြိတ်ချေမည့်အကြောင်း ကတိထားတော်မူခဲ့သည်။ ဤကတိတော်သည် အဆုံးသတ်အားဖြင့် ယေရှုခရစ်တော်၌ ပြည့်စုံလာသည်။ ရောမ ၁၆း၂၀ တွင် ရှင်ပေါလုက ခရစ်တော်၏ နောက်လိုက်များသို့ အခိုင်အမာပြောဆိုထားသည့် ပုံစံကို နားထောင်ကြည့်ပါ။

> ငြိမ်သက်ခြင်း၏ အရှင် ဘုရားသခင်သည် မကြာမမြင့်မီ စာတန်ကို သင်တို့ခြေအောက်၌ နှိပ်စက်တော်မူမည် (ရောမ ၁၆း၂၀)။

ရွေးနှုတ်ခြင်းခံရပြီး သစ္စာစောင့်သည့် ဘုရားသခင့် ပုံသဏ္ဍာန်တော်များ အတွက် ဆိုးညစ်မှုအပေါ် အောင်မြင်ရေး မျှော်လင့်ချက်သည် သမိုင်းတလျှောက် တိုးချဲ့ဆန့်ထွက်လာခဲ့ပြီး ခရစ်တော်တည်းဟူသော ဘုရားသခင်၏ ပြီးပြည့်စုံသော ပုံသဏ္ဍာန်တော်၌ ပြီးပြည့်စုံခြင်းသို့ ရောက်ရှိသည်။

သူ၏ နိုင်ငံတော်အတွက် ဘုရားသခင် ထားရှိသော ရေရှည် မဟာဗျူဟာ ကြောင့် အာဗေလကို အစားထိုးရန် တတိယသား ရှေသ ဖွားမြင်လာခဲ့သည်။ ကမ္ဘာဦး အခန်းကြီး ၅ ပါ ဆွေစဉ်မျိုးဆက်စာရင်း က ကျွန်ုပ်တို့အား ပြောပြချက်အရ ရှေသနှင့် သူ့အမျိုးအနွယ်တို့သည် ဘုရားသခင်ကို ကြည်ညိုလေးမြတ်ခဲ့ကြပြီး ကမ္ဘာတလွှား သူ၏ နိုင်ငံတော်ကို တိုးချဲ့ ဆန့်ထုတ်ရန် ကြိုးစည်ခဲ့ကြသည်။ ကမ္ဘာကြီးကို အလွန်အမင်း ပြည့်လာစေသော လူသားထု၏ အကြမ်းဖက် ရက်စက်မှုများကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်အများစုကို ဖျက်ဆီးခဲ့ရသည့်တိုင် ရှေသ၏ မျိုးနွယ်တစ်ဦးဖြစ်သော နောဧသည် ဘုရားသခင်ကို သစ္စာစောင့်သိ၍ ဘုရားသခင့်ရှေ့တော်၌ မျက်နှာရသောသူ ဖြစ်ခဲ့သည်။ နောဧလက်ထက် ကြီးမားသော ရေလွှမ်းမိုးခြင်း ဖြစ်ပေါ်ပြီးသည့်နောက် ဘုရားသခင်သည်

လူသားမျိုးနွယ်၏ နိုင်ငံတော်အတွက် အစေခံမှု ပြီးပြည့်စုံရေး ရေရှည် မဟာဗျူဟာကို ပြန်လည် အတည်ပြုခဲ့သည်။

ကမ္ဘာဦး ၈း၂၁-၂၂ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> ထာဝရ ဘုရားသည်လည်း မွှေးကြိုင်သော အနံ့ကို ခံယူ၍ ငါသည် နောက်တဖန် လူတို့အတွက် မြေကြီးကို မကျိန်၊ အကြောင်းမူကား လူတို့သည် ငယ်သောအရွယ်မှစ၍ စိတ်နှလုံး အကြံအစည် ဆိုးကြ၏။ ငါသည် ယခုတခါ ပြုပြီးသကဲ့သို့ အသက်ရှင်သော အရာ ရှိသမျှတို့ကို နောက်တဖန် ဒဏ်မခတ်။ မြေကြီး မကုန်မီတိုင်အောင် မျိုးစေ့ကြဲရသောကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ၊ နေ့ကာလ၊ ညကာလ မပြတ်ရဟု အမိန့်တော် ရှိ၏ (ကမ္ဘာ ၈း၂၁-၂၂)။

လူသားရှိသမျှသည် ငယ်သော အချိန်မှစ၍ပင် ဆိုးညစ်တတ်ကြောင်း ဘုရားသခင် မည်သို့ အသိအမှတ်ပြုထားသည်ကို သတိပြုပါ။ အပြစ်သည် ကိုယ်တော်၏ ကျဆင်းသော ပုံသဏ္ဍာန်ပေါ် ဆက်ပြီး အကြီးအကျယ်ပျက်ဆီး ကသောင်းကနင်းဖြစ် စေကြောင်း ကိုယ်တော် သိမှတ်ထားခဲ့သည်။ သို့ဖြစ်၍ သက်တံ့ကို လက္ခဏာသက်သေထားပြီး ဘုရားသခင်က ကမ္ဘာမြေကြီး တည်နေသ၍ ကာလပတ်လုံး "မျိုးစေ့ကြဲရသောကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ၊ နေ့ကာလ၊ ညကာလ" တည်းဟူသော သဘာဝ အစီအစဉ်ကို တည်ငြိမ်စေမည်ဟု ကြေငြာခဲ့သည်။ သို့သော် အဘယ်ကြောင့် ရေလွှမ်းမိုးပြီးသည့်နောက် ဘုရားသခင်သည် သဘာဝအတွက် လုံခြုံစိတ်ချရသည့် အစီအစဉ်ကို ချမှတ်ရပါသနည်း။ နောက်မှကပ်လိုက်လာသော ကမ္ဘာ ၉း၁ ကျမ်းပိုဒ်ပါ စကားလုံးများ၌ ဘုရားသခင်၏ ရှင်းလင်းသော အကြောင်းပြချက်ကို တွေ့ရပါသည်။

> ဘုရားသခင်သည်လည်း နောနှင့် သူ၏ သားတို့ကို ကောင်းချီးပေးတော်မူ၍ သင်တို့သည် များပြားစွာမွေးဖွားလျက် မြေကြီးကို ပြည့်စေကြလော့ (ကမ္ဘာ ၉း၁)။

ဤ ကျမ်းပိုဒ်အရ ဘုရားသခင်သည် သူ၏ နိုင်ငံတော် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် လူသားများသို့ ဆင့်ခေါ်ချက်အား ပြန်လည် အသက်သွင်းလိုက်ခြင်းပင် ဖြစ်သည်။ ဘုရားသခင့် ပုံသဏ္ဍာန်တော်သည် သူ၏ နိုင်ငံတော်အတွက် ပင်ကိုယ်မူလ အစေခံတာဝန်ကို အကောင်အထည်ဖော်နိုင်မည့်အကြောင်း ဘုရားသခင်သည် သဘာဝ၏ တည်ငြိမ်မှုကို ပြဌာန်းပေးခဲ့သည်။

> လူသားမျိုးနွယ်ကို ဘုရားသခင် ဖန်ဆင်းသည့်အချိန်ကာလ ကမ္ဘာဦး အခန်းကြီး ၁ သို့ ကျွန်ုပ်တို့ ပြန်သွားသည့်အခါ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ ပုံသဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းပြီး "များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို

> ပြည့်စေကြလော့" ဟု မိန့်တော်မူခဲ့သည်။ အပြစ် မဝင်လာမီ အချိန်၌သာမက ကမ္ဘာကို ရေလွှမ်းမိုး ဖျက်ဆီးပြီး နောဧနှင့် သူ့ဇနီး၊ သူ၏ သားများ၊ သူတို့၏ ဇနီးများ အားလုံး သင်္ဘောထဲမှ ထွက်ဆင်းပြီးနောက်ပိုင်း မှာပါ "များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေကြလော့" ဟု တဖန် မိန့်တော်မူခဲ့သည်။ ဘုရားသခင်သည် ဤကမ္ဘာမြေကြီးအား ကျွန်ုပ်တို့၏ ကောင်းကျိုးနှင့် သူ၏ ဘုန်းတော်တို့အတွက် ကျွန်ုပ်တို့အား ပေးထားခြင်း ဖြစ်သည်။

**ဒေါက်တာ Rick Boyd**

ဤနေရာမှစ၍ ဘုရားနိုင်ငံတော်သို့ လူသားတို့ အစေခံရာ လမ်းကြောင်းသည် ရိုးရိုးရှင်းရှင်း (ဝါ) အနှောက်အယှက် ကင်းကင်း မဖြစ်လာတော့ကြောင်း ကျမ်းစာက ဖော်ပြသည်။ ဘုရားသခင့် လူတို့သည်လည်း ဆန့်ကျင်နှောက်ယှက်မှုတို့ကို ပြင်းပြင်းထန်ထန် ရင်ဆိုင်လာရတော့သည်။ သူတို့ ကျရှုံးခဲ့သည်များ ရှိခဲ့ကြသလို အနှောက်အယှက်ပေးမှု များစွာကိုလည်း ခံစားခဲ့ကြရသည်။ သို့ရာတွင် ဘုရားသခင့် ပုံသဏ္ဌာန်တော်သည် နောင်တချိန်တွင် သူ၏ နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်ရေး လုပ်ငန်းတာဝန်အား အကောင်အထည်ဖော်နိုင်ရန် အတွက် ဘုရားသခင်သည် သဘာဝတရား၏ ရေရှည် တည်ငြိမ်မှုကို ထူထောင်ပေးခဲ့သည်။

ယခုတွင် ရှေးဦးကမ္ဘာသမိုင်းကာလအတွင်း ဘုရားသခင်၏ နိုင်ငံတော် အကြောင်း ကျမ်းစာက သွန်သင်ထားသည်ကို ကျွန်ုပ်တို့ တွေ့မြင်ပြီးဖြစ်၍ ကျွန်ုပ်တို့သည် ဓမ္မဟောင်းအတွင်း နိုင်ငံတော် သမိုင်း၏ အဓိက ကျသော နောက်အဆင့် တနည်းအားဖြင့် ဘုရားသခင်က ဣသရေလ လူမျိုးအား သူ၏ နိုင်ငံတော်အတွက် သီးသန့်ရွေးချယ်ထားသော လူမျိုးအဖြစ် အထူးတလည် ပတ်သက်ဆက်ဆံခဲ့သော အချိန်ကာလ ဆီသို့ ဆက်သွားရန် အသင့်ဖြစ်နေပြီ ဖြစ်ပါသည်။

# ဣသရေလ လူမျိုးတော်

သမ္မာကျမ်းစာ သမိုင်း၌ ဣသရေလလူမျိုးတို့ အဓိက အခန်း ကဏ္ဍမှ ပါဝင်နေမှုသည် လွဲချော်ရန် ခက်ခဲသော အချက်ပင် ဖြစ်သည်။ သို့သော် အဘယ်ကြောင့်ပါနည်း။ ကျမ်းစာသည် ဣသရေလ လူမျိုးအပေါ် စူးစိုက်ထားသည်။ အကြောင်းမှာ ဘုရားသခင်သည် သူ၏ ပုံသဏ္ဌာန်တော်များအတွက် မူလအစကတည်းကကြိုတင် စီမံခန့်ခွဲထားသော အမှုတော်၌ လူသားမျိုးနွယ် တစ်ခုလုံးအား ဦးဆောင်ရန်အတွက် သူတို့အား ရွေးကောက်ခဲ့သောကြောင့် ဖြစ်သည်။ ဣသရေလလူမျိုးတို့သည် မိန်းမ၏ အမျိုးအနွယ်၊ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ ဘုရားသခင်၏ ပိုင်ထိုက်သော အပေါင်းအသင်း၊ လူမျိုးအပေါင်းထဲမှ ဘုရားသခင်၏ သားဦး ဖြစ်ကြသည်။ ထိုကဲ့သို့အားဖြင့် သူတို့သည် အရေအတွက် တိုးပွားများပြားလာကြရမည် ဖြစ်ပြီး ဘုရားသခင့် နိုင်ငံတော်ကို

အလုပ်အကြွေးပြုသည့် အနေဖြင့် ကမ္ဘာမြေကြီးကို အုပ်စိုးကြရန်လည်း ရှိပါသည်။ ယခုတွင် ဣသရေလလူမျိုးတို့သည် ဘုရားသခင်အပေါ် သစ္စာစောင့်ဖို့ ထပ်ကာထပ်ကာ ပျက်ကွက်ခဲ့ကြသဖြင့် ဘုရားသခင်သည်လည်း သူတို့အပေါ် ပြင်းထန်သော တရားစီရင်ချက် ချမှတ်ခဲ့သည်။ သို့သော် ဘုရားသခင်သည် ဣသရေလ လူမျိုး၏ အခန်းကဏ္ဍကို ဘယ်သောအခါကမျှ ပယ်ဖျက်ခဲ့ခြင်း မရှိခဲ့ပါ။ ကျမ်းစာ တလျှောက် ကျွန်ုပ်တို့ တွေ့ကြရတော့မှာ ဖြစ်သည့်အတိုင်း ဘုရားသခင်သည် လူမျိုးအပေါင်းအား သူ၏ အမှုတော်ထဲသို့ ဦးဆောင်ခေါ်သွင်းမည့် ဣသရေလ လူမျိုးတော်အတွက် ဆက်ကပ်အပ်နှံမြဲ အပ်နှံနေခဲ့သည်။

ဣသရေလ သမိုင်းကြောင်း တလျှောက် ဘုရားသခင့် နိုင်ငံတော်ကို မည်သို့ ဖွင့်ပြခဲ့ကြောင်း တွေ့နိုင်ရန် ကျွန်ုပ်တို့ အကြောင်းအရာ သုံးခုကို ကြည့်ရှုကြရပါမည်။ ပထမ ဦးစွာ နိုင်ငံတော် တည်ရာဌာန သို့မဟုတ် တည်နေရာကို ကျွန်ုပ်တို့ စူးစမ်းရှာဖွေကြပါမည်။ ဒုတိယအားဖြင့် ဣသရေလ လူမျိုးတော်အတွင်း နိုင်ငံတော်၏ လူများကို ကျွန်ုပ်တို့ ကြည့်ရှုကြပါမည်။ တတိယအားဖြင့် ဣသရေလလူမျိုးအတွင်း၌ နိုင်ငံတော် တိုးတက်လာမှုအပေါ် ကျွန်ုပ်တို့ ပုံကြမ်းဖော်ကြည့် ကြပါမည်။ ဘုရားသခင့် နိုင်ငံတော် ၏ တည်ရာဌာနကို ပထမဦးစွာ ကြည့်ကြပါစို့။

## တည်ရာဌာန

အာဒံနှင့် ဧဝ တို့ကို မြေကြီးပေါ်မှာ ဘုရားသခင်က ကနဦး နေရာချထားသည့်အခါ ကိုယ်တော်သည် သူတို့အား ဧဒင်ဥယျာဉ်တော်တည်းဟူသော သီးသန့် တည်ရာဌာန၌ ထည့်သွင်းထားခဲ့သည်။ သို့သော် သူ၏ အလိုတော်ကို ကမ္ဘာမြေကြီး တစ်ခုလုံး၌ အနှံ့အပြားထူထောင်ခြင်းဖြင့် ကိုယ်တော်သည် သူတို့အား သူ၏ ပုံသဏ္ဍာန်တော်များ အဖြစ်ဖြင့် အစေခံကြရန် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယခုတွင် ကျွန်ုပ်တို့ တွေ့ရတော့မှာ ဖြစ်သည့်အတိုင်း အာဗြဟံနှင့် သူ၏ သားစဉ်မြေးဆက်တို့ကို ဘုရားသခင် ရွေးကောက်သည့် အခါ သူတို့ကိုယ်သူတို့ ဧဒင်၏ အနီးဝန်းကျင်နှင့် တဖန် နေသားကျအောင်လုပ်ပြီး ထိုမှတဆင့် လူသားထု၏ မူလပထမ စေခိုင်းမှု တာဝန်ကြီးကို ဖြည့်ဆည်းရန် သူတို့အား တောင်းဆိုထားခဲ့သည်။

ဣသရေလ၏ အဘ အာဗြဟံကို သူ၏ သီးသန့် အစေအပါး ဖြစ်ဖို့ရန် ဘုရားသခင် ကနဦးခေါ်သည့်ကာလ ကမ္ဘာ ၁၂း၁-၃ က ဖော်ပြသည့် ပုံစံကို နားထောင်ကြည့်ပါ။ ဘုရားသခင် မိန့်တော်မူသည်မှာ

> သင်၏ ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဖော်များထဲက ထွက်ပြီးလျှင် ငါပြလတံ့သော ပြည်သို့ သွားလော့။ ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏ နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းချီးခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင့်အားဖြင့်လည်း လူမျိုး အပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည် (ကမ္ဘာ ၁၂း၁-၃)။

ဤကျမ်းပိုဒ်၏ ပထဝီဝင် အနေအထားဆိုင်ရာ စူးစိုက်မှုကို သတိပြုပါ။ ဘုရားသခင်သည် အာဗြဟံအား မက်ဆိုပိုတေးမီးယားရှိ သူ့ဖခင်၏ ဇာတိမြေကို စွန့်၍ အာဗြဟံ တစ်ခါမျှ မမြင်ဖူးသေးသော နယ်မြေသို့ ပြောင်းရွှေ့ဖို့ ခေါ် ခဲ့သည်။

မက်ဆိုပိုတေးမီးယား ဒေသ ဥရမြို့မှ ခါရန်သို့ ဘုရားသခင်သည် အာဗြဟံကို ဦးဆောင်ပေးခဲ့သည်။ ထို့နောက်ပိုင်းတွင် ဘုရားသခင်သည် အာဗြဟံအား ခါရန်မြို့မှနေ၍ ကျွန်ုပ်တို့က "ကတိတော်နယ်မြေ" ဟု ခေါ် မြဲရှိကြသည့် ခါနန်နယ်သို့ ခေါ် ပြန်သည်။ ခါနန်နယ်မြေသို့ အာဗြဟံရောက်သောအခါ သူ၏ သားမြေးများက ထိုမြေကြီးကို သူတို့၏ ထာဝရနှင့် ဆိုင်သော အမိမြေအဖြစ် သိမ်းယူမည့် အကြောင်း ဘုရားသခင် အတည်ပြုခဲ့သည်။ ထိုအချိန်မှစ၍ ကတိတော်နယ်မြေသည် ဣသရေလတို့၏ နိုင်ငံတော် အစေခံမှုကို တင်ဆက်ရာကွင်း ဖြစ်လာခဲ့သည်

ကတိတော်နယ်မြေသို့ အာဗြဟံကို ခေါ်ယူခြင်း သည် ဣသရေလ သမိုင်းအတွင်း ဘုရားသခင့် နိုင်ငံတော်နှင့် စပ်လျဉ်းသည့် နေရာကို နားလည်ရန် အနည်းဆုံး နည်းလမ်း နှစ်ခုနှင့် ထောက်ကူလျက်ရှိသည်။ ပထမအားဖြင့် ဘုရားသခင်သည် နိုင်ငံတော်၏ မူလကနဦး ပထဝီဝင် အနေအထားအရ အချက်အချာနေရာ၌ သူ့အား အစေခံရန် အာဗြဟံနှင့် သူ၏ သားမြေးများကို ခေါ်ယူတော်မူခဲ့သည်။ ဒုတိယအားဖြင့် ဘုရားသခင်သည် ကတိတော်နယ်မြေ၏ နယ်နိမိတ်စည်းကို ကျော်လွန်၍ သူ၏ နိုင်ငံတော်ကို ပထဝီဝင် အနေအထားအရ ဖြန့်ကျက်ရေး ဆောင်ရွက်ရန် ဣသရေလအား ခေါ်ယူခဲ့သည်။ ဘုရားသခင်က အာဗြဟံနှင့် သူ၏ သားမြေးတို့အား နိုင်ငံတော်၏ မူလကနဦး ပထဝီဝင် အနေအထားအရ အချက်အချာနေရာ၌ သူ့အား အစေခံရန် ခေါ်ယူခဲ့သည့် အကြံအစည်ကို ကြည့်ကြပါစို့။

## မူလကနဦး အချက်အချာနေရာ

ပြီးခဲ့သည့် ခဏတာများအတွင်း ဘုရားသခင့် မြေကြီး နိုင်ငံတော် ၏ အရေးအကြီးဆုံး အရာမှာ ဧဒင် နယ်မြေနှင့် ၎င်းအထဲရှိ သန့်ရှင်းမြင့်မြတ်သော ဥယျာဉ် တို့ ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြသည်။ အကြောင်းမလှစွာပင် သမ္မာကျမ်းအနက်ဖွင့်သူ များစွာက ဧဒင်သည် ပါရှန် ပင်လယ်ကွေ့အနီး မက်ဆိုပိုတေးမီးယား အောက်ပိုင်း တနေရာတွင် ရှိသည်ဟု မှားယွင်း ယူဆထားကြသည်။ ဧဒင်နယ်မြေ အဖြစ် မြေပိုင်နက် မည်မျှအတိုင်းအတာကို ယူဆ သတ်မှတ်ကြောင်း ကျွန်ုပ်တို့ အသေအချာ မသိကြပါ။ ၎င်းသည် ကြွယ်ဝသော လခြမ်းဟု ကျွန်ုပ်တို့ ယနေ့ခေါ် ကြသည့် နယ်မြေတလျှောက် သွယ်တန်းနေခဲ့နိုင်ပါလိမ့်မည်။ သို့သော် ကမ္ဘာဦးကျမ်း ကိုယ်တိုင်ကပင် ဧဒင် နယ်မြေနှင့် ဥယျာဉ်တို့အား အာဗြဟံသို့ ဘုရားသခင် ကတိပြုထားသည့် နယ်မြေနှင့် နီးနီးစပ်စပ် တွဲဖက်ပေးထားခဲ့သည်။

ဤ ပထဝီဝင် အနေအထားအရ တင်ဆက်ထားမှုသည် ဘုရားသခင်က ဧဒင် နယ်နိမိတ်စည်းများကို ဖော်ပြထားရာ ကမ္ဘာ၂း၁၀-၁၄ တွင် ထင်ရှားပြတ်သားလာသည်။

> ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည် ဧဒင် အရပ်ထဲက စီးထွက်သဖြင့် ဥယျာဉ်ပြင်မှာ လေးဖြာကွဲသဖြင့် မြစ်မလေးသွယ် ဖြစ်လေ၏။ ပထမ မြစ်သည် ဖိရှုန် အမည် ရှိ၏။ ထိုမြစ်သည် ရွှေရှိသော ဟာဝိလ ပြည်နားတရှောက်လုံးကို စီးသွားလေ၏။ .... ဒုတိယမြစ်ကား ဂိဟုန် အမည် ရှိ၏။ ထိုမြစ်သည် ကုရှပြည်နား တရှောက်လုံးကို စီးသွားလေ၏။ တတိယမြစ်ကား ဟိဒကေလ အမည်ရှိ၏။ .... စတုတ္ထမြစ်ကား ဥဖရတ်အမည် ရှိ၏ (ကမ္ဘာ ၂း၁၀-၁၄)။

ဤနေရာတွင် ရှေးကမ္ဘာဦး မြစ်လေးသွယ်သည် ဧဒင်နှင့် တွဲဖက်နေကြောင်း သတိပြုပါ။ ပထမ မြစ်နှစ်သွယ်သည် ဖိရှုန် နှင့် ဂိဟုန်တို့ ဖြစ်ကြသည်။ ပညာရှင်များက ထိုမြစ်များ၏ တည်နေရာအပေါ် ငြင်းခုန်နေကြဆဲ ဖြစ်ကြသည်။ သို့သော် ဤနေရာတွင် ၎င်းတို့သည် ကတိတော်နယ်မြေ၏ အနောက်တောင်ဘက်ရှိ ဟာဝိလ ပြည်နှင့် ကုရှပြည်တို့ဖြင့် တွဲဖက်နေကြသည်။ ဒုတိယ မြစ်နှစ်သွယ်သည် ဟိဒကေလနှင့် ဥဖရတ်တို့ ဖြစ်ကြသည်။ ယခုခေတ် ဆီးရီးယား တောင်တန်းဒေသများမှ အရှေ့ဖက်သို့ စီးဆင်းကြသည်။ ဧဒင်၏ မြစ်များ တည်နေပုံ အကြောင်း ဤမျှလောက် နားလည်ထားခြင်းသည် အရေးပါသည်။ အကြောင်းမှာ ဤတည်နေရာတို့သည် ယေဘူယျအားဖြင့် နောက်ပိုင်း ကမ္ဘာဦးကျမ်းအတွင်း အာဗြဟံသို့ ကတိထားတော်မူသော နယ်မြေနှင့် တွဲဖက်ထားသော မြစ်များနှင့် အချင်းချင်း အပြန်အလှန် ဆက်နွယ်နေကြသောကြောင့် ဖြစ်သည်။ ကမ္ဘာ ၁၅း၁၈ နှင့်တကွ အာဗြဟံနှင့် သူ၏ သားမြေးတို့ကို ကတိထားတော်မူသော နယ်မြေအား ဘုရားသခင် ဖော်ပြပုံကို နားထောင်ကြည့်ပါ။

> အဲဂုတ္တုမြစ်မှ စ၍ မြစ်ကြီးတည်း ဟူသော ဥဖရတ်မြစ်တိုင်အောင် ဤပြည်ကို သင်၏ အမျိုးအနွယ်အား ငါအပ်ပေးပြီ (ကမ္ဘာ ၁၅း၁၈)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသလိုပင် အဲဂုတ္တုမြစ်နှင့် ဥဖရတ်မြစ်ကဲ့သို့သော မြစ်ကြီးများက ဣသရေလတို့၏ ကတိတော်နယ်မြေ နယ်နိမိတ်စည်းကို သတ်မှတ်ပေးထားခဲ့သည်။

အနက်ဖွင့်သူ အများစုက "အဲဂုတ္တု မြစ် ဆိုသည်မှာ နိုင်းမြစ်ကို မဆိုလိုဘဲ အဲဂုတ္တု အရှေ့မြောက်ဘက်ရှိ မြစ်များ၊ ချောင်းခြောက်များစွာထဲမှ တစ်ခုသာ ဖြစ်ကြောင်း မှန်ကန်စွာ သဘောတူညီကြသည်။ ၎င်းကို ကျော်၍ ယနေ့ ဆီးရီးယား၏ ဥဖရတ်မြစ် အထက်ပိုင်းသည် ကတိတော်နယ်မြေ၏ အရှေ့မြောက် နယ်နိမိတ်စည်း အဖြစ် ရှိနေခဲ့သည်။ သမ္မာကျမ်းသမိုင်းအရ နောက်ပိုင်းကာလ၌ ဤမြစ်တို့သည် ဒါဝိဒ်နှင့် ရှောလမုန်တို့လက်ထက် ဣသရေလနိုင်ငံ၏ အကျယ်အဝန်းကို ပြသည့် အမှတ်အသားများ ဖြစ်လာခဲ့ကြသည်။

ကျွန်ုပ်တို့ တွေ့နိုင်သည့်အတိုင်း ကတိတော်နယ်မြေ၏ ပထဝီ နယ်နိမိတ်များသည် ယေဘူယျအားဖြင့် ဧဒင်နယ်မြေ၏ နယ်နိမိတ်စည်းများနှင့် တူညီနေကြသည်။ သို့ဖြစ်၍ အခြားသော သမ္မာကျမ်းပိုဒ်များက ညွှန်ပြနေကြသည့်အတိုင်း အာဗြဟံကို ဘုရားသခင် ခါနန်သို့ ခေါ်သွင်းတော်မူသောအခါ ကိုယ်တော်သည် အာဒံနှင့် ဧဝတို့ ဘုရားသခင့် နိုင်ငံတော်ကို

အလုပ်အကြွေးပြုမှု စတင်ခဲ့ရာ၊ ကမ္ဘာမြေကြီး၏ ပထဝီ ဆိုင်ရာ မူလကနဦး အရေးအကြီးဆုံးနေရာ ဒေသသို့ အာဗြဟံကို ပြန်ခေါ် ခဲ့ခြင်း ဖြစ်သည်။

ဒေသ၏ တည်ရာဌာနကို သိရခြင်းသည် အာဗြဟံကို ဘုရားသခင် ကနဦး ခေါ် ခဲ့ပြီး နောက်ပိုင်းတွင် မောရှေကိုပါ ဘုရားသခင့် နိုင်ငံတော်၏ ပထဝီဆိုင်ရာ မူလကနဦး အချက်အချာသို့ ခေါ် ခဲ့ခြင်း အကြောင်းကို နားလည်ရန် အထောက်အကူပေးသည်။ ဘုရားသခင့်အုပ်စိုးမှုကို ဣသရေလနိုင်ငံအားဖြင့် ပထဝီဝင်အနေအထားအရ မြေကြီးစွန်းတိုင်အောင် တိုးချဲ့ ကျယ်ပြန့်လာစေနိုင်ရန်အတွက် စမှတ်သည် ဣသရေလတို့၏ ကတိတော်နယ်မြေပင် ဖြစ်ကြောင်း ၎င်းက ညွှန်ပြနေခြင်းလည်း ဖြစ်သည်။

## တိုးချဲ့ ကျယ်ပြန့်လာခြင်း

ကမ္ဘာ ၁၂း၃ ပါ အာဗြဟံကို ဘုရားသခင်ပေးတော်မူသော ကတိတော်အရ ကတိတော်နယ်မြေကို ပိုင်ဆိုင်ရာ၌ အလွန်တရာ ကြီးမားသော ရည်ရွယ်ချက် ပါရှိနေခဲ့သည်။ ဘုရားသခင် မိန့်တော်မူသည်မှာ

> သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည် (ကမ္ဘာ ၁၂း၃)။

ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် အာဗြဟံနှင့် သူ့သားမြေးများက လူမျိုးအပေါင်း အပေါ်သို့ သက်ရောက်စေမည့် ရိုက်ခတ်မှု သြဇာအပေါ် အာဗြဟံကို တိုက်ရိုက် သတိပြုမိစေခဲ့သည်။ အာဗြဟံကို သူတို့၏ တုန့်ပြန်ပုံပေါ်လိုက်၍ အခြားသော တိုင်းနိုင်ငံလူမျိုးအပေါ် ကောင်းချီးပေးခြင်း၊ ကျိန်ဆဲခြင်း ပြုမည်အကြောင်း ဘုရားသခင် ကတိတော်ထားခဲ့သည်။ သို့သော် ဤ နှစ်ထပ်ကွမ်း လုပ်ငန်းစဉ်၏ အဆုံးသတ် အကျိုးရလာဒ်ကို သတိပြုပါ။ အာဗြဟံနှင့် သူ၏ သားမြေးတို့သည် ကမ္ဘာမြေကြီး၏ မိသားစု ရှိသမျှထံသို့ ဘုရားသခင့်ကောင်းချီးများကို ဆောင်ကြဉ်းပေးမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့သည်။ ထို့ကြောင့်ပင် ရောမ ၄း၁၃ ၌ တမန်တော်ကြီး ရှင်ပေါလုက အာဗြဟံနှင့် သူ့သားမြေးများ အတွက် ဘုရားသခင် ထားတော်မူသော ကတိတော်အား ဤသို့ အကျဉ်းချုပ်ဖော်ပြပေးထားခဲ့သည်။

> ထိုမှတပါး ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံမှစသော သူတို့ အမျိုးအနွယ်တို့သည် ရကြ၏ (ရောမ ၄း၁၃ NIV)။

အာဒံနှင့် ဧဝတို့ကို ကမ္ဘာမြေတပြင်လုံးအား ပြည့်စေရန်နှင့် ၎င်းအပေါ်တွင် အုပ်စိုးစေရန် ခေါ်ယူထားခဲ့သည်။ သို့သော် အပြစ်တရားသည် လူသားမျိုးနွယ်အား ဘုရားသခင်ကို အလုပ်အကြွေးပြုသူများ နှင့် မပြုသူများ အဖြစ် နှစ်ဖွဲ့ကွဲပြားသွားစေခဲ့သည်။ သို့သော် ဘုရားသခင်သည် ကိုယ်တော်ကို လက်ခံမည့် မြေကြီးပေါ်က လူမျိုးအပေါင်းထံ သူ၏ ကောင်းချီးများကို ဆောင်ကြဉ်းပေးရန် အာဗြဟံနှင့် သူ၏ သားမြေးတို့ကို ရွေးကောက်ခဲ့သည်။ ထို့ပြင် ဤကတိတော်သည်

ယေရှုတည်း ဟူသော အာဗြဟံ၏ ပြီးပြည့်စုံသော သားတော် အားဖြင့် ပြီးပြည့်စုံကြောင်း ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များ သိရှိကြသည်။

ဣသရေလ လူမျိုးတို့သည် ကတိတော်နယ်မြေထက်မကသော အရာကို ပိုင်ဆိုင်ခြင်းအားဖြင့် ဘုရားသခင်ကို အလုပ်အကျွေးပြုရန် သူတို့၏ အနာဂတ်ကို စီမံထားပြီးဖြစ်ကြောင်း ကောင်းစွာ သတိပြုမိပြီး ဖြစ်ကြသည်။ မောရှေ၏ ကာလအတွင်း ဣသရေလ လူမျိုး နှစ်မျိုးနှင့် တစ်ဝက်သည် ယော်ဒန်မြစ်အရှေ့ဘက်ကမ်းတွင် နယ်မြေသိမ်းပိုက်ခွင့် ရရှိထားခဲ့ကြသည်။ ထို့ပြင် ဒါဝိဒ်၊ ရှောလမုန်နှင့် အခြားသော ဒါဝိဒ်နန်းဆက် ရှင်ဘုရင်များသည် ဣသရေလ နယ်နိမိတ်စည်းကို မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်ဆီသို့ အသီးသီး တိုးချဲ့ဆန့်ထုတ်ခဲ့ကြသည်။ ဣသရေလတို့ သုံ့ပန်းဘဝ ရောက်ချိန်မှာပင်လျှင် ဘုရားသခင့် လူများ ကတိတော်နယ်မြေသို့ ပြန်ရောက်လာကြမှာ ဖြစ်ရုံမက နောက်တစ်ချိန်တွင် မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်ချဲ့ထွင်ရာ၌ ဣသရေလတို့ကို မေရှိယက ဦးဆောင်မည့်အကြောင်း ပရောဖက်တို့ ဟောပြောခဲ့ကြသည်။

ဓမ္မဟောင်း ဣသရေလတို့၏ ကာလများအတွင်း ဘုရားသခင့် နိုင်ငံတော်၏ အခန်းကဏ္ဍကို ထည့်သွင်း စဉ်းစားရင်း ထိုအချိန်ကာလအတွင်းရှိ နိုင်ငံတော်၏ လူများ ဆီလှည့်ရန် ကျွန်ုပ်တို့ အဆင်သင့် ရှိနေပြီ ဖြစ်ပါသည်။

## လူများ

ဘုရားသခင်သည် လူများကို သူ၏ တော်ဝင် ယဇ်ပုရောဟိတ်ဆိုင်ရာ ပုံသဏ္ဌာန်တော်များ အဖြစ် ဂုဏ်ပြုချီးမြှောက်ထားခဲ့ကြောင်း ရှေ့ပိုင်းတွင် ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ ထို့မျှမက ကမ္ဘာ ၉း၆ နှင့် ယာကုပ် ၃း၉ တို့ကဲ့သို့သော ကျမ်းပိုဒ်များကလည်း လူသားမှန်သမျှသည် ကိုယ်တော်၏ ပုံသဏ္ဌာန်တော်များ အဖြစ်ဖြင့် ဘုရားသခင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုခြင်းနှင့် ဆိုင်သည့် ဂုဏ်အသရေ၊ တာဝန် ဝတ္တရားများ ရှိနေဆဲဖြစ်ကြောင်းညွှန်ပြနေကြသည်။ သို့ရာတွင် လူ့ဉာဏ်ဖြင့် မမှီနိုင်သော ကိုယ်တော်၏ ဉာဏ်တော်အရ ဘုရားသခင်သည် မိမိ၏ အုပ်စိုးမှုကို ကမ္ဘာတလွှား ဖြန့်ကျက်ရာ၌ အာဗြဟံ၏ သားမြေးများ၊ ဣသရေလ လူမျိုးများတွင် ဦးဆောင်လမ်းပြမှုဆိုင်ရာ သီးသန့် ကဏ္ဍ ရှိလာမည့်အကြောင်း ဘုရားသခင် ကြိုတင် စီမံခန့်ခွဲထားခဲ့သည်။ ဣသရေလသမိုင်းသည် ရှုပ်ထွေးသည်။ သို့သော် ဤနိုင်ငံတော် သာသနာကို ဣသရေလလူတို့ ယူတင် ဆောင်ရွက်မည့်အကြောင်း ဘုရားသခင် မည်သို့ သေချာစေခဲ့သည်ကို အကျဉ်းချုပ်ဖော်ပြရာတွင် ၎င်းက အထောက်အကူ ဖြစ်စေပါလိမ့်မည်။

ဣသရေလ သမိုင်းအတွင်း ဘုရားသခင့် နိုင်ငံတော်၏ လူများနှင့် ဆက်နွယ်နေသော ကိစ္စရပ် သုံးခုကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ပထမအားဖြင့် သီးသန့်လူမျိုးအဖြစ် ဣသရေလကို ရွေးကောက်ခြင်း၊ ဒုတိယအားဖြင့် ဣသရေလ လူမျိုးတော်ကို ယဇ်ပုရောဟိတ်တို့၏ နိုင်ငံတော်တစ်ခု အဖြစ် ဖွဲ့စည်းပုံဖော်ခြင်းနှင့် တတိယအားဖြင့် ဣသရေလကို ဦးဆောင်မည့် တရားဝင် ယဇ်ပုရောဟိတ်များ၊ ရှင်ဘုရင်များအား ဘုရားသခင် သတ်မှတ်ပေးခြင်းတို့ ဖြစ်ကြသည်။

ပထမအားဖြင့် ဣသရေလလူမျိုးအား ဘုရားသခင်၏ သီးသန့်လူမျိုးအဖြစ် ရွေးကောက်ခြင်းကို စဉ်းစားကြည့်ပါ။

## ဣသရေလ လူမျိုးကို ရွေးကောက်ခြင်း

အစောပိုင်း ကျွန်ုပ်တို့ တွေ့ခဲ့သလိုပင် အာဒံနှင့်ဧဝတို့ အပြစ်ထဲ ကျပြီးနောက် လူသားမျိုးနွယ်သည် မြွေ၏ အမျိုးအနွယ် (ဝါ) စာတန်၏ အကြံအစည်များကို အလုပ်အကြွေးပြုမည့်သူများနှင့် မိန်းမ၏ အမျိုးအနွယ် (ဝါ) ဘုရားသခင်၏ ရည်ရွယ်ချက်များကို အလုပ်အကြွေးပြုမည့်သူများ အကြား နှစ်ဖွဲ့ ကွဲပြားသွားခဲ့သည်။ ကမ္ဘာဦး အခန်းကြီး ၅ အရ အာဒံ၏ တတိယသား ရှေသ သည် ဖြောင့်မတ်သော နောဧ၊ သူ၏ သားများနှင့် ချွေးမများ ဆီသို့တိုင် လူသားထုကို ဦးဆောင်သွားနိုင်ခဲ့သည့် သစ္စာစောင့်သော လူ့မျိုးဆက် တစ်ခု၏ ဖခင် ဖြစ်လာခဲ့သည်။ နောဧ၌ သားသုံးယောက် ရှိခဲ့သည်။ ရှေမ၊ ဟာမ၊ ယာဖက် တို့ဖြစ်ကြသည်။ သို့သော် ထိုသုံးယောက်ထဲတွင် ရှေမနှင့် သူ့သားမြေးတို့သည် ဘုရားသခင့်ရှေ့တော်၌ သီးသန့် မျိုးဆက် ဖြစ်ခဲ့ကြသည်။ ဣသရေလ လူမျိုးအား ကိုယ်တော်၏ ရွေးကောက်ခံ လူမျိုးအဖြစ် ဘုရားသခင် ရွေးချယ်ရခြင်း၏ နောက်ခံသမိုင်းအဖြစ် ရှင်းပြရာရောက်အောင် ကမ္ဘာဦးကျမ်းထဲရှိ ဆွေစဉ်မျိုးဆက်စာရင်း ဆိုင်ရာ အချက်အလက် ရှိသမျှကို ဒီဇိုင်းဆွဲထားသည်။

မိန်းမ၏ အမျိုးအနွယ် အဖြစ် အစေခံမည့်သူ အာဗြဟံတည်းဟူသော ဣသရေလ လူမျိုးစု အကြီးအကဲ ယောက်ျား တစ်ယောက်ကို ရှေမ၏ မျိုးဆက်ထဲမှ ဘုရားသခင် ရွေးကောက်ခဲ့သည်။ ကမ္ဘာဦးကျမ်းထဲမှ လူမျိုးစု အကြီးအကဲ ရာဇဝင်က အာဗြဟံတွင် တန်ခိုးတော်အားဖြင့် ရသော သား ဣဇက် ရှိခဲ့ပြီး သူမှတဆင့် ရွေးကောက်တော်မူသော လူမျိုးကို ဆက်လက်ဖြစ်ပေါ်စေကြောင်း ဖွင့်ပြထားခဲ့သည်။ ထို့နောက် ဣဇက်၏ သား ဣသရေလဟု ခေါ်ဝေါ်သော ယာကုပ်သည် ဘုရားသခင်၏ သီးသန့် ဂုဏ်ပြုခြင်းခံရသော ပုံသဏ္ဍာန်တော် ဖြစ်လာခဲ့သည်။ သို့နှင့် အဆုံးသတ်တွင် ယာကုပ်၌ ယောသပ်နှင့် သူ့ညီအစ်ကိုများ ဖြစ်ကြသည့် သား တစ်ဆယ့်နှစ်ယောက် ရှိခဲ့ပြီး အဆိုပါ သားတစ်ဆယ့်နှစ်ယောက်သည် ဣသရေလအမျိုး တစ်ဆယ့်နှစ်မျိုး၏ ဖခင်များ ဖြစ်ခဲ့ကြသည်။ လူသား မျိုးနွယ်၏ လူမျိုးရှိသမျှထဲမှ ဣသရေလ လူမျိုးနွယ်များသည် ဘုရားသခင်၏ အထူးသီးသန့်လူများ ဖြစ်ခဲ့ကြသည်။

မောရှေ၏ အချိန်ကာလရောက်သည့်အခါ ဣသရေလ လူမျိုးနွယ်တို့အား သူ၏ သီးသန့်လူမျိုးတော်အဖြစ် ဘုရားသခင်၏ ရွေးကောက်ခြင်းသည် ရှေ့သို့သာ ဆက်သွားခဲ့တော့သည်။ အဲဂုတ္တုကျွန်ဘဝမှ ဣသရေလကို ဘုရားသခင် ခေါ်ထုတ်ခဲ့ပြီးနောက် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ဖွဲ့စည်းပုံဖော်ပေးခဲ့သည်။ ၎င်းသည် ကမ္ဘာတလွှား သူ၏ နိုင်ငံတော်ကို ဖြန့်ကျက်ရေး ပန်းတိုင်ကို ပြီးပြည့်စုံစေမည့် ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်ပင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်

ထွက်မြောက်ရာ ၁၉း၄-၆ တွင် ဘုရားသခင်သည် ဣသရေလအတွက် ထားရှိသော ဤပန်းတိုင်ကို မရေမရာ မဟုတ်သော ဝေါဟာရများဖြင့် ကြေငြာထားခဲ့သည်။  သိနာတောင်တွင် ကိုယ်တော်သည် အောက်ပါ ကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။

> ငါသည် အဲဂုတ္တုလူတို့၌ ပြုသော အကြောင်း၊ သင်တို့ကို ရွှေလင်းတ အတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို အမှန် နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော် ဖြစ်ရလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ ဥစ္စာ ဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်။ (ထွက်မြောက် ၁၉း၄-၆)။

ဤနေရာတွင် ဣသရေလသည် သန့်ရှင်းသောလူမျိုး ဖြစ်ရမည့်အကြောင်း၊ ဆိုလိုသည်မှာ အခြားသော လူမျိုး ရှိသမျှထဲမှ သီးသီးသန့်သန့် ဖယ်ထားသော ဘုရားသခင် ပိုင်ထိုက်သော ဘဏ္ဍာတော် ဖြစ်ရမည့်အကြောင်းကို ကျွန်ုပ်တို့ တွေ့ရသည်။  ကိုယ်တော်၏ သန့်ရှင်းသော လူမျိုးအဖြစ် ဘုရားသခင်သည် ဣသရေလ လူမျိုးတော် တစ်ခုလုံးကို "ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်" သို့မဟုတ် ပုံစံတမျိုး ပြန်ဆိုလျှင် "မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်" အဖြစ် ခေါ်ဆိုထားသည်။

> ထွက်မြောက်ရာ ၁၉း၆ နှင့် အထူးသဖြင့် "ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်" ဟူသော စကားစုသည် ကမ္ဘာဦး အခန်းကြီး ၁ ပါ လူယောက်ျား၊ လူမိန်းမ ဟူသော လူသားမျိုးနွယ်ကို မူလ ကနဦး ခေါ်ယူမှု၏ ပဲ့တင်သံ အဖြစ် အမှုဆောင်ရွက်သည်။ သူတို့ကို ရှင်ဘုရင်ကဲ့သို့ ဖြစ်စေရန်၊ ဖန်ဆင်းသမျှတို့ အပေါ်မှာ ရှင်ဘုရင်၏ အခန်းကဏ္ဍမျိုးကို တာဝန်ယူရန်နှင့်  အုပ်စိုးရန် သူတို့ကို ခေါ်ထားခြင်း ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ထို့ပြင် အနီးဆုံး အဆက်အစပ် အတွင်း "ယဇ်ပုရောဟိတ်တို့၏ နိုင်ငံတော်" ဟူသော စကားစုလာပြီးသည်နှင့် တပြိုင်နက် "သန့်ရှင်းသောလူမျိုး" ဟူသော စကားစုက ကပ်လျက် လိုက်လာသည်။ ဣသရေလသည် သန့်ရှင်းသော လူမျိုး ဖြစ်ဖို့ ရှိပါသည်။ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းရပြီး ဘုရားသခင့် သန့်ရှင်းခြင်းကို ထင်ဟပ်ကြရသလို ဣသရေလသည်လည်း တိုရာဟုခေါ်သည့် ပညတ္တိကျမ်းကို ဖွဲ့စည်းထားသည့် အမျိုးမျိုး အဖုံဖုံသော ပညတ်တရားတော်များအရ မိမိတို့ကိုယ်ကို အလေးအမြတ်ပြု သန့်ရှင်းစေခြင်းဖြင့် ဘုရားသခင့် သန့်ရှင်းခြင်းကို ထင်ဟပ်ရန် ဖြစ်ပါသည်။

ဣသရေလကို ဤသို့ သတ်မှတ်ခြင်းက ၎င်းအား ခေါ်ယူရခြင်းသည် ဘုရားသခင့် ပုံသဏ္ဌာန်တော်များအဖြစ် အာဒံနှင့် ဧဝတို့ အစအဦး ယူခဲ့သော အခန်းကဏ္ဍကို ဆက်လက် တိုးချဲ့ရန် ဖြစ်ကြောင်း ပြသသည်။ ဣသရေလလူမျိုးနွယ်စုများမှသည် ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်အဖြစ်သို့ ဖွံ့ဖြိုးတိုးတက်လာမှုသည် မြေကြီးပေါ်မှ ဘုရားသခင့်နိုင်ငံတော်ကို ရှေ့သို့ ဆက်ရွှေ့နိုင်ဖို့ သူတို့ကို ထောက်ကူပေးလိုက်ခြင်းပင် ဖြစ်သည်။

ဣသရေလကို ဘုရားသခင် ရွေးကောက်ခြင်းသည် သူ၏ လူမျိုးတော် တစ်ခုလုံးအား ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော် ဖြစ်လာခြင်း အခွင့်အလမ်းနှင့် တာဝန် ဝတ္တရားများကို ပေးခဲ့ခြင်း ဖြစ်သော်လည်း အချို့သော ဣသရေလလူမျိုးတို့ကိုကား ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်များ ဆိုင်ရာ အထူးပြဌာန်းထားသော ရာထူးဌာနန္တရတို့အတွက် ဘုရားသခင် ခေါ်ယူတော်မူခဲ့သည်။

## ယဇ်ပုရောဟိတ်များနှင့် ရှင်ဘုရင်များ

အာရုန်နှင့် သူ၏ သားမြေးတို့သည် တဲတော်တွင်၎င်း၊ နောက်ပိုင်းကာလ ဗိမ္မာန်တော်တွင်၎င်း ဘုရားသခင့် သီးသန့် မျက်မှောက်တော်အတွင်း လူမျိုးတော်ကို ဦးဆောင်ရန် တရားဝင် ခန့်အပ်ခြင်း ခံရသည့် ယဇ်ပုရောဟိတ်များ ဖြစ်လာခဲ့ကြသည်။ သူတို့သည် ဣသရေလ လူမျိုးတို့၏ ဝတ်ပြုကိုးကွယ်ခြင်း၊ ယဇ်ပူဇော်ခြင်း၊ ဆုတောင်းခြင်းနှင့် ချီးမွမ်းကိုးကွယ်ခြင်းတို့၌ ဦးဆောင်ခဲ့ကြသည်။ သူတို့သည် ဣသရေလ လူမျိုးတို့အား ဘုရားသခင့် ပညတ်တော်များကိုပါ သင်ချပေးခဲ့သည်။ ထို့ပြင် ရှောလုဘုရင် နောက်ပိုင်းကာလတွင် ဘုရားသခင်သည် ဒါဝိဒ်နှင့် သူ၏ သားမြေးတို့အား ဣသရေလအပေါ် ရှင်ဘုရင်များအဖြစ် အလုပ်အကျွေးပြုရန် တာဝန်အပ်နှင်းပေးခဲ့သည်။ ဘုရားသခင်အား စစ်မှန်စွာ ဝတ်ပြုကိုးကွယ်ရေးကို ကြီးကြပ်ရန်အတွက်သာမက ဣသရေလ နိုင်ငံတွင်းမှာရော နိုင်ငံပြင်ပ ကမ္ဘာမြေပေါ် ရှိ အခြားတိုင်းနိုင်ငံများတွင်ပါ ဘုရားသခင်အပေါ် နာခံမှု သက်ရောက်စေရေးအတွက် ဒါဝိဒ်၏ နန်းဆက်ကို တာဝန်အပ်နှင်းထားခဲ့သည်။ ဤ အချိန်မှစ၍ ဒါဝိဒ်၏ အိမ်သူအိမ်သားတို့သည် ကမ္ဘာအနှံ့ ဘုရားသခင့် နိုင်ငံတော် ကျယ်ပြန့်ရေး အတွက် ဦးဆောင်ရန် ရှိနေခဲ့ရသည်။ ဟုတ်ပါသည်။ ထို့ကြောင့်ပင် ဒါဝိဒ်၏ သားတော် ယေရှုသည် ကြီးမြတ်သော ယဇ်ပုရောဟိတ်မင်း ဖြစ်ကြောင်း၊ ဘုရားသခင့်လူတို့အပေါ်တွင် ရှင်ဘုရင်အဖြစ် အုပ်စိုးကြောင်း ယနေ့ ဓမ္မသစ်က အကြီးအကျယ် အလေးပေးနေရခြင်း ဖြစ်သည်။ ဤရာထူး ဌာနန္တရအားလုံးက ပြီးစီးအောင်မြင်ရန် ရည်ရွယ်ထားသမျှကို သူတစ်ပါးတည်းက သာလျှင် ပြီးပြည့်စုံစေခဲ့သည်။

ဣသရေလ နိုင်ငံအတွင်း နိုင်ငံတော်၏ လူများနှင့် ၎င်းတို့၏ အခန်းကဏ္ဍတို့ကို ထည့်သွင်းစဉ်းစားရင်း ကျွန်ုပ်တို့သည် ဣသရေလ နိုင်ငံအားဖြင့် ဖြစ်ပေါ် ခဲ့သော နိုင်ငံတော် တိုးတက်လာမှုကိုလည်း ဖော်ပြသင့်ပါသည်။

# တိုးတက်မှု

ဓမ္မဟောင်းရှိ ဣသရေလ ဇာတ်ကြောင်းတွင် အပြုသဘော အောင်မြင်ပြီးစီးမှုများပါရှိသလို ကမ်းကုန်အောင် ဆိုးရွားသည့်အမှုများလည်း ပါရှိနေခဲ့သည်။ ဣသရေလ မျိုးဆက်တိုင်းလိုလိုသည် ဘုရားသခင်ကို တနည်းမဟုတ် တနည်း ဆန့်ကျင်ပုန်ကန်ခဲ့ကြသဖြင့် ဘုရားသခင့် ယာယီ တရားစီရင်မှုတို့ကို ခံစားခဲ့ကြရသည်။ သို့သော် မကြာခဏဆိုသလို ဘုရားသခင်သည် ဣသရေလတို့အား နောင်တရစေပြီး အသစ်ပြန်လည်နိုးထစေခဲ့သည်။ သို့တစေ ဓမ္မဟောင်းကာလ အကုန်လောက်တွင် ဣသရေလ၏ အပြစ်သည် လွန်စွာကြီးမားလာရကား ဘုရားသခင်သည် ကတိတော်နယ်မြေမှ နယ်နှင်ခံရသည့် ကျိန်စာဘေးကြီးကို သင့်ရောက်စေခဲ့သည်။ နှစ်ရာပေါင်းများစွာကြာသည်အထိ ဣသရေလတို့၌ အမိမြေမရှိ၊ ယဇ်ပုရောဟိတ်အရာနှင့် ဗိမ္မာန်တော်မရှိ၊ ဘုရားသခင့်နိုင်ငံတော်ကို ဖြန့်ကျက်တိုးချဲ့ရာ၌ ဦးဆောင်မည့် ဒါဝိဒ်၏ သားစဉ်မြေးဆက်မရှိ ဖြစ်နေခဲ့သည်။ သို့သော် ဤမျှလောက် ဆိုးရွားသော အခြေအနေများ ရှိလင့်ကစား ဘုရားသခင့် ပရောဖက်တို့သည် နောင်တချိန်တွင် ကြီးမြတ်သော ဒါဝိဒ်၏ သားတော် ပေါ်ထွန်း၍ ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးစွန်းတိုင် ဖြန့်ကျက်တိုးချဲ့ရာ၌ ဣသရေလကို ဦးဆောင်မည့် အကြောင်း အခိုင်အမာ ပြန်လည် ပြောဆိုထားခဲ့ကြသည်။

ဓမ္မဟောင်း ဣသရေလနိုင်ငံအတွင်း ဘုရားသခင့် နိုင်ငံတော် တိုးတက်လာမှုဆိုင်ရာ အရေးကြီးသော အဆင့် သုံးဆင့်ကို မီးမောင်းထိုးပြရန် အတွက်သာ ကျွန်ုပ်တို့အတွက် အချိန်ရှိပါလိမ့်မည်။ ၎င်းတို့မှာ ကတိတော် ကာလ၊ ထွက်မြောက်မှု အဖြစ်အပျက်များနှင့် သိမ်းပိုက်အောင်မြင်ခြင်း ကာလ၊ ဣသရေလနိုင်ငံ အတောင်အလက်စုံလင်ပြီး အင်ပါယာဖြစ်လာသော ကာလ တို့ ဖြစ်ကြသည်။ ဘုရားသခင့် ကတိတော် အချိန်ကာလအတွင်း ဖြစ်ပျက်ခဲ့သည်တို့ကို ဦးစွာ ကြည့်ကြပါစို့။

## ကတိတော်

ကတိတော်ကာလဟု ကျွန်ုပ်တို့ ပြောသည့်အခါ ဣသရေလ လူမျိုးစု အကြီးအကဲများ၏ သားစဉ်မြေးဆက်တို့ကို ကျွန်ုပ်တို့ ဆိုလိုခြင်း ဖြစ်ပါသည်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ် နှင့် ယာကုပ်၏ သားများ ကာလတွင် ဘုရားသခင်သည် လူမျိုးတော်၏ အနာဂတ်နှင့် ပတ်သက်၍ ကတိတော်များစွာ ပြုခဲ့သည်။ ထိုကတိတော်များအား ဒေင် ဉယျာဉ်တော်ထဲ သူ၏ ပုံသဏ္ဍာန်တော်ရှေ့တွင် ဘုရားသခင် ချမှတ်ခဲ့သော မူလကနဦး ပန်းတိုင်များ နှင့် လိုက်လျောညီထွေသည့် အခြေခံ အတန်းအစား နှစ်ခု အဖြစ် ခွဲခြားထားသည်။ ၎င်းတို့မှာ ဣသရေလတို့၏ တိုးပွားများပြားမှု ကတိတော် နှင့် ဣသရေလတို့၏ အုပ်စိုးမှု ကတိတော်တို့ ဖြစ်ကြသည်။

ပထမ အချက်အနေဖြင့် ကမ္ဘာမြေကြီးအား သူတို့၏ သားစဉ်မြေးဆက်တို့ဖြင့် ပြည့်စေရန် အာဒံနှင့် ဧဝတို့အား ဘုရားသခင် ခေါ် ခဲ့သည်နှင့် အလွန် အလားတူစွာပင် ဘုရားသခင်သည် ဣသရေလတို့၏ လူမျိုးစု အကြီးအကဲများကိုလည်း ၎င်းတို့၏ သားမြေးများ နောင်တစ်ချိန်တွင်

မရေမတွက်နိုင်အောင် တိုးပွားများပြားကြမည့်အကြောင်း ကတိပြုထားခဲ့သည်။ ကမ္ဘာ ၁၅း၅ တွင် ဘုရားသခင်က အာဗြဟံကိုပေးထားသော ကတိတော်ကို ကြည့်ကြပါစို့။

> "မိုးကောင်းကင်ကို မျှော်ကြည့်လော့။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့" "သင်၏ အမျိုးအနွယ်သည် ထိုသို့ ဖြစ်လိမ့်မည်" ဟု မိန့်တော်မူ၏ (ကမ္ဘာ ၁၅း၅)။

ဤနေရာတွင် အာဗြဟံနှင့် သူ့သားမြေးတို့သည် မိုးကောင်းကင် ကြယ်များကဲ့သို့ များပြားကြမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့သည်။ ထို့ကြောင့်ပင် ကမ္ဘာဦးကျမ်းက ဆာရာအားဖြင့် အာဗြဟံ အံ့သြဖွယ်ရာ ရရှိခဲ့သည့် သား ဣဇက် မွေးဖွားမှု အပေါ် အလေးပေးနေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် သမ္မာကျမ်း ဇာတ်ကြောင်းက ဣဇက်၏ သား ယာကုပ်၊ ယာကုပ်၏ သား တစ်ဆယ့်နှစ်ဦးတို့အပေါ်တွင် အကြီးအကျယ် စူးစိုက်နေခြင်း ဖြစ်သည်။ ဣသရေလ၏ လူအရေအတွက် တိုးပွားလာမှုသည် ဣသရေလ လူမျိုးစု အကြီးအကဲတို့၏ ကာလအတွင်း အဓိကကျသော အာဘော်တစ်ခု ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် အာဒံနှင့် ဧဝတို့ကို ပေးခဲ့သော မူလကနဦး တာဝန်ပေးစေခိုင်းချက်ကို ပြီးစီးအောင်မြင်အောင် ဣသရေလလူမျိုးတော်အား တာဝန် အပ်နှင်းပေးထားခဲ့၍ ဖြစ်သည်။

ဒုတိယအချက်အားဖြင့် လူမျိုးစု အကြီးအကဲများ အကြောင်း ပြဆိုသည့် သမ္မာကျမ်း ဇာတ်ကြောင်းတို့သည် မြေကြီးအပေါ် ဣသရေလ၏ အုပ်စိုးမှုပေါ်တွင်လည်း စူးစိုက်မှု ရှိကြသည်။ ဒေင် ဥယျာဉ်ထဲ အာဒံနှင့် ဧဝကို ဘုရားသခင် နေရာချထားပေးသည်နှင့် များစွာ အလားတူပင် ဘုရားသခင်သည် အာဗြဟံ၏ သားမြေးများ ခါနန်နယ်မြေကို ပိုင်ဆိုင်ကြမည့်အကြောင်း ကတိပြုထားခဲ့သည်။ ကမ္ဘာ၁၅း၇ တွင် ဘုရားသခင်က အာဗြဟံကို ပြောခဲ့သည်မှာ

> ငါသည် ဤပြည်ကို သင်အမွေခံစရာဘို့ သင့်အား ပေးလိုသောငှာ ခါလဒဲပြည်သားတို့နေသော ဥရမှ သင့်ကို ထုတ်ဆောင်သော ထာဝရဘုရားဖြစ်သည် (ကမ္ဘာ ၁၅း၇)။

ထို့ကြောင့်ပင် အာဗြဟံသည် သူ့မိသားစုအတွက် သင်္ချိုင်းမြေနေရာအဖြစ် ခါနန်တွင် မြေကွက်တစ်ကွက်ကို လက္ခဏာသက်သေ အဖြစ် ဝယ်ယူခဲ့ကြောင်း သမ္မာကျမ်းစာက ဖော်ပြခြင်း ဖြစ်သည်။ ၎င်းသည် ယာကုပ်အဖို့ သူ့အကို ဧသောထံမှ ကြီးစွာသော အန္တရယ်ကြုံနေခဲ့လျက်ပင် အဘယ်ကြောင့် ယာကုပ်အား သူ၏ အမိမြေသို့ ဘုရားသခင် ပြန်ခိုင်းခဲ့သည်ကို ရှင်းပြသည်။

ကမ္ဘာဦးကျမ်းသည် အဲဂုတ္တုမှ ထွက်၍ ကတိတော်နယ်မြေသို့ သူတို့ ပြန်ရောက်မည့်အကြောင်း မိမိ အကိုတို့အား ယောသပ်၏ အခိုင်အမာ ပြောဆိုမှုဖြင့် အဆုံးသတ်ထားသည်။ လူမျိုးစု အကြီးအကဲ ကာလသည် ဣသရေလကို ကြီးမြတ်သော နိုင်ငံတစ်ခု အဖြစ် များပြားတိုးပွားစေပြီး ဣသရေလအား ကတိတော်နယ်မြေကို အုပ်စိုးခွင့်ပေးမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူသော အချိန်ကာလ ဖြစ်သည်။

ဣသရေလ လူမျိုးစု အကြီးအကဲများ အတွက် ထားတော်မူသော ကတိတော်ကာလ ပြီးဆုံးသည့်နောက်တွင် ဘုရားသခင့် နိုင်ငံတော်၏ တိုးတက်မှုသည် ထွက်မြောက်သည့် ကာလနှင့် နယ်မြေသိမ်းပိုက်အောင်မြင်သည့် ကာလတို့တွင် အလျဉ်မပြတ် ဆက်ရှိနေခဲ့သည်။

## ထွက်မြောက်ခြင်းနှင့် သိမ်းပိုက်အောင်မြင်ခြင်း

မောရှေနှင့် ဣသရေလလူများတို့ ပင်လယ်နီကို ဖြတ်သန်းခဲ့ကြစဉ် ဘုရားသခင်ကို ချီးမွမ်းသောအားဖြင့် သူတို့ သီချင်း ဆိုခဲ့ကြပြီး ထိုသီချင်းသည်လည်း ထွက်မြောက်ရာ ၁၅း၁-၁၈တွင် ပါရှိကြောင်း သင် သတိရပါလိမ့်မည်။ ဤ ကျမ်းပိုဒ်က ဘုရားသခင်သည် အာဒံနှင့် ဧဝတို့၏ မူလကနဦး သာသနာအား မြေကြီးပေါ် ရှိ သူ၏ နိုင်ငံတော်ကို ကျယ်ပြန့်စေသောအားဖြင့် တိုးတက်ခဲ့ထွင်ရန်အတွက် ဣသရေလကို အဲဂုတ္တုမှ ရွေးနှုတ်ခဲ့သည် ဆိုသော အချက်ကို မီးမောင်းထိုးပြနေပါသည်။ ထွက်မြောက်ရာ ၁၅း၁၃ တွင် ကျွန်ုပ်တို့ ဖတ်ရသည့် စကားလုံးများမှာ

> ရွေးတော်မူသော လူမျိုးကို ကရုဏာတော်အားဖြင့် ပို့ဆောင်တော်မူ၏။
> သန့်ရှင်းသော နေတော်မူရာသို့ တန်ခိုးတော်အားဖြင့် လမ်းပြတော်မူ၏
> (ထွက်မြောက်ရာ ၁၅း၁၃)။

ဘုရားသခင်ကို ဣသရေလလူတို့ ချီးမွမ်းကြသည့် အကြောင်းမှာ ကိုယ်တော်သည် သူတို့ကို ကိုယ်တော်၏ "သန့်ရှင်းသော နေတော်မူရာ" (ဝါ) နေထိုင်ရာ ဘက်ဆီသို့ လမ်းပြနေခဲ့၍ ကြောင်းကို သတိပြုပါ။

ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သည့်အတိုင်း ဒေင်နှင့် အလားတူစွာ ကတိတော် နယ်မြေသည် မြေကြီးပေါ်မှာ ဘုရားသခင်၏ သီးသန့် သန့်ရှင်းသော မျက်မှောက်တော်၏ အချက်အချာ ဖြစ်ဖို့ရန် ရှိနေခဲ့သည်။ သို့သော် ထို့ထက်မက ထွက်မြောက်ရာ ၁၅း၁၃တွင် ပါသည့် ဟေဗြဲလို *နာဟားလ် (נָהַל)*"လမ်းပြခဲ့သည်" ဆိုသည့် ဝေါဟာရသည် ကျမ်းပိုဒ် များစွာ၌ သိုးများကို ဦးဆောင်ရသော သိုးထိန်းများနှင့် တွဲဖက်နေသည်။ ဤကဲ့သို့သော သိုးထိန်း နိမိတ်ပုံကို သမ္မာကျမ်းစာထဲမှာရော ရှေးအရှေ့နီးပိုင်းဒေသမှာပါ ရှင်ဘုရင်တို့၏ လှုပ်ရှားမှုများကို ဖော်ပြရာတွင် သုံးမြဲ ရှိခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏ သိုးထိန်း ရှင်ဘုရင် အဖြစ်ဖြင့် သူ့လူမျိုးတော်အား သူ၏ သန့်ရှင်းသော ကျိမ်းဝပ်ရာအိမ်ဆီသို့ လမ်းပြခဲ့သည်။ သို့ဖြစ်၍ ထွက်မြောက်ရာ ၁၅း၁၇-၁၈တွင် ဘုရားသခင်၏ ရှင်ဘုရင်ကဲ့သို့ အုပ်စိုးမှု နှင့် နိုင်ငံတော် ဆိုင်ရာ အာဘော်တို့ ရှင်းလင်း ပြတ်သားစွာ ပေါ်နေသည်မှာ အံ့သြဖွယ် မဟုတ်ပါ။ ပင်လယ်နီတွင် ဆိုကြသော သီချင်းအဆုံးပိုင်းတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> အို ထာဝရ ဘုရား၊ အမွေခံတော်မူရာတောင် တည်းဟူသော ကျိမ်းဝပ်တော်မူရာဘို့ ဖန်ဆင်းတော်မူသော အရပ်ထဲသို့ ကိုယ်တော်၏ လူတို့ကို သွင်းတော်မူလိမ့်မည်။ အို ထာဝရ ဘုရား၊ လက်တော်နှင့် တည်တော်မူသော သန့်ရှင်းရာ ဌာနတော်၌ နေရာချတော်မူလိမ့်မည်။ ထာဝရ ဘုရားသည် ကာလ အစဉ်အမြဲ စိုးစံတော်မူစေသတည်း (ထွက်မြောက် ၁၅း၁၇-၁၈)။

ဤကျမ်းပိုဒ်များအရ ဘုရားသခင်သည် ဣသရေလကို သူ၏ သန့်ရှင်းသော တောင်တော်၊ နောင်တွင် ယေရုရှလင်အဖြစ် ဖွင့်လှစ်ဖော်ပြလာမည့် သန့်ရှင်းရာဌာနသို့ ယူဆောင်သွားခဲ့သည်။ ထို သန့်ရှင်းရာဌာနကို ဟေဗြဲလို (ရာရှာ့ဘ်)ဟုခေါ် ပြီး ဘုရားသခင် "စံပယ်ရာအိမ်" ဟု ဆိုလိုသည်။ ဤဝေါဟာရသည် ရှင်ဘုရင် နန်းတက်မှုကို မကြာခဏ ရည်ညွှန်းလေ့ ရှိသည်။ ဤ ကျမ်းပိုဒ်ထဲရှိ အခြားသော တော်ဝင် အာဘော်များစွာအရ ဤ သန့်ရှင်းရာဌာနသည် ဘုရားသခင့်တော်ဝင်နန်းတက်ပွဲကျင်းပရာ နေရာဖြစ်သည်ဟု နားလည်ခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ထို့ကြောင့်ပင် အခန်းငယ် ၁၈ သည် ပေါ်လွင်ထင်ရှားသော တော်ဝင် ဝေါဟာရများဖြင့် ဘုရားသခင်ကို ရုတ်ခြည်း ချီးမွမ်းခြင်း ပြုခဲ့သည်။

> ဣသရေလသည် ဘုရားသခင်၏ ကယ်လွှတ်ခြင်းကို ခံစားရပြီးနောက် ပင်လယ်နီသို့ ရောက်သည့်အခါ ဤ အောင်မြင်ခြင်း သီချင်းကို သီဆိုကြသည်။ "ထာဝရ ဘုရားသည် ကာလ အစဉ်အမြဲ စိုးစံတော်မူစေသတည်း" ။ သို့သော် ဤရှင်ဘုရင်သည် မတူကွဲပြားခြားနားသော ရှင်ဘုရင်မျိုး ဖြစ်သည်။ ရပ်ဝေးမှာနေသော၊ ဒင်္ဂါးပြားပေါ် ရှိ သူတို့၏ မျက်နှာကို သင်တွေ့ဆုံကြုံဖူးရုံမျှသာ ရှိသော ဘုရင်များ၊ သို့မဟုတ် ယနေ့ခေတ် တီဗွီ ဖန်သားပြင်ပေါ် သို့မဟုတ် သတင်းစာများထဲမှာ သင်တွေ့ဖူးရုံမျှသာ ရှိသော ဘုရင်များနှင့် မတူပါ။ အရှင်သခင်၊ စစ်မှန်သော ရှင်ဘုရင် ဖြစ်တော်မူသော ဣသရေလတို့၏ ဘုရားသခင်သည် ဘုရားသခင့် လူများကို သူ့ထံလာဖို့ ၊ သိနာတောင်တည်း ဟူသော သန့်ရှင်းသော တောင်ပေါ်တွင် အတူရှိဖို့ အတွက် ဖိတ်ခေါ်သည်။ ထို့နောက် ပိုမိုလေးနက်အနှစ်သာရ ရှိစွာဖြင့် နည်းလမ်းတစ်ခုကို ဘုရားသခင် ဖော်ဆောင်ပေးသည်။ ၎င်းသည် တဲတော်ဖြစ်ပြီး ဘုရားသခင် လက်တွေ့မျက်တွေ့ဆင်းလာရာနေရာ၊ လူများ အကြား ထာဝစဉ် ကျိန်းဝပ်ရာ နေရာပင် ဖြစ်တော့သည်။

**ဒေါက်တာ Brian D. Russell**

ဘုရားသခင်သည် လူမျိုးတော်ကို ကတိတော်နယ်မြေထဲ သိုးထိန်းကဲ့သို့ ဦးဆောင်ခေါ်သွင်းသည့် ဣသရေလ ရှင်ဘုရင်အဖြစ် ပြုမူသောအခါ သူ၏ လူမျိုးတော်ကို မြေကြီးပေါ်မှာ ရှိသော သူ၏ ရာဇပလ္လင်တော် ပတ်လည်တွင် ထူထောင်ရန် လုပ်ဆောင်ခြင်း ဖြစ်သည်။ ထွက်မြောက်ခြင်းနှင့် ကတိတော် နယ်မြေကို သိမ်းပိုက်အောင်မြင်ခြင်း တို့၏ ရည်ရွယ်ချက်သည် ဘုရားသခင့် အုပ်စိုးခြင်း၊ ရှင်ဘုရင်ဖြစ်တော်မူခြင်း နှင့် သူ၏ နိုင်ငံတော်တို့ကို မြေကြီးပေါ်မှာ ပြန်လည် ထူထောင်ရန် ဖြစ်ခဲ့သည်။

ကတိတော်ကာလ၊ ထွက်မြောက်ရာနှင့် နယ်မြေသိမ်းပိုက်ရာ ကာလတို့ အတွင်း ဘုရားသခင့် နိုင်ငံတော် တိုးတက်မှုကို အကျဉ်းလေ့လာပြီးသည့်နောက် ဣသရေလသမိုင်း၏ တတိယ အဆင့်ကို နိုင်ငံတစ်နိုင်ငံ (ဝါ) အင်ပါယာ တစ်ခု၏ အဆင့် အဖြစ် ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဒါဝိဒ်နှင့် ရှောလမုန်တို့၏ ခေါင်းဆောင်မှုအောက်တွင် ဣသရေလသည် ဘုရားကို ကိုးကွယ်ဝတ်ပြုရာဌ်၎င်း၊

ပညတ်တော်များကို နာခံရာ၌ငှင်း ဘုရားသခင့် လူတို့အား ဦးဆောင်ဦးရွက်ပြုသည့် လူသား ရှင်ဘုရင် ရှိသော တရားဝင် နိုင်ငံတော်တစ်ခု ဖြစ်လာခဲ့သည်။

## အင်ပါယာ

အကြောင်းမလှစွာပင် ဓမ္မရာဇဝင် ပထမစောင် အခန်းကြီး ၈ ကို အကြောင်းပြု၍ ဘုရားရှင်သည် ဣသရေလ အတွက် မည်သည့်အခါကမျှ လူသား ရှင်ဘုရင် ရှိစေဖို့ မရည်ရွယ်ထားခဲ့ကြောင်း ဧဝံဂေလိယုံကြည်သူ အနက်ဖွင့်ဆရာ များစွာက တလွဲ ယုံကြည်နေကြသည်။ သို့တစေ လူမျိုးစု အကြီးအကဲများ ကာလကတည်းကပင် အချိန်တန်သောအခါ ဣသရေလသည် ဘုရားသခင့် နိုင်ငံတော်ကို တိုးချဲ့ရန်အတွက် လူသား ရှင်ဘုရင် ရှိမည့်အကြောင်း ဘုရားသခင် ဖွင့်လှစ်ဖော်ပြခဲ့ပြီးသား ဖြစ်သည်။ ဤလူသား ရှင်ဘုရင်သည် ဒါဝိဒ်၏ သားမြေးတစ်ဦး ဖြစ်မည့်အကြောင်းကိုလည်း ဘုရားသခင် သတ်မှတ်တော်မူခဲ့သည်။ သူသည် ဣသရေလ နိုင်ငံတော်နှင့် တကွ အဆုံးသတ်တွင် မြေကြီးပေါ် ရှိ တိုင်းနိုင်ငံ လူမျိုး ရှိသမျှကို ဦးဆောင်ဦးရွက် ပြုမည် ဖြစ်သည်။ ထို့ပြင် သူသည် ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်ခြင်းဟူသော လူသားမျိုးနွယ် ထမ်းဆောင်ရမည့် မူလကနဦး ရည်ရွယ်ချက်ကို ဖြည့်ဆည်းပြည့်စုံစေသည့် အနေဖြင့် သူတို့အပေါ် ဦးဆောင် ဦးရွက် ပြုလိမ့်မည် ဖြစ်သည်။ ဟုတ်ပါသည်။ ခရစ်ယာန်တိုင်း သိကြသည့်အတိုင်း ယေရှုသည် ကောင်းကင်ဘုံတွင် ဘုရားသခင့် နိုင်ငံတော် တည်နေပြီး ဖြစ်သကဲ့သို့ မြေကြီးပေါ်တွင်လည်း နိုင်ငံတော်ကို တည်ထောင်စေသည့် ဒါဝိဒ်၏ မျိုးရိုးမှ ဆင်းသက်သော၊ ပြီးပြည့်စုံသော ဖြောင့်မတ်ခြင်း ရှိသည့် ရှင်ဘုရင် ပင်ဖြစ်တော့သည်။

ဝမ်းနည်းဖွယ်ပင် ဣသရေလ ရှင်ဘုရင်တို့သည် ဘုရားသခင်၏ ဤသို့သော ခေါ်ယူတာဝန်ပေးခြင်းကို ဖြည့်ဆည်းရန် ပျက်ကွက်ခဲ့ကြသည်။ အမှန်စင်စစ် ဒါဝိဒ်မင်းဆက်ကိုယ်တိုင် အပါအဝင် ဖြစ်နေသော ဣသရေလ ရှင်ဘုရင်များစွာသည် ဣသရေလလူတို့ကို ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်သူများ ဖြစ်အောင် ဦးဆောင်သွားခဲ့ကြကြောင်း ဓမ္မရာဇဝင် တတိယစောင်နှင့် စတုတ္ထစောင်တို့က ရှင်းရှင်းပြဆိုထားသည်။ သို့ဖြစ်၍ အဆိုပါ ဆန့်ကျင်ပုန်ကန်မှုများက အဆုံးသတ်၌ ကြီးမားလှသော နယ်နှင်ခံရခြင်း ဒုက္ခများစွာကို ကြုံတွေ့စေခဲ့သည်။ သို့တစေ ဘုရားသခင့် ကျေးဇူးတော်ကြောင့် ဒါဝိဒ်နှင့် သူ၏ သား ရှောလမုန်တို့၏ အုပ်စိုးကာလများသည် မြေကြီးပေါ်မှာ ဘုရားသခင့် နိုင်ငံတော် ရှေ့သို့ သိသာထင်ရှားစွာ ဆက်လက်ရွေ့လျားနေခဲ့မှုကို ကိုယ်စားပြုပေးနိုင်ခဲ့ကြသည်။ သူတို့၌ ကျရှုံးမှုများ ရှိခဲ့လင့်ကစား သူတို့သည် ဘုရားသခင့် နိုင်ငံတော်၏ ပိုင်နက်နယ်မြေများကို ခိုင်မာစေခဲ့သလို ကျယ်ပြန့်အောင်လည်း လုပ်ခဲ့ကြသည်။ ယေရုရှလင်မြို့တွင် ဒါဝိဒ်၏ ထီးနန်းအား ထူထောင်ခြင်းနှင့် အတူ ဘုရားသခင့် အုပ်စိုးမှုကို မြေကြီးပေါ်မှာ ကိုယ်စားပြုရန်နှင့် ဘုရားသခင်အား ကိုးကွယ်ရာ၌ လူအများကို ဦးဆောင်ရန်အတွက် ထာဝရ နန်းဆက်ကို ဘုရားသခင်က နေသားတကျ ရှိစေခဲ့သည်။ ၁ရာချုပ် ၂၉း၂၃ က ဒါဝိဒ်နှင့် ရှောလမုန်တို့၏ ထီးနန်းများအကြောင်း ဖော်ပြထားပုံကို နားထောင်ကြည့်ပါ။

> ထိုအခါ ရှောလမုန်သည် ခမည်းတော် ဒါဝိဒ်ကိုယ်စား ရှင်ဘုရင် အရာကိုခံ၍ ထာဝရ ဘုရား၏ ပလ္လင်တော်ပေါ်မှာ ထိုင်လျက် ဘုန်းကြီးတော်မူ၏ (၁ရာချုပ် ၂၉း၂၃)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသည့်အတိုင်း ဒါဝိဒ်၏ ပလ္လင်တော်သည် သာမည ပလ္လင် မဟုတ်ပါ။ ၎င်းသည် "ထာဝရ ဘုရား၏ ပလ္လင်တော်" ဖြစ်ပါသည်။ ထာဝရ ဘုရားကိုယ်စား အုပ်ချုပ်သူများအဖြစ် အလုပ်အကျွေးပြုစေရန် အာဒံနှင့် ဧဝတို့အား မူလကနဦး ခေါ်ယူခဲ့သည်နှင့် အလွန် အလားတူစွာပင် ဒါဝိဒ်၏ တော်ဝင် မိသားစုသည်လည်း ဘုရားသခင်ကိုယ်တိုင်၏ မင်းအာဏာတော်ကို ကိုယ်စားပြုခဲ့သည်။

ထို့ထက်မက ဆိုရလျှင် ဒါဝိဒ်၏ အိမ်သူအိမ်သားသည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ် အမျိုးပင် ဖြစ်သည်။ ဣသရေလလူတို့ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရာတွင် ဦးဆောင်ဦးရွက်ပြုကြသော ယဇ်ပုရောဟိတ်နှင့် လေဝိလူတို့၏ အမှုတော် လုပ်ငန်းများကို ဒါဝိဒ်နှင့် ရှောလမုန်တို့က စီစဉ်ကြီးကြပ် ခဲ့ကြသည်။ ဒါဝိဒ်သည်လည်း ဘုရားသခင်အတွက် ဗိမ္မာန်တော်ကို ယေရုရှလင်တွင် ရှောလမုန် တည်ဆောက်နိုင်ရန် ပြင်ဆင်ပေးခဲ့သည်။ ရှောလမုန်သည် ဖခင် ဒါဝိဒ် ယေရုရှလင်သို့ ယူဆောင်လာခဲ့ပြီး ဖြစ်သည့် ပဋိညာဉ် သေတ္တာတော်ကို ဗိမ္မာန်တော်ထဲတွင် နေရာချထားခဲ့သည်။ ထို့အပြင် ဒါဝိဒ်၏ အလိုအရ ဤပဋိညာဉ်သေတ္တာတော်သည် မြေကြီးပေါ်မှာ ဘုရားသခင်၏ ခြေတင်ရာခုံပင် ဖြစ်သည်။ ၁ရာချုပ် ၂၈း၂ တွင် ဒါဝိဒ် မြွက်ဆိုထားသည်မှာ

> ထာဝရ ဘုရား၏ ပဋိညာဉ် သေတ္တာတော် ငြိမ်ဝပ်ရာ အိမ်တည်းဟူသော ဘုရားသခင်၏ ခြေတော်တင်ရာခုံကို တည်လုပ်မည်ဟု ငါအကြံရှိ၍ တည်လုပ်ခြင်းငှာ ပြင်ဆင်နှင့်ပြီ (၁ ရာချုပ် ၂၈း၂)။

ဟေရှာယ ၆၆း၁ က ပြောနေသလိုပင် ဘုရားသခင်၏ ပလ္လင်တော်သည် ကောင်းကင်ဘုံတွင် ရှိနေပါသည်။ သို့သော်လည်း ထိုပလ္လင်တော်၏ ခြေတော်တင်ရာခုံ တနည်းအားဖြင့် ကိုယ်တော်၏ ခြေတော် မြေကြီးနှင့် ထိစပ်ရာနေရာသည် ဗိမ္မာန်တော်ထဲရှိ ပဋိညာဉ် သေတ္တာတော်ပင် ဖြစ်သည်။ ဗိမ္မာန်တော်ကို ဘုရားသခင်၏ မြင်ရသော ဘုန်းတော်က ဖြည့်ခဲ့သည်မှာ ဧဒင်ဥယျာဉ်တော်ထဲ အာဒံနှင့် ဧဝသို့ ဘုရားသခင် ထင်ရှားတော်မူပုံနှင့် များစွာ အလားတူပါသည်။ ယေရုရှလင်ဗိမ္မာန်တော်သည်လည်း မြေကြီးပေါ်မှာ ဘုရားသခင် ရှင်ဘုရင်အဖြစ် စိုးစံတော်မူခြင်း၏ အထင်ရှားဆုံး ပြယုဂ် ဖြစ်လာခဲ့သည်။

ထို့ကြောင့် ဒါဝိဒ်နှင့် ရှောလမုန်တို့ လက်ထက်ရောက်လာချိန်တွင် အာဗြဟံလက်ထက် ရွှေ့ပြောင်းနေထိုင်သည့် လူမျိုးဖြစ်ခဲ့သည့် ဣသရေလသည် ထွက်မြောက်ခြင်းနှင့် နယ်မြေသိမ်းပိုက်အောင်မြင်ခြင်းတို့အားဖြင့် အခြေချထူထောင်ထားသော နိုင်ငံတစ်ခု အဖြစ်သို့၎င်း၊ ထို့နောက်တွင် ယေရုရှလင်မြို့တော်၌ ရှင်ဘုရင် ထီးနန်းစိုက်ပြီး ဗိမ္မာန်တော်ပါ ရှိနေသော အင်ပါယာတစ်ခုအဖြစ်သို့၎င်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ သို့သော် ဣသရေလကို ဤအခြေအနေထိ ဘုရားသခင် ပို့ဆောင်လာရခြင်း ရည်ရွယ်ချက်သည် အဘယ်နည်း။ ဣသရေလ အင်ပါယာ ထူထောင်ရခြင်း၏ မဟာပန်းတိုင်ကြီးသည် အဘယ်နည်း။ ဆာလံ ၇၂း၁-၁၇ တွင် ဆာလံဆရာက

ဒါဝိဒ်နန်းဆက် အုပ်စိုးမှုအောက်၌ ရှိလာမည့် ဣသရေလ၏ ဘုန်းနှင့် ပြည့်စုံသော အနာဂတ်ကို ဤသို့ ဖော်ပြထားသည်။

> အိုဘုရားသခင်၊ ကိုယ်တော်၏ တရားဆုံးဖြတ်ခြင်းနှင့် ဖြောင့်မတ်စွာ စီရင်ခြင်းအခွင့်ကို မင်းသားဖြစ်သော ရှင်ဘုရင်အား ပေးသနားတော်မူပါ။ ... ပင်လယ် တစ်ပါးမှ တစ်ပါးတိုင်အောင်၎င်း၊ မြစ်မှသည် မြေစွန်းတိုင်အောင်၎င်း အစိုးရတော်မူလိမ့်မည်။ ... ထိုမျှမက ရှင်ဘုရင်အပေါင်းတို့သည် ရှေ့တော်၌ ပြပ်ဝပ်၍ ခပ်သိမ်းသောလူမျိုးတို့သည် အမှုတော်ကို ထမ်းကြလိမ့်မည်။ ... နာမတော်သည် အစဉ်အမြဲတည်လိမ့်မည်။ နေသည် တည်သမျှသော ကာလပတ်လုံး နာမတော်တိုးပွားလိမ့်မည်။ ကျေးဇူးတော်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြ၍ မင်္ဂလာရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည်။ (ဆာလံ ၇၂း၁-၁၇)

ဤကျမ်းပိုဒ်တွင် ဆာလံဆရာသည် "ရှင်ဘုရင်"နှင့် "မင်းသား" အတွက် ဆုတောင်းပေးခဲ့သည်။ ဒါဝိဒ်၏ နန်းဆက်သည် "တရားမျှတခြင်း" နှင့် "ဖြောင့်မတ်ခြင်း" လက္ခဏာဆောင်မည့်အကြောင်း သူ ဆုတောင်းပေးခဲ့သည်။ သို့ရာတွင် ဒါဝိဒ် အုပ်စိုးမှု သည် မြေတပြင်လုံးအထိ ကျယ်ပြန့်မည့်အကြောင်း၊ ပင်လယ်တပါးမှ တပါးတိုင်အောင်၊ မြစ်မှသည် မြေစွန်းတိုင်အောင် သူအုပ်စိုးမည့်အကြောင်းကိုလည်း သူဆုတောင်းပေးခဲ့သည်။ ရှင်ဘုရင်အပေါင်းတို့သည် ရှေ့တော်၌ ပြပ်ဝပ်၍ အမှုတော်ကို ထမ်းမည့်အကြောင်း သူ ဆုတောင်းပေးခဲ့သည်။ ရှင်ဘုရင်၏ "နာမတော်" သည် အစဉ်အမြဲတည်ပါမည့်အကြောင်းနှင့် နေသည် တည်သမျှသော ကာလပတ်လုံး "နာမတော်" သည် တိုးပွားမည့်အကြောင်း သူ ဆုတောင်းပေးခဲ့သည်။ အခန်းငယ် ၁၇ တွင် ဆာလံဆရာက ဒါဝိဒ် နန်းဆက်နှင့် ပတ်သက်၍ အဆိုပါ စကားလုံးများကို ရေးခဲ့ခြင်းသည်လည်း အံ့သြစရာ မဟုတ်တော့ပါ။ "လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရ၍ မင်္ဂလာရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည်"

အာဗြဟံသည် ကမ္ဘာမြေကြီးပေါ်က လူမျိုးအပေါင်းတို့ အဖို့ ကောင်းချီးမင်္ဂလာ ဖြစ်မည့်အကြောင်း ကမ္ဘာ ၁၂း၃ ပါ ဘုရားသခင့် ကတိတော်ကို ရည်ညွှန်းထားချက်သည် ထင်ရှားပေါ်လွင်နေပါသည်။ ဒါဝိဒ်၏ အိမ်သူအိမ်သားတို့သည် ဘုရားသခင့် ကောင်းချီးကို လူမျိုးအပေါင်းသို့ ဖြန့်ကျက်သောအခါ အာဗြဟံနှင့် သူ၏ သားမြေးတို့ကို ဘုရားသခင် ရွေးကောက်ရခြင်း ရည်ရွယ်ချက်သည် အဆုံး၌ ပြည့်စုံလာမည်ဖြစ်သည်။ ထို့နောက်တွင်သစ္စာရှိသူတို့သည် တရားမျှတစွာ စီရင်ဆုံးဖြတ်ခြင်းကို ရရှိကြမည် ဖြစ်ပြီး တိုးတက်ကြီးပွားခြင်းနှင့် ငြိမ်သက်ခြင်းသည်လည်း ကမ္ဘာမြေတလွှား ကြွယ်ဝများပြားကြမည် ဖြစ်သည်။ ဤ အနာဂတ် ပုံသဏ္ဍာန်တော်ကို ထည့်သွင်း စဉ်းစားရင်း ဆာလံဆရာသည် အခန်းငယ် ၁၉ ၌ ဘုရားသခင်ထံ ဤသို့သော မြည်ဟိန်းကျယ်လောင်သည့် ချီးမွမ်းသံဖြင့် ပိတ်သိမ်းထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုန်းကြီးသော နာမတော်သည်လည်း အစဉ်အမြဲ မင်္ဂလာ ရှိတော်မူစေသတည်း။ မြေကြီး တပြင်လုံးသည် ဘုန်းတော်နှင့် ပြည့်ပါစေသတည်း။ အာမင်နှင့် အာမင်။ (ဆာလံ ၇၂း၁၉)

ဣသရေလတွင် ဖြစ်ပေါ် ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ အတွက် အဆုံးသတ် ရည်ရွယ်ချက်ကို ဆာလံ ၇၂း၁၉ ကဖော်ပြသည်။ နိုင်ငံတော်၏ ဤ အဆင့်များအားလုံးသည် မြေတပြင်လုံးကို ဘုရားသခင့် ဘုန်းတော်နှင့် ပြည့်စေရန် ရည်ရွယ်ချက်များ ရှိထားခဲ့သည်။ ဘုရားသခင့် နိုင်ငံတော်သည် ဒါဝိဒ် အိမ်သူအိမ်သားတို့၏ အုပ်စိုးမှုအားဖြင့် ဣသရေလ နယ်နိမိတ်များကို ကျော်လွန်၍ မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်လာသည်နှင့် အမျှ ဘုရားသခင်၏ ဘုန်းနှင့်ပြည့်ဝသော မျက်မှောက်တော်သည်လည်း ကောင်းကင်ကို ဖြည့်ထားပြီး ဖြစ်သကဲ့သို့ ကမ္ဘာမြေကြီး တစ်ခုလုံးကိုလည်း ဖြည့်လိမ့်မည် ဖြစ်သည်။

> တနေ့တွင် ကမ္ဘာမြေကြီးတစ်ခုလုံးသည် ဘုရားသခင်၏ ထွန်းလင်းတောက်ပမှုနှင့် ပြည့်ဝနေလိမ့်မည် ဖြစ်သည်။ ၎င်းသည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဖြည့်လိမ့်မည် ဖြစ်သောကြောင့် ဗျာဒိတ်ကျမ်းလာ သင်္ကေတနိမိတ်ပုံအရ ဘုရားသခင်၏ ဘုန်းတော်သည် အလင်းကို ပေးမည် ဖြစ်၍ နေပင်လျှင် ရှိနေရန် လိုအပ်တော့မည် မဟုတ်။ ဘုန်းတော်သည် စကြဝဠာရှိသမျှ အနှံ့အပြား ထွန်းလင်းတောက်ပနေလိမ့်မည် ဖြစ်သည်။ မိမိ၏ ပုံသဏ္ဍာန်တော်အဖြစ် လူယောက်ျား၊ လူမိန်းမကို ဘုရားသခင် ဖန်ဆင်းခဲ့ပြီးနောက် ကိုယ်တော်သည် သူတို့ထံသို့ သွား၍ မြေကြီးကို ပြည့်စေပြီး နိုင်ရန် ပြောဆိုခဲ့ရာ ကမ္ဘာဦးကျမ်း အခန်းကြီး ၁ တွင် ထို အကြံအစည် အစပြုခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ကမ္ဘာဦး ၁ တလျှောက်လုံးကို ပြန်လှည့်ကြည့်လျှင်လည်း ဘုရားသခင့် အကြံအစည်တော်သည် ဒေင်ဥယျာဉ်ကို ဖြည့်ရုံသက်သက် မဟုတ်ဘဲ မြေကြီးတပြင်လုံးကို သူ၏ ပုံသဏ္ဍာန်တော်၊ ဝတ်ပြုကိုးကွယ်သော ပုံသဏ္ဍာန်တော်ဖြင့် ဖြည့်ရေး ဖြစ်ကြောင်း ပြသနေပြီး သူ၏ ဘုန်းတော်ဖြင့် သူ့ကို ပြန်၍ ထင်ဟပ်ပြနေခြင်းလည်း ဖြစ်သည်။

**ဒေါက်တာ Scott Redd**

ယခုအချိန်ထိ ကျွန်ုပ်တို့သည် ဘုရားနိုင်ငံတော်အကြောင်း အကျဉ်းသဘောဖြင့်ရော အကျယ် သဘောဖြင့်ပါ ဓမ္မဟောင်းက မည်သို့ပြောပြခဲ့သည်ကိုငင်း၊ ဘုရားသခင့် နိုင်ငံတော်သည် ရှေးဦး ကမ္ဘာ့သမိုင်းအတွင်းနှင့် ဣသရေလနိုင်ငံ သမိုင်း အတွင်းတို့တွင် မည်သို့ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်ကိုငင်း တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ ယခုတွင်မူ ကျွန်ုပ်တို့သည် ဓမ္မသစ် ကာလတွင် ဘုရားသခင့် နိုင်ငံတော် ပြီးပြည့်စုံခြင်း ဟူသော ကျွန်ုပ်တို့၏ နောက်ဆုံး အကြောင်းအရာသို့ လှည့်ကြပါမည်။

# ဓမ္မသစ်

ခရစ်ယာန် ရှိသမျှတို့အတွက် အတည်ပြုစရာ တစ်ခု ရှိသည်ဆိုပါက ၎င်းသည် ယေရှု၏ အမှုတော် အချက်အချာ (ဝါ) ဓမ္မသစ်တစ်ခုလုံး၏ အချက်အချာမှာ ဝမ်းမြောက်ဖွယ် သတင်းကောင်းပင် ဖြစ်သည် ဆိုသော အရာပင်ဖြစ်သည်။ ခရစ်ယာန် သတင်းစကား ဝေငှဆင့်ဆိုချက် (ဝါ) "သတင်းကောင်း" သည် ကျွန်ုပ်တို့၏ ခရစ်ယာန် ယုံကြည်ခြင်း၏ အချက်အချာဖြစ်သည်။ ဤအဆိုကို ကျွန်ုပ်တို့ အများစု သဘောတူကြမည် ဖြစ်သော်ငြား ခရစ်ယာန် သတင်းကောင်းသည် ဓမ္မဟောင်းထဲ မည်မျှလောက် နက်နက်ရှိုင်းရှိုင်း မြစ်ဖျားခံနေသည်ကို ကျွန်ုပ်တို့ စဉ်းစားမိခဲလှပါသည်။ ခရစ်ယာန် ယုံကြည်ခြင်း၏ သတင်းကောင်းသည် အတိတ်က ဘုရားသခင့် နိုင်ငံတော်၏ ကျရှုံးမှုများကို ယေရှု အောင်တော်မူပြီး မြေကြီးစွန်းတိုင်အောင် ဘုရားသခင်၏ အောင်မြင်သော အုပ်စိုးမှုကို ဖြန့်ကျက်ရာတွင်လည်း အောင်မြင်ကြောင်း ဆင့်ဆိုဝေငှချက် ဖြစ်သည်။ ဤ အရာသည် ကျွန်ုပ်တို့ ယုံကြည်သော သတင်းကောင်း ဖြစ်သည်။ ၎င်းသည် ဘုရားသခင့် နိုင်ငံတော် အကြောင်း သတင်းကောင်း ဖြစ်သည်။

မဿဲ ၄:၂၃ ပါ ယေရှု တရားဟောချက်ကို ရှင်မဿဲ အကျဉ်းချုပ်ထားပုံအား နားထောင်ကြည့်ပါ။

> ယေရှုသည် တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိ တရားကို ဟောပြောလျက် လူတို့တွင် အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက် ဂါလိလဲ ပြည် တပြည်လုံးကို ဒေသစာရီ လှည့်လည်တော်မူ၏ (မဿဲ ၄:၂၃)။

ဤ နေရာတွင် ကျွန်ုပ်တို့ တွေ့ရသလို ယေရှုသည် "ဧဝံဂေလိတရားကို ဟောလျက်" သို့မဟုတ် သတင်းကောင်းကို ဟောလျက် လှည့်လည်တော်မူသည်။ သို့သော် ဤ သတင်းကောင်းသည် ဘာအကြောင်းကို ဆိုလိုပါသနည်း။ ၎င်းသည် "နိုင်ငံတော်" အကြောင်း သတင်းကောင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည်ပြီး သူတပါးတို့အား ဟောပြောသော သတင်းကောင်းမှာ ဘုန်းနှင့် ပြည့်စုံသော ဘုရားသခင့် နိုင်ငံတော်သည် ကောင်းကင်ဘုံတွင် ပြည့်စုံပြီးသကဲ့သို့ မြေကြီးပေါ်တွင် ပြည့်စုံလာမည့်အကြောင်း ဓမ္မဟောင်းမျှော်လင့်ချက် ရှိသမျှကို ခရစ်တော်က ပြည့်စုံစေခဲ့သည်။

> နိုင်ငံတော် အကြောင်း သတင်းစကား (ဝါ) ဘုရားသခင် အုပ်စိုးကြောင်း သတင်းကောင်းကို ကျွန်ုပ်တို့ ပြောကြသည့်အခါ ဆက်ကျူးအေးဂျင့် ခေါ် ဟေလလသ ဘာသာဖြင့် ပြန်ဆိုထားသည့် ဓမ္မဟောင်းကျမ်းကိုသာ ကျမ်းစာအဖြစ် ပိုင်ဆိုင်ခဲ့သည့် ကနဦး ယုံကြည်သူများ စဉ်းစားတွေးခေါ် ခဲ့နိုင်မည့် အရာတို့ကို စဉ်းစားဆင်ခြင်ရန် အထောက်အကူ ဖြစ်စေပါသည်။ ဟေရှာယ အခန်းကြီး ၅၂ ထဲတွင် ဘုရားသခင်က သူ့လူများကို မူလအခြေအနေသို့ ပြန်ရောက်စေမည့်အကြောင်း ကြေငြာခဲ့ပြီးနောက် ပြောဆိုသည်မှာ "ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကယ်တင်ခြင်း ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊ သင်၏ ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသောသူ၏ ခြေတို့သည် အလွန်တင့်တယ်လှစွတကား"။ ငြိမ်သက်ခြင်း၏ သတင်းကောင်းဟု ဆိုထားသဖြင့် ၎င်းသည် ဘုရားသခင့် ငြိမ်သက်ခြင်း အကြောင်း သတင်းကောင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင် စိုးစံတော်မူကြောင်း သတင်းကောင်း ဖြစ်သည်။ ဘုရားသခင်သည် သူ့လူတို့ကို ကယ်တင်နေသည် ဆိုခြင်းသည် သတင်းကောင်း ဖြစ်သည်။ ကမ္ဘာလောကထဲ ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းတို့ကို ဆောင်သွင်းရန် ဘုရားသခင်သည် သူ့လူများ ကိုယ်စား ဆောင်ရွက်ပေးနေခြင်းသည် သတင်းကောင်း ဖြစ်သည်။ သို့သော် ထိုအရာတို့သည် ယေရှု ပထမအကြိမ် ကြွလာစဉ်ကတည်းက ရောက်ရှိပြီး ဖြစ်နေသည်။ ယေရှုသည် ကျွန်ုပ်တို့အား နမူနာပေးခဲ့ပြီး ဖြစ်ပါသည်။ ယေရှုသည် လူတို့အား အနာငြိမ်းနေစဉ်မှာပင်၊ အံ့ဖွယ်သော အမှုများကို ပြုလုပ်နေစဉ်မှာပင် ကျွန်ုပ်တို့အတွက် အမြည်းအစမ်း ပေးထားခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတို့သည် ဘုရားနိုင်ငံတော် စုံလင်ပြည့်ဝစွာ ပုံပေါ်လာသည့်အခါ နိုင်ငံတော်အတွင်း ကျွန်ုပ်တို့ အပြည့်အဝ ပိုမိုခံစားတွေ့ကြုံရမည့် တစုံတခုသောအရာ၏ အမြည်းအစမ်းပင် ဖြစ်တော့သည်။
>
> **ဒေါက်တာ Craig S. Keener**

သမ္မာကျမ်းစာ သမိုင်း၏ အခြား အဆင့်များကို ကျွန်ုပ်တို့ စူးစမ်းလေ့လာပြီး ဖြစ်၍ ဓမ္မသစ်တွင် ရှိသော ဘုရားသခင့် နိုင်ငံတော်ကို ကျွန်ုပ်တို့ စူးစမ်းလေ့လာကြပါမည်။ ဘုရားသခင့် နိုင်ငံတော်၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဓမ္မသစ်က မည်သို့ ဆိုထားသည်ကို ကျွန်ုပ်တို့ ဦးစွာ လေ့လာကြပါမည်။ ဒုတိယအားဖြင့် နိုင်ငံတော်၏ လူများ အကြောင်းကို ကျွန်ုပ်တို့ ပြောကြပါမည်။ တတိယအားဖြင့် ဓမ္မသစ် ကာလအတွင်း နိုင်ငံတော် တိုးတက်လာမှုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ရှေးဦးစွာ ဓမ္မသစ်ကာလအတွင်း ဘုရားသခင့် နိုင်ငံတော်၏ အခန်းကဏ္ဍကို လေ့လာကြပါစို့။

## တည်ရာဌာန

ဝမ်းနည်းဖွယ်ကောင်းစွာပင် စိတ်ရင်းကောင်းသော ခရစ်တော်၏ နောက်လိုက် များစွာက ဓမ္မသစ် ယုံကြည်ခြင်းသည် မြေကြီးပေါ်မှာ ရှိသော ဘုရားသခင့် နိုင်ငံတော်နှင့် သက်ဆိုင်မှု မရှိသလောက်ဖြစ်သည်ဟု ယုံကြည်ထားကြသည်။ ဓမ္မဟောင်းသည် မြင်ရသော ရုပ်လောကကို ဇောင်းပေးပြီး ဓမ္မသစ် ယုံကြည်ခြင်းကမူ မမြင်ရသော၊ ကောင်းကင် အမှန်တရားများနှင့် အတွင်းဝိညာဉ်ရေး ကိစ္စများကို ဇောင်းပေးသည် ဟူသော ပြောသံကို မကြာခဏ ကျွန်ုပ်တို့ ကြားရသည်။ ယခုတွင် ဤ အဆို မှန်ကန်သည်ဟု မြင်စေသည့် စဉ်းစားနည်းများ ရှိနေသည်။ ခရစ်တော်၏

နောက်လိုက်များ၌ သူတို့၏ နိုင်ငံသား ဖြစ်မှုသည် မြေကြီး နိုင်ငံတော်များနှင့် မဆိုင်ဘဲ ကောင်းကင်ဘုံနှင့်သာ စပ်ဆိုင်နေသည်။ အကြောင်းမှာ ယခုလို အခိုက်အတန့်၌ ကျွန်ုပ်တို့၏ ရှင်ဘုရင် ယေရှုသည် ကောင်းကင်ဘုံတွင် ရှိတော်မူပြီး ခမည်းတော်ဘုရား၏ လက်ျာဘက်တွင် ထိုင်နေတော်မူသည်။   အတွင်းသဘောထားဆိုင်ရာ ဝိညာဉ်ရေး အမှုကိစ္စများအပေါ်တွင်လည်း ကျွန်ုပ်တို့ စူးစိုက်မှု ရှိကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ခန္ဓာများသည် ပျက်ဆီးခြင်းကို ခံစားတွေ့ကြုံနေရသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အတွင်း၌ အသစ်ပြင်ဆင်ပေး၍ ဖြစ်သည်။  သို့သော် ဤနေရာတွင် ကျွန်ုပ်တို့ အလွန် သတိထားကြရပါမည်။ ဓမ္မသစ်ယုံကြည်ခြင်း သည် ဓမ္မဟောင်းထဲက ဘုရားသခင့် နိုင်ငံတော် ရည်ရွယ်ချက်များ အကြောင်း နှင့် ကွဲကွာ ခွဲခွာနေခြင်း မရှိပါ။  ထိုအစား ဓမ္မသစ် ယုံကြည်ခြင်းက ဘုရားသခင့် နိုင်ငံတော်၏ နောက်ဆုံးအဆင့်ကို ယေရှု ဖြည့်ဆည်းပေးခဲ့ကြောင်း ဆင့်ဆို ဝေငှပေးခဲ့သည်။  သူသည် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ကျေးဇူးပြုခြင်း ဆိုင်ရာ နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်နေခြင်းလည်း ဖြစ်သည်။

ကျွန်ုပ်တို့ ဓမ္မဟောင်းတွင် တွေ့ရသလိုပင် အကြောင်းချင်းရာများစွာ၌ ဓမ္မသစ်ကျမ်းသည် ဘုရားသခင့် နိုင်ငံတော်၏ အခန်းကဏ္ဍအပေါ် ညီတူညီမျှ  ဇောင်းပေးနေခဲ့သည်။  ပထမအားဖြင့် ခရစ်တော်၏ နိုင်ငံတော်လုပ်ငန်းသည် ဘုရားသခင့် အုပ်စိုးမှု၏ ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာ၊ ဣသရေလ နယ်မြေတွင် စတင်ခဲ့ကြောင်း ဓမ္မသစ်က ညွှန်ပြနေသည်။ ဒုတိယအားဖြင့် မြေကြီးစွန်းတိုင်အောင် သူ၏ ပထဝီအနေအထားအရ အုပ်စိုးမှု ချဲ့ထွင်ဖြန့်ကျက်ရေးအတွက် ဘုရား သခင်ခေါ်ယူသည့် တာဝန်ကို ခရစ်တော်က မည်သို့ ဖြည့်ဆည်း ပြည့်စုံစေသည် ဆိုသည့် အပေါ် ဓမ္မသစ်က အလေးပေးထားသည်။  ဦးစွာပထမ ဓမ္မသစ်ကာလအတွင်း ဘုရားသခင့် နိုင်ငံတော်၏ ပထဝီဆိုင်ရာ အချက်အချာကို လေ့လာကြပါစို့။

## အချက်အချာ

ရှေးဦး ကမ္ဘာ့သမိုင်း ကာလ အတွင်းတွင် ဧဒင်နှင့် ၎င်း၏ သန့်ရှင်းမြင့်မြတ်သော ဥယျာဉ် တို့သည် ဘုရားသခင့် နိုင်ငံတော်၏ ပထဝီဆိုင်ရာ အချက်အချာ နေရာများ ဖြစ်ခဲ့ကြသည်။ ထိုနေရာမှစ၍ လူသားမျိုးနွယ်သည် ဘုရားသခင့် အုပ်စိုးမှုကို မြေကြီးစွန်းတိုင်အောင် တိုးချဲ့ရန် ရှိခဲ့သည်။ နောက်ပိုင်းတွင် သူ၏ နိုင်ငံတော်ကို ကတိတော်နယ်မြေရှိ ဣသရေလနိုင်ငံ အသွင်ဖြင့် ဘုရားသခင် တည်ဆောက်ခဲ့တော့သည်။ ဆက်လက်၍ ထိုမှတဆင့် ဘုရားသခင့် လူများသည် မြေကြီးစွန်းတိုင်အောင် နိုင်ငံတော်ကို စတင်၍ တိုးချဲ့ဖြန့်ကျက်ခဲ့ကြသည်။  မြေကြီးပေါ် ရှိ ဘုရားသခင့် အုပ်စိုးမှု၏ ဤ အထင်ရှားဆုံး ပြယုဂ်သည် ဓမ္မဟောင်းယုံကြည်ခြင်းအတွက် အလွန် အရေးပါရကား ဣသရေလ၏ ကယ်တင်ရှင် မေရှိယ ဖြစ်တော်မူသော ယေရှု၏ သက်တော်စဉ်၌ ၎င်းကို တွေ့ရခြင်းအပေါ် ကျွန်ုပ်တို့ မအံ့သြသင့်ပါ။

အဲဂုတ္တုု၌ ငယ်စဉ်ကလေးဘဝ ခဏတာမှလွဲ၍ ယေရှုသည် မိမိ၏ တဘဝလုံးကို ကတိတော်နယ်မြေတွင် ကုန်ဆုံးခဲ့သည်။  ယေရှုကို ဣသရေလနယ်မြေတွင် ဖွားသန့်စင်ခဲ့သည်။ သူသည် ကြီးပြင်းခဲ့ပြီး တပည့်တော်များကို ခေါ် ခဲ့သည်။ အမှုတော်ဆောင်ပြီး အသေခံခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ တက်ကြွသွားခဲ့သည်။ ပင်တေကုတ္တေနေ့မှာပင်လျှင် ယေရှုသည် သတင်းကောင်း ကြားနာရန်အတွက် တိုင်းနိုင်ငံ အသီးသီးတွင် ပြန့်ကျဲနေသော ဂျူးလူမျိုးများစွာကို ကတိတော် နယ်မြေတွင် စုဝေးစေခဲ့သည်။

မြေကြီးပေါ်မှာ ယေရှုပြုသော အမှုတော်၏ တည်နေရာသည် အဘယ်ကြောင့် ထိုမျှ အရေးကြီးရသနည်း ဆိုသည်ကို နားလည်ရန်အတွက် ယေရှုမဖွားမြင်မီ ကတိတော်နယ်မြေထဲ ဘာဖြစ်ခဲ့သည် ဆိုသည်ကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားကြရပါမည်။ ဒါဝိဒ်နှင့် သူ့သားမြေးများ အုပ်စိုးမှုအောက်တွင် ဘုရားသခင်သည် ဣသရေလကို ကတိတော်နယ်မြေထဲတွင် နိုင်ငံတော် တစ်ခု အဖြစ် ထူထောင်ထားခဲ့သည်။ သို့သော် ဓမ္မဟောင်း သမိုင်းအကုန်လောက်တွင် ကြေကွဲဖွယ် အဖြစ်ကြီးတစ်ခု ပေါ်ပေါက်ခဲ့သည်။ ဣသရေလလူများနှင့် သူတို့၏ ဘုရင်တို့သည် ဣသရေလလူ အများစုကို ကတိတော်နယ်မြေမှ ဘုရားသခင်က နယ်နှင်မောင်းထုတ်သည်အထိ ဘုရားသခင်ကို ဆန့်ကျင် ပုန်ကန်ခဲ့ကြသည်။ တပါး အမျိုး တိုင်းပြည်များနှင့် သူတို့ ကိုးကွယ်သော မှားယွင်းသည့် နတ်ဘုရားဆိုးများသည် ကတိတော်နယ်မြေရှိ အပျက်အဆီးပုံများကြား ရှင်သန်နေဆဲ ဣသရေလလူများ အပေါ်တွင်ပင် အုပ်စိုးနေခဲ့ကြသည်။

ယေရှု လောကသို့ ကြွမလာမီက ဣသရေလ၏ သားစဉ်မြေးဆက်တို့သည် နှစ်ပေါင်း ၅၀၀ကျော် ဘုရားသခင့်ထံမှ လာသော တရားစီရင်မှုအောက်တွင် ဒုက္ခခံစားခဲ့ကြရသည်။ ယေရှု မြေကြီးပေါ်မှာ အမှုတော်ဆောင်သည့်ကာလ အတွင်းမှာပင်လျှင် ကတိတော်နယ်မြေသည် ရောမ အင်ပါယာ၏ အုပ်စိုးမှုအောက်တွင် ရှိနေခဲ့သည်။ နယ်မြေသည် အပြစ်နှင့် မှောင်မိုက်တို့ဖြင့် ပြည့်နေခဲ့သည်။ ၎င်းသည် ဝိညာဉ်ဆိုးများ၏ ဝင်ရောက်စီးနင်းခြင်းကို ခံခဲ့ရသည်။ သို့သော် ယေရှုသည် ဤကြောက်မက်ဖွယ် အခြေအနေများကို ပြောင်းပြန်လှန်ပစ်ရန် နှင့် ဘုရားသခင့် နိုင်ငံတော် ထူထောင်ရေး နောက်ဆုံး အဆင့်များကို မြေကြီးပေါ်မှာ ဖော်ဆောင်ရန် ကြွလာခဲ့သည်။ လုကာ ၄း၁၇-၁၉ ရှိ ရှင်လုကာ၏ ဖြစ်စဉ်ထဲက နာဇရက် တရားစရပ်တွင် ယေရှု အစောဆုံး ဟောပြောခဲ့သော ဒေသနာ တစ်ခုကို နားထောင်ကြည့်ပါ။

> ပရောဖက် ဟေရှာယ၏ ကျမ်းစာကို (ယေရှုအား) ပေးသည်ဖြစ်၍ ကျမ်းစာကို ဖွင့်တော်မူလျှင် တွေ့သော အချက်စကားဟူမူကား "ထာဝရ ဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာ သတင်းကို ကြားပြောစေခြင်းငှာ ငါ့ကို ဘိသိတ်ပေးတော်မူပြီ။ ကြေမွသော သူတို့၏ အနာကို ပျောက်စေခြင်းငှာ၎င်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိပြန်မြင်ခြင်းအကြောင်းကို ပြစေခြင်းငှာ၎င်း၊ ညှင်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှာ၎င်း၊ ထာဝရ ဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာ ငါ့ကို စေလွှတ်တော်မူပြီ" (လုကာ ၄း၁၇-၁၉)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနေရာတွင် ယေရှုသည် ဓမ္မဟောင်းက မျှော်လင့်နေသော ဘုရားသခင့် နိုင်ငံတော် ရည်ရွယ်ချက်များ၏ နောက်ဆုံးပိတ် အောင်မြင်မှုများကို ကိုးကား ရည်ညွှန်းခဲ့ခြင်း ဖြစ်သည်။ ဟေရှာယ ၆၁ထဲက ဤပရောဖက်ပြုချက်သည် နယ်နှင် တရားစီရင်ချက် အဆုံးသတ်သည့် အချိန်၌ ဘုရားသခင်သည် သူ့လူများအပေါ် ကောင်းချီးများ သွန်းလောင်းမည် ဆိုသည်ကို ကြိုတင်ပြောထားခဲ့သည်။ ယေရှုက နယ်နှင် ကျိန်စာအောက်တွင် ကြံကြံခံနေခဲ့ရသည့် ဣသရေလလူများ၏ ကြောက်မက်ဖွယ် အခြေအနေများကို ဝန်ခံသည့် အနေဖြင့် "ဆင်းရဲသားများ"၊"ဖမ်းသွားချုပ်ထားလျက် ရှိသူများ"၊"မျက်စိကန်းသောသူများ"၊"ညှင်းဆဲခံရသူများ" စသည်ဖြင့် ဖော်ပြထားသည်။ သို့သော် သူသည် သူနှင့်အတူရှိနေသူများအား နယ်နှင်ခြင်းကို အဆုံးသတ်ရန် တစ်စုံတစ်ယောက်က ကတိတော်ရခဲ့ကြောင်းကိုလည်း သတိပေးခဲ့သည်။ သူသည် သူ့အပေါ် တည်သည့် ထာဝရ ဘုရား၏ ဝိဉာဉ်တော်ကို ရရှိလိမ့်မည်။ ထိုသူသည် ဘုရားသခင်ထံမှ "ဘိသိတ်ပေးခြင်းကိုခံရသောသူ" ဖြစ်သည်။ ဤ ဘိသိတ်ခံသူ ရှင်ဘုရင် မေရှိယသည် သူ၏ လူများထံ "ထာဝရ ဘုရား၏ မင်္ဂလာနှစ်ကာလ" (ဝါ) ကျေးဇူးတော်ကို ဆင့်ဆိုဟောပြောလိမ့်မည် ဖြစ်သည်။ သူသည် သတင်းကောင်း (ဝါ) ဧဝံဂေလိတရားကို ဆင်းရဲသားများသို့၄င်း၊ လွတ်ခြင်းအကြောင်းကို ဖမ်းသွားချုပ်ထားလျက်ရှိသူများသို့၄င်း၊ မျက်စိပြန်မြင်ခြင်းအကြောင်းကို မျက်စိကန်းသူများသို့၄င်း ဆင့်ဆိုဟောပြော၍ ညှင်းဆဲခံရသောသူများအားလည်း လွတ်မြောက်ခြင်း အဖြစ်၌ တည်စေပါလိမ့်မည်။ ယခုတွင် အဆိုပါ မျှော်လင့်ချက်စကားများကို ဖတ်ပြီးသည့်နောက် လုကာ ၄း၂၀-၂၁ တွင် ယေရှု ဘာလုပ်ခဲ့သည်ကို နားထောင်ကြည့်ပါ။

> (ယေရှု) သည် ကျမ်းစာကို လိပ်၍ စရပ်စောင့်အား ပေးတော်မူပြီးမှ ထိုင်တော်မူ၏။ ဟရပ်၌ ရှိသောသူ အပေါင်းတို့သည် ကိုယ်တော်ကို စေ့စေ့ကြည့်လျက် နေကြ၏။ သူတို့အား "ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည့်အတိုင်း ပြည့်စုံလေပြီ"ဟု သူ စတင် မိန့်တော်မူခဲ့သည်။

ယေရှုက သူသည် ဣသရေလတို့၏ နယ်နှင်ခံရမှုကို အဆုံးသတ်ရန်နှင့် ဘုရားသခင့် ကောင်းချီးသွန်းလောင်းမှုကို သူ၏ လူများအပေါ် ယူဆောင်လာရန် အတွက် ဓမ္မဟောင်းတွင် ကြိုတင်ဟောပြောထားသည့် သူ ဖြစ်ကြောင်း ရဲရင့်စွာ ဆင့်ဆိုသည်။ ထို့ကြောင့်ပင် ဓမ္မသစ်သည် ကတိတော်နယ်မြေတွင် ယေရှု ဘာလုပ်ခဲ့သည် ဆိုသည့်အပေါ် အလွန်ပင် စူးစိုက်ထားခဲ့သည်။ သူသည် အာဗြဟံ၏ သစ္စာစောင့်သော အမျိုးအနွယ် ကို မြေကြီးပေါ်က ဘုရားသခင့် နိုင်ငံတော်၏ ပထဝီဆိုင်ရာ အချက်အချာ နေရာတွင် ရွေးနှုတ်ကယ်တင်ရန်အတွက် ဣသရေလတို့၏ နယ်မြေသို့ ဦးစွာ ကြွလာခဲ့သည်။

ယခုတွင် ဓမ္မသစ်၌ ဘုရားသခင့် နိုင်ငံတော်၏ ပထဝီဆိုင်ရာ အချက်အချာသည် ကတိတော်နယ်မြေဖြစ်ကြောင်း မှတ်သားထားရန် အရေးကြီးသည်။ သို့သော် မြေကြီးစွန်းတိုင်အောင် နောက်ဆုံးပိတ် လုံးလုံးလျားလျား အောင်မြင်သော ဘုရားသခင့် နိုင်ငံတော်၏ ပထဝီဆိုင်ရာ ဖြန့်ကျက်ကျယ်ပြန့်လာမှုကို ယေရှု၏ ပထမကြွလာခြင်းက စတင်သက်ဝင်လှုပ်ရှားစေခဲ့သည် ဆိုသည့် အမြင်ကို ထိမ်းသိမ်းထားရန်လည်း အရေးကြီးသည်။

## တိုးချဲ့ကျယ်ပြန့်လာခြင်း

မဿဲ ၆း၁၀တွင် ကျွန်ုပ်တို့အစောပိုင်း မှတ်သားထားခဲ့ကြသလို ယေရှုသည် သူ့တပည့်တော်များအား ကမ္ဘာမြေကြီး တလျှောက် ဘုရားသခင့် နိုင်ငံတော် တိုးချဲ့နိုင်ဖို့ ဆုတောင်းရန် သွန်သင်ခဲ့စဉ်က ကိုယ်တော် မိန့်တော်မူခဲ့သည်မှာ

> နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော (မဿဲ ၆း၁၀)။

သူ၏ အမှုတော် တလျှောက် ယေရှုသည် ဤကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်အပေါ် တပည့်တော်များကို အာရုံစူးစိုက်နေစေခဲ့သည်။ မဿဲ ၂၄း၁၄ တွင်ကျွန်ုပ်တို့ ဖတ်ရသည့်အတိုင်း သူ၏ တပည့်တော်များကို ယေရှု ပြောခဲ့သည်မှာ

> လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ် ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည် ဖြစ်လတံ့ (မဿဲ ၂၄း၁၄)။

ဘုရားသခင့် နိုင်ငံတော် ရောက်ရှိလာကြောင်း သတင်းကောင်း၏ သတင်းစကားသည် လောကီကမ္ဘာတလွှား နှံ့ပြားဖြန့်ကျက်ရမည်ဖြစ်ပြီး ထို့နောက်မှ ယေရှုပြန်ကြွလာမည် ဖြစ်သည်။ ယေရှုနှင့် သူ၏ ပထမရာစုနှစ် တမန်တော်များ၊ ပရောဖက်များသည် သူတို့ကိုယ် သူတို့ ကတိတော်နယ်မြေမှ လောကီကမ္ဘာမြေကြီးပေါ် ရှိ လူမျိုးအပေါင်းထံသို့ ဘုရားသခင့် နိုင်ငံတော် ဖြန့်ကျက်ပျံ့နှံ့ရေးအတွက် ဆက်ကပ်အပ်နှံထားကြကြောင်း ဓမ္မသစ်က အလေးပေးဖော်ပြထားသည်။

ဘုရားသခင့်နိုင်ငံတော် တည်ရာဌာနအပေါ် ဓမ္မသစ်၏ ဇောင်းပေးမှုကို ထည့်သွင်းစဉ်းစားရင်း ကျွန်ုပ်တို့သည် ဓမ္မသစ်ကာလ ဘုရားသခင့်နိုင်ငံတော်၏ လူများသို့ အာရုံစိုက်သင့်ကြပြီ ဖြစ်ပါသည်။

## လူများ

အစအဦး၌ ဘုရားသခင်သည် လူသားများက ဘုရားသခင့် နိုင်ငံတော်ကို ပျံ့နှံ့ဖြန့်ကျက်ကြမည့်အကြောင်း ခွဲခန့်တာဝန်ပေးထားခဲ့သည်။ ဤလုပ်ငန်းတာဝန်အတွက် ဘုရားသခင်သည် သီးသန့်နည်းလမ်းဖြင့် ဣသရေလကို ခေါ်ယူခဲ့ပြီး ဤ ခေါ်ယူမှုကို ပြီးပြည့်စုံစေရာတွင် ဣသရေလ နိုင်ငံကို ဦးဆောင်ရန်အတွက် ဒါဝိဒ်၏ အိမ်သူအိမ်သားကို ခွဲခန့် တာဝန်ပေးထားခဲ့သည်။ သို့သော် ကျွန်ုပ်တို့အစောပိုင်း ဖော်ပြခဲ့သလိုပင် ဓမ္မဟောင်းသမိုင်း အဆုံးတွင် ဒါဝိဒ်၏ အိမ်သူအိမ်သားနှင့် ဣသရေလလူတို့သည် ထိုတာဝန်ကို ဆိုးဆိုးရွားရွား ပျက်ကွက်ခဲ့ကြသဖြင့် ဘုရားသခင်သည် သူတို့အား ဆိုးရွားကြောက်မက်ဖွယ် နယ်နှင်ကျိန်စာ သင့်စေခဲ့သည်။ နှစ်ပေါင်း လေးရာကျော်ခန့်မျှ ဣသရေလ လူများသည် ဘုရားသခင့် ရန်သူတို့၏ နိုင်လိုမင်းထက် ဖိနှိပ်အုပ်စိုးအောက်တွင် ဒုက္ခခံခဲ့ကြရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့် ယေရှုနှင့် သူ၏ နောက်လိုက်တို့က ဧဝံဂေလိ သတင်းစကား (ဝါ) သတင်းကောင်းဟု ခေါ်ဆိုထားခြင်းသည် အံ့သြစရာ မဟုတ်ပါ။ သူတို့က လူသား မျိုးနွယ်အတွက် ဘုရားသခင့် မူလကနဦး ဒီဇိုင်းသည် ယေရှုအားဖြင့် ပြီးပြည့်စုံလုနီးပြီ ဆိုသည့် သတင်းကောင်းကို ဆင့်ဆို ဟောပြောခဲ့ကြသည်။ ယေရှုသည် ဘုရားသခင့် ရန်သူများကို အောင်မြင်မည်ဖြစ်ပြီး ဘုရားသခင့် လူများကိုမူ ကမ္ဘာမြေအနှံ့ ကောင်းချီးပေးမည် ဖြစ်သည်။

ဘုရားသခင့် နိုင်ငံတော်၏ လူများအပေါ် မည်သို့ ဓမ္မသစ်က အာရုံစိုက်စေသည်ဆိုသည်ကို ဆုပ်ကိုင်မိရန်အတွက် ကျွန်ုပ်တို့သည် အကြောင်းအရာနှစ်ခုကို အကြမ်းဖျင်း ဖော်ပြကြပါမည်။ ပထမအားဖြင့် ခရစ်တော်၏ သစ္စာရှိစွာ အမှုတော်ဆောင်ခြင်းကို ဘုရားသခင်၏ အမြင့်ဆုံးသော ပုံသဏ္ဍာန်တော်အဖြစ် စဉ်းစားကြည့်ကြပါစို့။

## ခရစ်တော်

အသိုင်းအဝိုင်းများစွာတွင် သုံးပါးတစ်လုံးတစ်ဝ ဘုရား၏ ဒုတိယပုဂ္ဂိုလ်ဖြစ်သော ထာဝရ *လိုဂို့စ်* လူ့ဇာတိခံယူရသည့် အကြောင်းရင်းကို ခရစ်ယာန်များအနေဖြင့် အနည်းအကျဉ်းမျှသာ သတိပြုမိကြသည်။ ယေရှုသည် အပြည့်အဝ ဘုရားဖြစ်တော်မူသလို အပြည့်အဝ လူသား ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် အများအားဖြင့် ခရစ်တော်၏ ဘုရားဇာတိ တစ်ခုတည်းကိုသာ လုံးလုံးနီးပါး စူးစိုက်မိတတ်ကြသည်။ အကျိုးရလာဒ်အားဖြင့် ယနေ့ ခရစ်တော်၏ နောက်လိုက်များအဖို့ ထာဝရ သုံးပါး တစ်လုံးတစ်ဝ ဘုရား၏ ဒုတိယပုဂ္ဂိုလ်သည် အဘယ်ကြောင့် ကျွန်ုပ်တို့ထဲက တစ်ယောက် ဖြစ်လာခဲ့ကြောင်း ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုရန် မကြာခဏ အခက်အခဲတွေ့ရလေ့ ရှိပါသည်။ အဘယ်ကြောင့် ယေရှု၏ လူ့ဇာတိခံယူခြင်းသည် မရှိမဖြစ် လိုအပ်ပါသနည်း။ ဓမ္မသစ်ကပေးသော အဖြေသည် ရိုးရှင်းပါသည်။ အစအဦးကတည်းက သူ၏ ပုံသဏ္ဍာန်တော်အတွက် ဘုရားသခင် ခွဲခန့် တာဝန်ပေးထားသည့် အရေးကြီးသော ကဏ္ဍကို ပြီးပြည့်စုံစေရန် ယေရှုသည် လူအဖြစ်သို့ ရောက်ရှိလာရပါသည်။

ခရစ်တော်၏ လူ့ဇာတိ အဖြစ်တော်၌ လေးနက်ထူးခြားမှု ရှိသည့်အပေါ် ဓမ္မသစ်က နည်းပေါင်းစုံဖြင့် မီးမောင်းထိုးပြနေသော်လည်း မျက်နှာစာ နှစ်ခုကိုသာ ကျွန်ုပ်တို့ လေ့လာပါမည်။ ပထမအားဖြင့် ယေရှုသည် နောက်ဆုံးဖြစ်သော အာဒံဖြစ်ကြောင်း ဓမ္မသစ် သွန်သင်ချက်နှင့် ဒုတိယအားဖြင့် ယေရှုသည် ဘုရားသခင်၏ ယဇ်ပုရောဟိတ်ဖြစ်သလို ဒါဝိဒ် ၏ အိမ်ထောင်စုမှ ဆင်းသက်သော ရှင်ဘုရင်လည်း ဖြစ်သည် ဆိုသည့်အချက် တို့ ဖြစ်ကြသည်။ ယေရှုသည် နောက်ဆုံးဖြစ်သော အာဒံ ဖြစ်သည်ဟု ဓမ္မသစ်က ပြောသည့်အခါ ၎င်းသည် ဘာကို ဆိုလိုပါသနည်း။

**နောက်ဆုံးဖြစ်သော အာဒံ** ကျမ်းစာလေ့လာသူ ကျောင်းသားတိုင်းလိုလို ရှင်ပေါလုက အာဒံနှင့် ခရစ်တော် အကြား တူညီမှုကို ဆွဲထုတ်ထားကြောင်း သိကြသည်။ ရောမ ၅း၁၂-၂၁ နှင့် အခြားသော ကျမ်းပိုဒ်များတွင် ရှင်ပေါလုက ဘုရားသခင့် ရှေ့တော်တွင် အာဒံ၏ အပြစ်သည် အလွန်တရာ လေးနက်ထူးခြားလှသဖြင့် လူသားမျိုးနွယ်ကို အနတ္တဘဝနှင့် ထာဝရ တရားစီရင်မှု ခံယူရန် ဘုရားသခင် စီရင်ချက်ချခဲ့ကြောင်း သွန်သင်ထားခဲ့သည်။ သို့သော် ရှင်ပေါလု ရှင်းပြခဲ့သလိုပင် ကားတိုင်ပေါ်တွင်

ဆင်းရဲခံ၊ အသေခံသည့်တိုင်အောင် ဘုရားသခင့်ထံ ယေရှု၏ ပြီးပြည့်စုံသော နာခံခြင်းသည် ဘုရားသခင့် ရှေ့တော်၌ အလွန်တရာ လေးနက်ထူးခြားလှသဖြင့် ဘုရားသခင်၌ ယုံကြည်သူ အားလုံး အတွက် ထာဝရ အသက်ကို ကိုယ်တော် ယူဆောင်ပေးခဲ့သည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်းပြီး ၁ကော ၁၅း၂၁-၂၂ နှင့် ယေရှု၏ လူ့ဇာတိအဖြစ်တော် လေးနက်ထူးခြားသည့် အပေါ် ရှင်ပေါလု အလေးပေးပုံတို့ကို နားထောင်ကြည့်ပါ။ ရှင်ပေါလုရေးသည်မှာ

> သို့ဖြစ်၍ လူအားဖြင့် သေခြင်းတရားသည် တည်သကဲ့သို့ သေသောသူတို့၏ ထမြောက်ခြင်းတရားသည် လူအားဖြင့် တည်လျက်ရှိ၏။ လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ ရောက်သည့်နည်းတူ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့ (၁ကော ၁၅း၂၁-၂၂)။

ကယ်တင်ခြင်းသည် ဘုရားသခင့်ကျေးဇူးတော်က ပေးကမ်းသော အခမဲ့ ဆုကျေးဇူးဖြစ်သည် ဟူသော အယူအဆနှင့် ကျွန်ုပ်တို့ အသားကျလွန်းရကား ကျွန်ုပ်တို့ အများစုသည် ရှင်ပေါလုအား ဤကဲ့သို့ တစ်ခုခု ရေးသားခဲ့မည်ဟု မျှော်လင့်ထားနိုင်ခဲ့ကြပါသည်။ သို့ဖြစ်၍ လူအားဖြင့် သေခြင်းတရားသည် တည်သကဲ့သို့ *ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် သေသောသူတို့၏* ထမြောက်ခြင်းတရားသည် တည်လျက် ရှိ၏။ ယခုတွင် ခရစ်တော်၌ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဖြစ်သောကြောင့် ဤအရာသည်လည်း သေချာပေါက် အမှန်တရား ဖြစ်ရပါလိမ့်မည်။ သို့သော် *ဤနေရာ၌* ၎င်းကို ရှင်ပေါလု အလေးအနက် ထားနေခြင်း မဟုတ်ပါ။

ထိုအစား ရှင်ပေါလုက တစ်ယောက်သောသူ (ဝါ) အာဒံ အားဖြင့် သေခြင်းတရား ဝင်သည့်နည်းတူ သေခြင်းတရားမှ ထမြောက်ခြင်း (ဝါ) ကယ်တင်ခြင်း၏ ပန်းတိုင် သည်လည်း ခရစ်တော်တည်း ဟူသော တစ်ယောက်သောသူ အားဖြင့် ဝင်လာသည်။ ပထမဆုံးသော လူသားအဖြစ် (ဝါ) ပထမဆုံးသော ဘုရားသခင့် ပုံသဏ္ဌာန်တော်အဖြစ် အာဒံသည် ဘုရားသခင့်နိုင်ငံတော် ရည်ရွယ်ချက်များကို အလုပ်အကျွေး ပြုရန် ကျရှုံးခဲ့ပြီး သေခြင်းတရားကိုလည်း ကျွန်ုပ်တို့ လူအပေါင်းတို့ထံ ယူလာခဲ့သည်။ သို့သော် ဘုရားသခင်သည် သူ၏ နိုင်ငံတော်အား လူသားများအားဖြင့် မြေကြီးပေါ်မှာ တည်ထောင်မည် ဆိုသည့် အမိန့်ဒီကရီကို မည်သည့်အခါတွင်မျှ မှောက်လှန်ပစ်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ ဖြောင့်မတ်သော၊ ပြီးပြည့်စုံစွာ နာခံသော ဘုရားသခင့်ပုံသဏ္ဌာန်တည်းဟူသော *လူတစ်ယောက်* သည် အာဒံ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည့် အရာကို အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်ဖို့ လိုအပ်ခဲ့ပါသည်။ နှစ်ထောင်ပေါင်းများစွာ ကြာအောင် ဘုရားသခင့် သစ္စာရှိ လူများက ထိုသို့သောပုဂ္ဂိုလ် ပေါ်ထွန်းလာဖို့ ဆုတောင်းခဲ့ကြသည်။ သို့ဖြစ်လျှင် ခရစ်တော်သည် ကယ်တင်ခြင်းကို ဆောင်ယူပေးသော၊ ဘုရားသခင်၌ ယုံကြည်သူ ရှိသမျှ အတွက် ဘုရားသခင့် နိုင်ငံတော်တွင် ရှင်ပြန်ထမြောက်စေမည့် အသက်ကို ဆောင်ယူပေးသော ဖြောင့်မတ်သည့်လူ ပင်ဖြစ်သည်။

> ယေရှုသည် ဘုရားသခင်၏ ပြီးပြည့်စုံသော ပုံသဏ္ဌာန်တော်ပင် ဖြစ်သည်။ ယေရှုသည် ဒုတိယ အာဒံ ဖြစ်သည်။ ၁ကော ၁၅း၄၅ တွင် ကျွန်ုပ်တို့ ဖတ်ရသလို ဘုရားသခင်၏ အစွမ်းတန်ခိုး ကိုယ်တိုင်အမှန် ဖြစ်တော်မူသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နောက်ဆုံးဖြစ်သော အာဒံ လည်း ဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်၏ အထူးတန်ခိုးတော်သည် ယေရှု၏ ပြီးပြည့်စုံမှုတွင် ထင်ရှားဖော်ပြသည်။ အကြောင်းမှာ သူသည် အပြစ်ကို မကျူးလွန်သော လူသား၊ အပြစ်နှင့် မွေးဖွားလာသော လူသားမဟုတ်သောကြောင့် ဖြစ်သည်။ မဿဲ ၁း၁၈-၂၀ ကို ကြည့်လျှင် ယေရှု၏ စိတ်ဝိညာဉ်သည် ယောသပ် သို့မဟုတ် မာရိ သို့မဟုတ် အာဒံ၏ မျိုးရိုးမှ မလာခဲ့ဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏ အထံတော်မှ လာခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ သို့ဖြစ်၍ သူသည် လူ့အသွေးအသားကို ယူတင်ထားသည့်တိုင် သူ့ဘဝ အသက်တာသည် အတွင်း သန္တာန်မှာပင် ပြီးပြည့်စုံသော အသက်တာ၊ အတွင်းသန္တာန်မှာပင် သန့်ရှင်းသော အသက်တာ ဖြစ်သည်။

**Yohanes Praptowarso, Ph.D.**

ယခုတွင် နောက်ဆုံးဖြစ်သော အာဒံ ဖြစ်ရုံမျှမက ခရစ်တော်သည် ဘုရားသခင်၏ ယဇ်ပုရောဟိတ် အဖြစ်သာမက နိုင်ငံတော်၏ အဆုံးပိုင်း အဆင့်များအတွင်း ရှင်ဘုရင် အဖြစ် အလုပ်အကြွေးပြုကြောင်းကိုလည်း ဓမ္မသစ်က အထူးပြုထားသည်။

**ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်** ကနဦးတွင် အာဒံနှင့် ဧဝတို့သည် တော်ဝင် ယဇ်ပုရောဟိတ်များ အဖြစ် ဘုရားသခင်ကို အလုပ်အကြွေး ပြုခဲ့ကြကြောင်း သင်တို့ ပြန်အမှတ်ရကြပါလိမ့်မည်။ ဘုရားသခင်သည်လည်း သူ၏ ယဇ်ပုရောဟိတ် နိုင်ငံအဖြစ် သူ့အား အလုပ်အကြွေး ပြုစေရာ၌ လူသားမျိုးနွယ် တစ်ခုလုံးကို ဦးဆောင်ဦးရွက်ပြုရန် ဣသရေလ လူမျိုးကို ခေါ်ယူခဲ့သည်။ ဣသရေလသည် အတောင်အလက်စုံသော နိုင်ငံတော်အဖြစ် ကြီးထွားလာသည်နှင့်အမျှ ဘုရားသခင်သည်လည်း ယဇ်ပုရောဟိတ်များနှင့် ဘုရင်များ၊ အထူးသဖြင့် ဒါဝိဒ်နှင့် သူ၏ နန်းဆက်ကို မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်များ အဖြစ် ဘိသိတ်ပေးခဲ့သည်။ ထို့ကြောင့်ပင် ဟေဗြဲ ဩဝါဒစာရေးသူက ခရစ်တော်၏ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ် ဖြစ်ခြင်းသဘောကို အထပ်ထပ် အခါခါ အလေးအနက် ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ဟေဗြဲ ၄း၁၄ တွင် ရေးထားသည်မှာ

> ယခုမူကား ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်း အကြီးတည်း ဟူသော ဘုရားသခင်၏ သားတော် ယေရှုသည် ငါတို့၏ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသောကြောင့် ငါတို့သည် ဝန်ခံခဲ့ပြီးသော အရာ၌ တည်ကြည်ကြကုန်အံ့ (ဟေဗြဲ ၄း၁၄)။

ကားတိုင်ပေါ်တွင် အသေခံသောအခါ ယေရှုသည် မိမိကိုယ်ကို အပြစ်အတွက် နောက်ဆုံး အပြီးသတ် ယဇ်အဖြစ် ပူဇော်ခဲ့သည်။ သူ့ကို ယုံကြည်သမျှသောသူတို့ ကိုယ်စား ဘုရားသခင်၏ အပြစ်ဒဏ် စီရင်ချက်ကို မိမိကိုယ်ပေါ် ယူတင် ဝတ်ဆောင်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုမှျမက ဓမ္မသစ်ကလည်း ဒါဝိဒ် အိမ်ထောင်စုမှ ဆင်းသက်ပြီး ဖြောင့်မတ်၍ ဘိသိတ်ခံသော အရှင်သည် ဒါဝိဒ်၏ ထီးနန်း အပေါ်တွင် အစဉ်အမြဲ ထိုင်တော်မူမည့်အကြောင်းပေါ် အထူးပြုထားသည်။ ရှင်လုကာ ၁း၃၂-၃၃ တွင် ယေရှု ဖွားမြင်ခြင်းခံမည့်အကြောင်း မာရိသို့ ကောင်းကင်တမန် ဂါဗြေလက မာရိသို့ ကြေငြာပေးပုံကို နားထောင်ကြည့်ပါ။

> ထိုသားသည်ကား ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘ ဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရ အရှင် ဘုရားသခင်သည် သူ့အားပေးတော်မူမည် (လုကာ ၁း၃၂-၃၃)။

ခရစ်တော်သည် ဒါဝိဒ် အိမ်ထောင်မိသားစုမှ ဆင်းသက်သော မင်းစည်းစိမ်ရှိသည့် ယဇ်ပုရောဟိတ်တာဝန်ကို ပြီးပြည့်စုံစွာ ဖြည့်ဆည်းပေးခဲ့သည်။ သူ၏ ဦးဆောင်မှုအောက်တွင် ဘုရားသခင်၏ နိုင်ငံတော်သည် ဘယ်သောအခါမျှ ဆုံးခြင်း ရှိလိမ့်မည် မဟုတ်တော့ပေ။ ဘုရားသခင့်နိုင်ငံတော် ရည်ရွယ်ချက်များသည်လည်း ယေရှု၏ အုပ်စိုးခြင်းအားဖြင့် ပြည့်စုံလာလိမ့်မည် ဖြစ်သည်။

ဓမ္မသစ်ကာလ ဘုရားသခင့် နိုင်ငံတော်၏ လူများ အကြောင်းကို ကျွန်ုပ်တို့ စဉ်းစားသည့်အခါ ခရစ်တော်သည် အာဒံ၊ ဣသရေလနှင့် ဒါဝိဒ်၏ အိမ်သူအိမ်သားများသို့ ဘုရားသခင် အပ်ပေးသော အလုပ်အကြွေးတာဝန်ကို ပြီးပြည့်စုံစေသည့် အမြင့်ဆုံးသော ဘုရားသခင့် ပုံသဏ္ဌာန်တော်ပင် ဖြစ်သည်။ သို့ရာတွင် စစ်မှန်သော ယုံကြည်သူ ရှိသမျှသည် ခရစ်တော်နှင့် တွဲဆက်ထားကြသဖြင့် ယခုအခါ အသင်းတော်သည် ဘုရားသခင့် နိုင်ငံတော်၏ လူများ အဖြစ်ဖြင့် အလုပ်အကြွေးပြုနေသည် ဆိုသည့်အပေါ် ဓမ္မသစ်က အလေးအနက်ထားလျက် ရှိပါသည်။

## ယုံကြည်သူများ

ဓမ္မသစ်ကာလအမှန်တကယ် အစပြုခဲ့ချိန်က ခရစ်ယာန် အသင်းတော်သည် ဂျူးလူမျိုးသန့်သန့်များသာ ရှိသည့် အသင်းတော်ဟု ဆိုရလောက်နီးနီး ဖြစ်ခဲ့သည်။ ထိုသူတို့သည် နောင်တရ၍ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို စိတ်ချယုံကြည်ကြသည့် အာဗြဟံ၏ လူမျိုးနှင့် ဆိုင်သော သားမြေးများ ဖြစ်ကြသည်။ ယေရှုနှင့် သူ၏ တမန်တော်များ၊ ပရောဖက်များသည် ဂျူးလူမျိုးများ ဖြစ်ကြသည်။ ပင်တေကုတ္တေနေ့ကို ယုံကြည်သူ အယောက်တိုင်းသည် ဂျူးများ ဖြစ်ကြသည်။ ဓမ္မသစ် ခေတ်ကာလ၏ အဆိုပါ စောစောပိုင်း အချိန်များတွင် ဘုရားသခင်သည် သစ္စာရှိသော ဂျူး အကြွင်းအကျန်များကို ကတိတော်နယ်မြေအတွင်း ရှင်သန်နေကြသူများနှင့် တပါးအမျိုးသားတို့အကြား ပြန့်ကျဲနေထိုင်သူများထဲမှ ပြန်စုဝေးစေခဲ့သည်။

သို့သော် သိပ်မကြာမီမှာပင် အတော်ပင် အံ့သြစရာ ကောင်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်လာခဲ့သည်။ တပါးအမျိုးသားများကို ဘုရားသခင့်နိုင်ငံတော်ထဲ အများအပြား ဆောင်သွင်းခြင်းဖြင့်အာဗြဟံနှင့် သူ၏ အမျိုးအနွယ်သည် ဘုရားသခင့် နိုင်ငံတော်၏ ကောင်းချီးများကို

ဖြန့်ကျက်တိုးချဲ့စေမည့်အကြောင်း သူ၏ ကတိတော်ကို ဘုရားသခင်သည် စတင် ဖြည့်ဆည်းခဲ့သည်။ ထို့ကြောင့်ပင် ဓမ္မသစ်သည် တပါးအမျိုး ယုံကြည်သူများ အပါအဝင် ခရစ်တော်၏ နောက်လိုက်မှန်သမျှကို အသစ်ပြင်ဆင်ထားသော ဘုရားသခင့် ပုံသဏ္ဍာန်တော်များဟု ခေါ်ဆိုထားသည်။ ဧဖက် ၄း၂၄ တွင် ရှင်ပေါလု ရှင်းပြထားသလို ယုံကြည်သူများသည်

> မှန်သော ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း ပါရမီအားဖြင့် ဘုရားသခင်နှင့် အတူအမျှ ဖန်ဆင်းသောလူသစ်ကို ယူတင် ဝတ်ဆောင်မည့်အကြောင်း (ဧဖက် ၄း၂၄)။

ထို့ကြောင့်ပင် ၁ပေ ၂း၉ တွင် ရှင်ပေတရုက ဓမ္မသစ် အသင်းတော်ကို ဖော်ပြသည့်အခါ ဂျူးရော တပါးအမျိုးများပါ ပါဝင်သော ဘုရားသခင်၏ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်အမျိုးဟု ဖော်ပြထားခြင်း ဖြစ်သည်။ ထိုနေရာတွင် သူရေးထားသည်မှာ

> သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဖွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးကို ဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသော အမျိုး ဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း ဖြစ်ကြ၏ (၁ပေတရု ၂း၉)။

ဤနေရာတွင် ရှင်ပေတရုသည် ထွက်မြောက်ရာ ၁၉း၆ကို ရည်ညွှန်းကိုးကားထားသည်။ ထိုနေရာတွင် ဘုရားသခင်က ဣသရေလ လူမျိုးအား ယဇ်ပုရောဟိတ်တို့၏ နိုင်ငံတော်ဟု ခေါ်ဆိုထားသည်။ သို့ရာတွင် ရှင်ပေတရုသည် အဆိုပါ စကားလုံးများကို ဂျူးနှင့် တပါးအမျိုးသား အားလုံးပါဝင်သော အသင်းတော် အတွက် လက်တွေ့အသုံးပြုထားခဲ့သည်။

မြေကြီးပေါ်က လူမျိုးနွယ်တိုင်းရှိ ခရစ်တော်၏ နောက်လိုက်များကို အာဗြဟံ၏ မိသားစုထဲသို့ သားသမီး အဖြစ် မွေးစားယူထားသဖြင့် ခရစ်ယာန် အသင်းတော် တစ်ခုလုံးသည် "ရွေးချယ်တော်မူသော အမျိုး၊ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်၊ သန့်ရှင်းသောလူမျိုး၊ ဘုရားသခင်၏ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း" ဖြစ်ကြသည်။ ခရစ်တော်၏ နောက်လိုက်ရှိသမျှသည် လောကီ ကမ္ဘာထဲတွင် ဘုရားသခင်၏ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်များ အဖြစ် အလုပ်အကြွေး ပြုသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် "ခရစ်တော်၏ ဂုဏ်ကျေးဇူးများကို ဖော်ပြကြသည်"။ လောကီသားများကို ဘုရားသခင့် ကောင်းချီးမင်္ဂလာများထဲသို့ ခေါ်သွင်းသူများ အနေဖြင့် ဣသရေလထံ ကနဦး အပ်ပေးသော သာသနာကိုလည်း ဖြည့်ဆည်းကြသည်။

> ၁ပေ ၂း၈-၉ တွင် ရှင်ပေတရုက ဘုရားသခင့်လူများကို ၎င်းတို့ မည်သူဖြစ်သည်ကိုပြောပြထားသည်။ သူတို့သည် ရွေးချယ်တော်မူသော အမျိုးဖြစ်ပြီး စင်စစ်အားဖြင့် လောကီသားများထဲမှ ခေါ်ထုတ်ထားသော လူများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့ကို ဘုရားသခင် ပိုင်တော်မူသည်။ သို့သော် သူတို့သည် ရည်ရွယ်ချက်ရှိသောလူများ ဖြစ်ကြသည်။ ဆိုလိုသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အမှန်တကယ် ကြားဝင် ကိုယ်စားပြုနိုင်သည့် ကဏ္ဍတွင် ယဇ်ပုရောဟိတ်များ၏ ကဏ္ဍကို ပြုမူလုပ်ဆောင်ကြသည်။ သူတို့သည် ရှေးယဇ်ပုရောဟိတ်များလို ယဇ်ကောင် ပူဇော်ခြင်းမရှိလင့်ကစား လူတို့အတွက်၊ ဘုရားသခင့်လူတို့အတွက် သူတို့သည် အမှန်တကယ် ကြားဝင် အမှုဆောင်ပေးနိုင်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤနေရာတွင် ရည်ရွယ်ချက် တစ်ခုအတွက် ထားရှိသည်။ ဆိုလိုသည်မှာ စင်စစ် ကိုယ်တော်၏ ဂုဏ်ကျေးဇူးများကို ဖော်ပြခြင်းဖြင့် လူများစွာသည် ကိုယ်တော်ကို သိကျွမ်းပြီး ယုံကြည်လာရန် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကွဲပြားခြားနားသောသူများ ဖြစ်ဖို့အတွက်လည်း ကျွန်ုပ်တို့ကို ခေါ်ယူထားပါသည်။ စင်စစ် ကျွန်ုပ်တို့သည် သန့်ရှင်းသော လူမျိုးဖြစ်သည်ဟုလည်း ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် သီးခြားဖယ်ထားသူများ ဖြစ်ရပါသည်။
>
> **ဒေါက်တာ Vuyani Sindo**

ယခုတွင် ဓမ္မသစ်ကာလ ဘုရားသခင့်နိုင်ငံတော်၏ တည်ရာဌာနနှင့် နိုင်ငံတော်၏ လူများ အကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ ဓမ္မသစ်ကာလအတွင်း နိုင်ငံတော် တိုးတက်လာမှုဆီသို့ လှည့်ကြပါမည်။

# တိုးတက်မှု

နည်းအမျိုးမျိုးဖြင့် ဓမ္မသစ်ကာလ ဘုရားသခင့်နိုင်ငံတော် တိုးတက်လာမှုသည် ကျမ်းစာထဲမှာ ကျွန်ုပ်တို့တွေ့ရသည့် အခြေခံအကျဆုံး သွန်သင်ချက်တစ်ခု ဖြစ်သည်။ ၎င်းသည် အလွန် အခြေခံကျလွန်းရကား ပထမ ရာစုနှစ် ဂျူးလူမျိုး အများစုသည် ယေရှုကို မေရှိယအဖြစ်မှ ငြင်းပယ်ခဲ့ကြသည်။ ယေရှု ကာလ၌ ဂျူးများအကြား များစွာသော ဂိုဏ်းဂဏခွဲများ၊ အသင်းအဖွဲ့များ ရှိနေခဲ့ကြသည်။ သူတို့အကြောင်း ကျွန်ုပ်တို့အများစု ကြားဖူးပြီး ဖြစ်ပါသည်။ ယေရုရှလင်တွင် သြဇာတိက္ကမကြီးသော ဖာရိရှဲနှင့် ဇဒ္ဒုကဲများ၊ အကြမ်းဖက်သောနည်းဖြင့် ရောမတို့ကို ဖြိုဖျက်ရန် ကြံစည်နေကြသည့် ဘာသာရေးတက်ကြွလှုပ်ရှားသူများ၊ လောကီကို စွန့်ခွာပြီး တောကန္တာရထဲ ဒုက္ကရ စရိယာ ကျင့်ကြံနေထိုင်သူများ စသဖြင့် ရှိကြသည်။ သူတို့၌ ထိုမျှ ကွဲပြားခြားနားမှုများ ရှိနေလင့်ကစား သူတို့အားလုံး မျှော်လင့်ထားခဲ့ကြသည်မှာ မေရှိယသည် မကြာမတင် ပေါ်လာ၍ ကမ္ဘာတစ်လွှား ဆိုးညစ်မှု အပေါ် ဘုရားသခင့်နိုင်ငံတော်အတွက် အဆုံးအဖြတ် အောင်ပွဲကို အလျင်အမြန် ရယူပေးမည့် အကြောင်းပင် ဖြစ်သည်။ သို့သော် ယေရှုနှင့် သူ၏ ပထမ ရာစု တမန်တော်များ၊ ပရောဖက်များသည် နေရာ အနှံ့ ပြန့်နှံ့နေသော ဤမျှော်လင့်ချက်ကို စိမ်ခေါ် ခဲ့ကြသည်။ ယေရှုကိုယ်တိုင် မရှင်းပြသေးမီ အချိန်ထိ ဝှက်ထားသော အရာကိုသာ သူတို့ ကြေပြာခဲ့ကြသည်။ ယေရှုသည် မေရှိယပင် ဖြစ်သည်။ သို့သော် သူသည် ရှည်ကြာသော အချိန်ကာလအတွင်း ဘုရားသခင့်နိုင်ငံတော်ကို မြေကြီးပေါ်သို့ ဆောင်ကြဉ်းလာမည် ဖြစ်သည်။

မဿဲ ၁၃း၃၁-၃၂ ၌ ဘုရားသခင့်နိုင်ငံတော်သည် မြေကြီးပေါ်သို့ မည်သို့မည်ပုံ ရောက်လာမည့် အကြောင်း ယေရှုရှင်းပြထားပုံကို နားထောင်ကြည့်ပါ။

> ကောင်းကင် နိုင်ငံတော်သည် လယ်၌ စိုက်သော မုန်ညင်းစေ့နှင့် တူ၏။ မုန်ညင်းစေ့သည် အစေ့တကာတို့ထက် ငယ်သော်လည်း ကြီးပွားသောအခါ မြက်ပင်တကာတို့ထက် ကြီးသဖြင့် မိုးကောင်းကင်ငှက်တို့သည် လာ၍ အကိုင်းအခက်တို့၌ နားနေမီခိုလောက်သော အပင်ဖြစ်တတ်သည်ဟု မိန့်တော်မူ၏ (မဿဲ ၁၃း၃၁-၃၂)။

ဤပုံဥပမာတွင် ဘုရားသခင့် နိုင်ငံတော်သည် ရုတ်ခြည်း ချက်ခြင်း အုတ်အော်သောင်းနင်း ပေါ်လာမည့်အစား မုန်ညင်းစေ့ကဲ့သို့ သေးငယ်မှုဖြင့် အစပြုမည်ဟု ကြေငြာခဲ့သည်။ သို့သော် ဘုရားသခင့် နိုင်ငံတော်သည် အချိန်နှင့် အမျှ တိုးတက်ကြီးပွား၊ ပြန့်ကား၍ ကြီးမားသော မုန်ညင်းပင်ကဲ့သို့ ဖြစ်လာပေလိမ့်မည်။ ဓမ္မသစ်၏ ကျန်အပိုင်းအားလုံးက ကျွန်ုပ်တို့အား ပြောပြနေသည့်အတိုင်း ဘုရားသခင့် နိုင်ငံတော်သည် ယေရှု၏ မြေကြီးပေါ် အမှုဆောင်မှုနှင့် အတူ အတော်ပင် သေးငယ်ပြီး တိတ်ဆိတ်သော ပုံစံဖြင့် အစပြုခဲ့သည်။ သို့သော် ခရစ်တော်ပြန်ကြွလာချိန် အဆုံး၌ကား သူ၏ နိုင်ငံတော်သည် ကမ္ဘာမြေကြီးတခွင်လုံးသို့ တိုးချဲ့ပြန့်နှံ့သွားပေလိမ့်မည်။

ဤသွန်သင်ချက်နှင့် အညီ ဓမ္မသစ်ကာလ ဘုရားသခင့်နိုင်ငံတော် တိုးတက်လာမှု အကြောင်းကို အဓိကကျသော အဆင့်သုံးဆင့်အတွင်း ဖွင့်လှစ်ဖော်ပြလာသည့်အနေဖြင့် ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ပထမ အဆင့်သည် ခရစ်တော်နှင့် သူ၏ ပထမရာစုနှစ် တမန်တော်များ၊ ပရောဖက်များ၏ အမှုတော်များ၌ ဖြစ်ပေါ် ခဲ့သည့် နိုင်ငံတော် အစပြုမှု အဆင့်ဖြစ်သည်။ လွန်ခဲ့သော နှစ် နှစ်ထောင်ကျော်က ယေရှုသည် ဘုရားသခင်၏ ဘုန်းနှင့် ပြည့်ဝသော နိုင်ငံတော်၏ အဆုံးသတ် အောင်မြင်သော အဆင့်ကို မြေကြီးပေါ်တွင် အစပြုပေးခဲ့သည်။ ထို့ကြောင့်ပင် ဧဖက် ၂း၂၀ တွင် တမန်တော် ရှင်ပေါလုက အသင်းတော်ကို ပြောဆိုထားပုံမှာ

> တမန်တော်တို့မှ စ၍ ပရောဖက်များတည်း ဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက် ရှိကြ၏ (ဧဖက် ၂း၂၀)။

ခရစ်တော်၌ ဘုရားသခင့်နိုင်ငံတော်၏ ဒုတိယ အဆင့်ကို နိုင်ငံတော် အလျဉ်မပြတ် ဆက်လက်တည်ရှိခြင်းဟု ကျွန်ုပ်တို့ ခေါ်ဆိုပါမည်။ ဤကာလသည် အသင်းတော်သမိုင်းတလျှောက် ဘုရားနိုင်ငံတော် ကြီးထွားလာရာ အချိန် ကာလရှည် တစ်ခုပင် ဖြစ်သည်။ ဤအချိန်အတောအတွင်း ခရစ်တော်သည် ကမ္ဘာအနှံ့ ဧဝံဂေလိသတင်းစကား ဆင့်ဆို ဟောပြောသောအားဖြင့် သူ၏ နိုင်ငံတော်ကို ဆက်လက် ချဲ့ထွင်သည်။ ဘုရားသခင့် နိုင်ငံတော်ကို တိုးချဲ့ဖြန့်ကျက်ခြင်းသည် သူတို့၌ အမြင့်ဆုံး ဦးစားပေးမှု ဖြစ်စေရန် ခေါ်ယူသည်။ မဿဲ ၆း၃၃၌ ယေရှုကြေငြာထားသကဲ့သို့ပင်

> ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း တရားတော်ကို ရှေ့ဦးစွာ ရှာကြလော့ (မဿဲ ၆း၃၃)။

နေ့စဉ် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင့်နိုင်ငံတော် တိုးတက်ကျယ်ပြန့်လာမှု (ဝါ) အလုံးစုံသော ကမ္ဘာမြေ အနှံ့အပြား ဘုရားသခင်၏ ဖြောင့်မတ်စွာအုပ်စိုးတော်မူခြင်းကို ကျွန်ုပ်တို့ ရှာကြရပါမည်။

ခရစ်တော်၌ ဘုရားနိုင်ငံတော် တတိယ အဆင့်သည် အနာဂတ်၌ ဘုရားသခင့် နိုင်ငံတော် ပြီးပြည့်စုံခြင်း အဆင့်ဖြစ်သည်။ ဤ အချိန်သည် ခရစ်တော် နောက်တဖန် ပြန်ကြွလာချိန် ဖြစ်ပြီး လောကီကမ္ဘာတစ်ခုလုံးကို သူ၏ နိုင်ငံတော်အဖြစ် ပြောင်းလဲစေမည့် ဘုရားသခင့် အကြံတော်ကို ပြီးပြည့်စုံစေသည့်အချိန်လည်း ဖြစ်သည်။ ဗျာဒိတ် ၁၁း၁၅ ၌ ဘုရားသခင့်နိုင်ငံတော်၏ အဆုံးသတ် အဆင့်အကြောင်း ယောဟန် ဖော်ပြထားပုံကို နားထောင်ကြည့်ပါ။

> သတ္တမကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ ကောင်းကင်ဘုံ၌ ကြီးသော အသံတို့ကား လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီ။ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်ဟု ပြောဆိုကြ၏ (ဗျာဒိတ် ၁၁း၁၅)။

မြေကြီးပေါ်သို့ ခရစ်တော်ပြန်ကြွဆင်းလာချိန်တွင် ဘုရားသခင်၏ ရန်သူရှိသမျှကို သူ အနိုင်ယူလိမ့်မည် ဖြစ်ပြီး လောကီနိုင်ငံတော်သည်လည်း ဘုရားသခင်နှင့် သူ၏ ခရစ်တော်တို့ ပိုင်ဆိုင်သော နိုင်ငံတော် ဖြစ်လာပေလိမ့်မည်။ ထိုအချိန်မှစ၍ သူသည် "နေရာတိုင်းကို ထာဝရ အုပ်စိုးမည်" ဖြစ်ပါသည်။

ခရစ်တော်၏ နောက်လိုက်များ အဖြစ်ဖြင့် နိုင်ငံတော် အစပြုမှုအတွင်း ကိုယ်တော်ပြီးစီးအောင်မြင်ခဲ့သမျှတို့ကို ကျွန်ုပ်တို့ နောက်ပြန်လှည့်ကြည့်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ခန့်က ဖြစ်ပေါ် ခဲ့သော ယေရှု၏ အသက်တော်၊ အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်း နှင့် ကောင်းကင်တက်ကြွခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းခြင်းတို့၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းကို ကျွန်ုပ်တို့ အပ်နှံထားကြသည်။ နိုင်ငံတော် အလျဉ်မပြတ် ဆက်လက်တည်ရှိနေသည့် ကာလအတွင်းခရစ်တော် လုပ်ဆောင်နေသည့် အရာ၌လည်း ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းကို ကျွန်ုပ်တို့ ချမှတ်ထားပါသည်။ ကောင်းကင်သို့ တက်ကြွသွားသော ခရစ်တော်၏ လမ်းပြဦးဆောင်မှုအောက်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်၌ အသင်းတော်သည် လူမျိုးအပေါင်းတို့ အကြား သတင်းကောင်းကို ဆက်လက် ဖြန့်ကျက်နေစေလျက် ရှိပါသည်။ ဟုတ်ပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းတို့ကို အနာဂတ် နိုင်ငံတော် အပြီးသတ် တည်ထောင်မည့် အချိန်တွင် ခရစ်တော် လုပ်ဆောင်လတ္တံ့သော အရာ၌လည်း ကျွန်ုပ်တို့ နေရာချထားပါသည်။ ခရစ်တော်သည် ဘုန်းတော်နှင့်တကွ ပြန်လည် ကြွဆင်းလာပြီး ဘုရားသခင့် ဘုန်းတော်နှင့် ပြည့်သည့် ဖန်ဆင်းခြင်းသစ်ကို အပြည့်အဝ ဆောင်ယူလာပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤသင်ခန်းစာတွင် ဘုရားသခင်၏ နိုင်ငံတော် (ဝါ) ဓမ္မဟောင်းတွင် ပေါ်ပေါက်ခဲ့သမျှ အရာရာတို့ကို အတူတကွ တွဲဆက်ထုံးဖွဲ့ပေးထားသည့် ပေါင်းစည်းညီညွတ်သော အာဘော် ကို ကျွန်ုပ်တို့ အစပြုမိတ်ဆက်ထားပါသည်။ ဘုရားသခင်သည် သမိုင်းကြောင်း အပေါ် တုနိုင်းဖက်ကင်းသော ပိုင်သအုပ်စိုးသူအဖြစ် အစဉ်အမြဲ ရှိနေခဲ့ပြီးဖြစ်သလို နောင်တွင်လည်း အစဉ်အမြဲ တည်နေတော်မူမည့်အကြောင်း ဓမ္မဟောင်း စာရေးသူအားလုံးက မည်သို့ မည်ပုံ အကျယ်သဘော ယုံကြည်ခဲ့ကြကြောင်းကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ သို့သော် ဘုရားသခင့်အုပ်စိုးမှုသည် အချိန်နှင့်အမျှ ပေါ်လွင်ထင်ရှားလာသည့် အရာဖြစ်ကြောင်း အကျဉ်းသဘောနှင့်လည်း သူတို့ ယုံကြည်ခဲ့ကြရကား ဘုရားသခင့် မိန့်မှာချက်များသည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံရလိမ့်မည်သာ ဖြစ်ပါသည်။ ဤ သမိုင်းပန်းတိုင်သို့ ရောက်ရှိလာခြင်းသည် ရှေးဦးကမ္ဘာ သမိုင်း၌ အစပြုခဲ့သည်။ ၎င်းသည် ဣသရေလ နိုင်ငံသမိုင်းရှိ ဘုရားသခင့် လုပ်ငန်းတော် အဖြစ် တိုးချဲ့သွားခဲ့သည်။ ထို့နောက် သမိုင်းအတွက် ထားရှိသော ဤပန်းတိုင်သည် ဓမ္မသစ်ကာလတွင် ခရစ်တော်၌ ပြည့်စုံခြင်းသို့ ရောက်ရှိသည်။

၎င်းသည် ရှုပ်ထွေးနိုင်ကြောင်း ဓမ္မဟောင်းကို လေ့လာသူဖူးသူတိုင်း သိထားကြသည်။ ထို့ကြောင့် ပုံရိပ်ကြီး တစ်ခုလုံးကို ထည့်သွင်းစဉ်းစားနေရန် အခါခပ်သိမ်း အရေးကြီးပါသည်။ ဓမ္မဟောင်းကျမ်းရေးသူများအားလုံးသည်လည်း ဘုရားသခင့် နိုင်ငံတော်အကြောင်း တူညီသော ယုံကြည်သက်ဝင်ချက်အစုံ ကို မျှဝေ ခံယူထားသူများ ဖြစ်သည့်အတိုင်း မြေကြီးပေါ်မှာ ဘုရားသခင့်နိုင်ငံတော်ကို တိုးချဲ့ ကျယ်ပြန့်ရေးအတွက် သူတို့၏ စာစောင်များကို သူတို့ရေးသားခဲ့ကြပါသည်။ ဘုရားသခင်သည် ကမ္ဘာကြီးကို သူ၏ နိုင်ငံတော် ဖြစ်လာစေရန် ရည်ရွယ် ဖန်ဆင်းခဲ့ကြောင်း၊ သူ ဖန်ဆင်းသော ကမ္ဘာကို သူ့ဘုန်းတော်ဖြင့် ဖြည့်လိမ့်မည် ဖြစ်ကြောင်း၊ နောင်တချိန်တွင် ဖန်ဆင်းခံ သတ္တဝါတိုင်းထံမှ ဆုံးစမရှိသော အချီးအမွမ်းကို ခံယူတော်မူလိမ့်မည် ဖြစ်ကြောင်း သူတို့ သိခဲ့ကြသည်။ ဤ အဆုံးသတ်ကို လူသားများ (ဝါ) သူ၏ ပုံသဏ္ဌာန်တော်များ အားဖြင့် ဘုရားသခင် ပြီးမြောက်စေတော်မူပါလိမ့်မည်။ ဆိုးညစ်သော စိမ်ခေါ်မှုများ ရှိနေလင့်ကစား ဤ နိုင်ငံတော်သည် ကျရှုံးလိမ့်မည် မဟုတ်ပါ။ ယေရှုသည် ဘုရားသခင့် ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေမည့်သူ ဖြစ်ကြောင်း နေရာတိုင်းတွင် ဓမ္မဟောင်းက ကြိုတင်မျှော်တွေးထားသည်။ ယေရှုသည် ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးပေါ်သို့ ဆောင်ယူလာပါလိမ့်မည်။ သူ၌ ယုံကြည်ခြင်းရှိသူ အားလုံးကိုလည်း ဘုန်းတော်နှင့် ပြည့်သော ထိုနိုင်ငံတော်အတွင်း သူနှင့်အတူ ဝမ်းမြောက်စွာ ထာဝရ စိုးစံရသောအခွင့်ကို ပေးသနားတော်မူပါလိမ့်မည်။